http://www.cherrythitsar.org



# ဦးကျော်ဝေ၏
# အတိုင်ပင်ခံရှေ့နေ ၂

http://www.cherrythitsar.org



ဖြန့်ချိရေး
မယ်နှင့်မောင် စာပေတိုက်
အမှတ် ၁၂၄၊ အခန်း ၁၀၊ ပထမထပ်
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း – ၂၄၃၆၁၄

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်ပြည်ထောင်စုသား
အားလုံး၏ ပဓာနကျသော

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၇၂၅/၂၀၀၃ (၈)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၆၈၀/၂၀၀၃ (၈)

မျက်နှာဖုံးဒီဇိုင်း – ရွှေလက်လှ
ပုံနှိပ်ခြင်း – ပထမအကြိမ်
အုပ်ရေ – ၁၀၀၀
ပုံနှိပ်ပြီးသည့်လ – ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး – ၁၂၀၀ ကျပ်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၉၊ လမ်း ၉၀၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ – ဦးကျော်ဇေယျ
စကားပြောနေသူများစာပေ (၀၃၈၄)
အမှတ် ၁၂၄၊ အခန်း ၁၀၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့

http://www.cherrythitsar.org

# ဦးကျော်ဇေယျ

## အတိုင်ပင်ခံရှေ့နေ (၂)

http://www.cherrythitsar.org

# မာတိကာ

**အခန်း (၁)**

နောက်ပြောင်ခြင်းကိစ္စ သိကောင်းစရာ
ဆွေးနွေးချက်များ ၁

**အခန်း (၂)**

ကားပိုင်ဆိုင်မှုကိစ္စ သိကောင်းစရာ
ဆွေးနွေးချက်များ ၅

**အခန်း (၃)**

မဆင်မချင်မောင်းနှင်သည့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၈

**အခန်း (၄)**

ကာကွယ်ခုခံခွင့်ကိစ္စ သိကောင်းစရာ
ဆွေးနွေးချက်များ ၁၂

**အခန်း (၅)**

တပည့်ကို ရိုက်နှက်ဆုံးမသည့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၁၈

**အခန်း (၆)**

မသမာစိတ်ဖြင့် တရားစွဲသည့်ကိစ္စ သိကောင်းစရာ
ဆွေးနွေးချက်များ ၂၂

**အခန်း (၇)**

ရှေ့နေငှားသင့် မသင့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၂၆

http://www.cherrythitsar.org

**အခန်း (၈)**
နိုင်ငံခြားသားနှင့် ထိမ်းမြားသည့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၃၁
**အခန်း (၉)**
ထိမ်းမြားကတိပျက်ကွက်သည့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၃၅
**အခန်း (၁၀)**
မပေါင်းသလို ပေါင်းသလိုမျိုးကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၃၉
**အခန်း (၁၁)**
လင်ယောကျ်ား ရူးသွပ်သည့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၄၆
**အခန်း (၁၂)**
စာချုပ်မရှိဘဲ ပေါင်းသည့်ကိစ္စ ကွာမည့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၄၉
**အခန်း (၁၃)**
လင်မယား ကွာ မကွာကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၅၃
**အခန်း (၁၄)**
မရိုက်မနှက် ရက်စက်ခြင်းကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၅၈
**အခန်း (၁၅)**
အိမ်ထောင်ရေးဖောက်ပြန်သည့်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၆၁
**အခန်း (၁၆)**
မယားခိုးမှု ဖြစ် မဖြစ်ကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၆၄
**အခန်း (၁၇)**
လင်မယားပိုင်းပစ္စည်းကိစ္စ
သိကောင်းစရာ ဆွေးနွေးချက်များ ၆၈

http://www.cherrythitsar.org

**အခန်း (၁၈)**

လက်ထက်ပွားပစ္စည်း ဟုတ် မဟုတ်

သိကောင်းစရာ ဆွေးနွေးချက်များ ၇၁

**အခန်း (၁၉)**

မယားကို ရိုက်နှက်ခြင်းကိစ္စ

သိကောင်းစရာ ဆွေးနွေးချက်များ ၇၅

**အခန်း (၂၀)**

လင်ယောကျ်ား၏ ရက်စက်ဖောက်ပြန်ခြင်းကိစ္စ

သိကောင်းစရာ ဆွေးနွေးချက်များ ၇၉

**အခန်း (၂၁)**

မိဘဘက်ပါတဲ့ ရည်းစားကိစ္စ

သိကောင်းစရာ ဆွေးနွေးချက်များ ၈၂

**အခန်း (၂၂)**

ထုတ်ဝေသူနှင့် စင်တင်ကလောင်ရှင်တို့ကြား ချုပ်ဆိုသည့်

စာချုပ်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ ၈၈

**အခန်း (၂၃)**

တိုက်ခန်းများ ပေါင်နှံသည်ဆိုသည့်ကိစ္စ

သိကောင်းစရာ ဆွေးနွေးချက်များ ၉၃

**အခန်း (၂၄)**

ငွေချေးသည်ဆိုသည့်ကိစ္စ

သိကောင်းစရာ ဆွေးနွေးချက်များ ၉၇

**အခန်း (၂၅)**

လာဘ်ပေးလာဘ်ယူကိစ္စ

သိကောင်းစရာ ဆွေးနွေးချက်များ ၁၀၁

**အခန်း (၂၆)**

ဆင်တူယိုးမှား ကုန်အမှတ်တံဆိပ်ကိစ္စ

သိကောင်းစရာ ဆွေးနွေးချက်များ ၁၀၈

# အခန်း (၁)

## နောက်ပြောင်ခြင်းကိစ္စ သတိပြုစရာ ဆွေးနွေးချက်များ

ကျွန်ုပ်။ ။မောင်မောင်လေးပါလား၊ သုတ်သီးသုတ်ပျာနဲ့ ဘယ်လို ဖြစ်လာတာလဲကွယ်။

မောင်မောင်လေး။ ။ဖေဖေက ဦးနဲ့တွေ့ပြီး မေးမြန်းစရာရှိတာတွေ မေးမြန်းခဲ့ဖို့ မှာလိုက်လို့ပါ။

ကျွန်ုပ်။ ။မင်းအဖေ ကိုယ်တိုင် လိုက်မလာရအောင် မင်းအဖေက တော်တော်အလုပ်များနေလို့လား။

မောင်မောင်လေး။ ။များတယ်လို့ပြောရင်လဲ ရတယ် ဦးရဲ့၊ ကျွန်တော့်ကိစ္စနဲ့ ဗျာများနေတာ။

ကျွန်ုပ်။ ။ကဲ ပြောစမ်းပါဦး၊ လာရင်းကိစ္စ။

မောင်မောင်လေး။ ။ပြီးခဲ့တဲ့အပတ် တနင်္ဂနွေနေ့က သူငယ်ချင်း အောင်အောင်အိမ်မှာ သူ့မွေးနေ့ပွဲ ကျင်းပပါတယ်၊ ကျွန်တော် အပါအဝင် သူငယ်ချင်း အတော်များများကို ဖိတ်တဲ့အတွက် မွေးနေ့လက်ဆောင်ပစ္စည်း ဝယ်ပြီး သွားခဲ့ပါတယ်။ ကျွန်တော့်လိုပဲ ယောကျ်ားလေး၊ မိန်းကလေး သူငယ်ချင်း အတော်များများ လက်ဆောင်ကိုယ်စီနဲ့ လာကြပါတယ်။ မွေးနေ့ပွဲရဲ့

http://www.cherrythitsar.org



အစပိုင်းဟာ ပျော်ကြပါးကြ၊ စားကြသောက်ကြ၊ ကကြ ခုန်ကြနဲ့ အတော်ပျော်စရာကောင်းပါတယ်။ လာကြသူတွေထဲမှာ အောင်အောင် တစ်ဖက်သတ် နောက်ပိုးနေတဲ့ ကောင်မလေးလဲ လာတယ်။ သူလဲ မွေးနေ့လက်ဆောင်ယူလာတယ်။ အောင်အောင်က ဒီကောင်မလေးနဲ့ ပတ်သက်လာရင် ကဲကဲဆတ်၊ သူပဲ ချစ်မယ်၊ တခြား ဘယ်သူကမှ မချစ်ရဘူး။ ကောင်မလေးကို တခြားယောကျာ်းလေး သူငယ်ချင်း တွေ စေ့စေ့ကြည့်ရင်တောင် မကြိုက်တတ်ဘူး။ ဒါတောင် ဟိုက ပြန်ချစ်သေးတာ မဟုတ်ဘူး။ တော်တော်အူတိုတဲ့ကောင်။ ကျွန်တော်က ဘာရယ် မဟုတ်ပါဘူး၊ ပျော်ချင်နောက်ချင်တဲ့ သဘောနဲ့ သူ့ကောင်မလေးယူလာတဲ့ လက်ဆောင်ပစ္စည်းထုပ် ကို ဖွက်ထားလိုက်မိတယ်။ သူကလဲ သူ့ကောင်မ လေး ယူလာတဲ့ လက်ဆောင်ပစ္စည်းကို အရမ်း ကြည့်ချင်နေပုံရတယ်။ ပရိသတ်စဲသွားလို့ မွေးနေ့ပွဲ သိမ်းလောက်တဲ့ အချိန်မှာ သူ့ကောင်မလေး ယူ လာတဲ့ လက်ဆောင်ပစ္စည်းကို လိုက်ရှာပါတယ်။ ရှာမတွေ့ဖြစ်တဲ့အခါ မျက်နှာကြီးနီပြီး တရှုးရှုး ဖြစ်ပါတယ်။ ဘယ်သူယူထားသလဲ၊ ဘယ်သူဖွက် ထားသလဲလို့ မျက်နှာကျောတင်းတင်းနဲ့ မေးပါ တယ်။ အတော်နာကစ်နေပုံရပါတယ်။ သူစိတ်ဆိုး မှန်းသိတဲ့အတွက် ကျွန်တော်က သူငယ်ချင်းတွေ ရပ်ရှင်သွားကြည့်ဖို့ ငွေ ၁၅၀၀/- ကျပ်နဲ့ရွေးရင် ပစ္စည်းပြန်ပေးမယ်လို့ ပြောလိုက်မိတယ်။ သူက ကျွန်တော် တောင်းတဲ့ငွေကို ဒေါသတကြီးနဲ့ ထုတ် ပေးတဲ့အတွက် ပစ္စည်းကို ဖွက်ထားတဲ့နေရာက

http://www.cherrythitsar.org



ပြန်ယူပေးလိုက်ပါတယ်။ မွေးနေ့ပွဲက အပြန်မှာ ကျန်သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်ပါတယ်။ သူပေးတဲ့ ၁၅၀၀ိ/-ကျပ်လဲ ကုန်ရော ဆိုပါတော့ ဦးရယ်။

ကျွန်ုပ်။ ။ဆက်ပြောပါဦးကွယ်။

မောင်မောင်လေး။ ။မွေးနေ့ပွဲတုန်းက ပြဿနာ သိပ်မတက်ခဲ့ပေမယ့် ဒီကိစ္စကို အောင်အောင်က အစာမကြေဘူး၊ နောက်တစ်နေ့ အောင်အောင်က ဖုန်းထဲကနေ ကျွန်တော့်ကို ရန်တွေ့ပါတယ်။ ဖေဖေသိသွားတော့ သူငယ်ချင်းအချင်းချင်း နောက်တာ စတာ ဖွေယူရမလားဆိုပြီး ဖုန်းထဲကနေ ပြန်ပြောရာက ဖေဖေ့စကားမှာ ဒေါသတွေပါကုန်တယ်။ နောက်ပိုင်းရက်မှာ အောင်အောင်က ကျွန်တော့်ကို အမှုဖွင့်တရားစွဲမယ်လုပ်တော့တာပါပဲ။ သူ့ဦးလေးက ရှေ့နေလေ။ အဲဒါ သူတို့ဘက်က တရားစွဲလို့ ရ မရ ဦးကို မေးခဲ့ဖို့ ဖေဖေက ခိုင်းတဲ့အတွက် ဦးဆီပြေးလာရတာပါပဲ။

ကျွန်ုပ်။ ။မင်းကတော့ ပျော်လို့ စလိုက် နောက်လိုက်တာပဲ၊ ဒီ စလိုက် နောက်လိုက်တဲ့ အပြုအမူဟာ ကောင်းတဲ့ အပြုအမူတော့ မဟုတ်ဘူးကွဲ့၊ ဥပမာနဲ့ ဦးပြောပြမယ်၊ ပြန်ပေးသမားတစ်ယောက် ဆိုပါတော့ကွယ်၊ မိဘတွေ သည်းသည်းလှုပ် ချစ်ရတဲ့ သမီးငယ်လေးကို ပြန်ပေးဆွဲ ဖွက်သိမ်းထားပြီး မိဘတွေဆီ အကြောင်းကြားတယ်၊ သမီးပြန်လိုချင်ရင် ငွေဆယ်သိန်းနဲ့ လာရွေးပါလို့ ဆိုတယ်။ ဒါဟာ ပြန်ပေးမှုလို့ ခေါ်တယ်။ နွားရှင်ရဲ့ နွားတစ်ကောင်ဟာ ညဘက်မှာ ပျောက်သွားတယ်။ လူတစ်ယောက်

http://www.cherrythitsar.org



က နွားရှင်ထံရောက်လာပြီး ငွေ ဘယ်ရွေ့ဘယ်မျှ ပေးရင် ပျောက်သွားတဲ့ နွားရှိရာနေရာကို ညွှန်ပြမယ် လို့ ဆိုတယ်။ ဒါဟာလဲ ခိုးမှုပဲ။ မင်းရဲ့လုပ်ရပ်ဟာ အဲဒီအမှုကြီးတွေလောက် ပြစ်မှုရည်ရွယ်ချက် မပါ ဘူး။ လုပ်ရပ် မကြီးမားဘူးဆိုပေမယ့် သဘော သဘာဝအားဖြင့် ခိုးမှုအမျိုးအစားမှာ အကြုံးဝင်နေ တယ်လို့ ဆိုနိုင်တယ်။ (ပြစ်မှုကျူးလွန်ရာ၌ တရားခံ သည် မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုသည်ဆိုခြင်းကို တရားရုံးများက စဉ်းစားလေ့မရှိသဖြင့် ပစ္စည်းကို အမြဲတမ်း ယူရန် ရည်ရွယ်ချက်မရှိ၊ လက်ဆောင် တောင်းရန် ရည်ရွယ်ချက်နှင့် ယူထားခြင်းပင်ဖြစ်လင့် ကစား တရားခံ၏ ပြုလုပ်မှုသည် ပြစ်မှုမြောက် သည်) လို့ စီရင်ထုံးအမှုတစ်ခုမှာ လမ်းညွှန်ဆုံးဖြတ် ထားတာရှိတယ်။ ဒါကြောင့် မင်းရဲ့လုပ်ရပ် မှားယွင်း တဲ့အပြင် မင်းအဖေကပါ ရန်တွေ့လိုက်တယ်ဆို တော့ ဟိုဘက်က ပိုပြီး မခံချင်ဖြစ်တော့မှာပေါ့။ ဒီတော့ မင်းအဖေကို ပြောလိုက်၊ မင်းကော မင်း အဖေကော ဟိုဘက်ကလူကြီးတွေဆီ သွားတောင်း ပန်ဖို့ ဦးက မှာလိုက်တယ်လို့ပြော။ တို့လူမျိုးဟာ တောင်းပန်ရင် ကြေတတ်ကြပါတယ်ကွယ်၊ မှားတဲ့ သူဘက်က ဘာ မတောင်းပန်ရဲစရာရှိလဲ။ ဦးကလဲ အောင်အောင်ရဲ့ ဦးလေးရှေ့နေကို လူသာမန်တို့ အရေးမယူလောက်အောင် သေးနုပ်တဲ့ကိစ္စရပ်ဖြစ်လို့ တောင်းပန်တာကို လက်ခံလိုက်ဖို့ ပြောပေးပါ့မယ်။

**ရည်ညွှန်းစီရင်ထုံး။ ။အစိုးရနှင့် ဉာဏ်ဦး (၁၉၁၄–၁၆) အတွဲ (၂) အထက် မြန်မာပြည်စီရင်ထုံး–၄၃။**

# အခန်း (၂)

## ကားပိုင်ဆိုင်မှုကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။မော်တော်ကားက ခင်ပွန်းသည်နာမည်နဲ့ဝယ်ထားတဲ့ ကား ဖြစ်ပါတယ်။ ခင်ပွန်းသည်ကွယ်လွန်ချိန်က မော်တော်ကားဟာ ယောက္ခမအိမ်မှာ ကျန်ရှိပါတယ်။ ဒီလို ကျန်ရှိနေရတဲ့အကြောင်းကလည်း ခင်ပွန်းသည် မကွယ်လွန်မီက ကားကို ယောက္ခမအိမ်မှာပဲထားပြီး နှစ်ဦးနှစ်ဖက် အတူသုံးစွဲခဲ့ကြလို့ ဖြစ်ပါတယ်။ ခင်ပွန်းသည် ကွယ်လွန်ပြီးနောက်မှာ ခင်ပွန်းသည်အမည်နဲ့ ဝယ်ယူထားတဲ့ကားကို ယောက္ခမထံက လက်ရောက် ပြန်တောင်းခွင့် ရှိ မရှိ သိချင်ပါတယ်။

ကျွန်ုပ်။ ။မော်တော်ကားဟာ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းဖြစ်တဲ့ အတွက် ယေဘုယျအားဖြင့် လက်ဝယ်ရှိသူသာပိုင်ရှင်လို့ ဆိုနိုင်တယ်။

တစ်ဦး။ ။ဒါဆိုရင်ယောက္ခမလက်ဝယ်မှာရှိတဲ့အတွက် ယောက္ခမ ပိုင်တယ်လို့ ဆိုလိုတာလားခင်ဗျား။

ကျွန်ုပ်။ ။စကားကို ဆုံးအောင်နားထောင်ပါဦးကွယ်။ ရွှေ့ပြောင်း နိုင်တဲ့ ပစ္စည်းဖြစ်ရင် ယေဘုယျအားဖြင့် လက်ဝယ်ရှိသူ ပိုင်ရှင်လို့ဆိုနိုင်တဲ့ အကြောင်းပြောခြင်းသာ ဖြစ်ပါ

http://www.cherrythitsar.org



တယ်။ ဒါပေမဲ့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေး ဦးစီးဌာနက သတ်မှတ် အတည်ပြုထားတဲ့ လုပ်ထုံးလုပ်နည်းတွေအရဆိုရင် ယာဉ်မှတ်ပုံတင်ဌာနမှာ ပိုင်ရှင်အဖြစ် အမည်ပေါက်သူကိုသာ ပိုင်ရှင်အဖြစ် တရားဝင် အသိအမှတ်ပြုတယ်။

တစ်ဦး။ ။ဒီလိုဆို ခင်ပွန်းသည်အမည်ပေါက်တဲ့အတွက် ခင်ပွန်းသည်ကွယ်လွန်ချိန်မှာ သူ့ဇနီးအနေနဲ့ ပိုင်ခွင့်ရှိတယ်လို့ ဆိုရမှာပေါ့နော်။

ကျွန်ုပ်။ ။အရာရာကို တစ်ထစ်ချမှတ်ယူစရာမဟုတ်ဘူးကွဲ့၊ တကယ်လို့ အကြောင်းတစ်စုံတစ်ရာကြောင့် ပိုင်ရှင်အမည်ပေါက်က ပြန်လည်ရောင်းချပြီး ဝယ်ယူလိုက်သူက အမည်မပြောင်းရသေးတဲ့အခါမှာလည်း အမည်ပေါက်ထံက စာချုပ်စာတမ်းနဲ့ ဝယ်ယူထားသူသာ ပိုင်ရှင်အဖြစ် မှတ်ယူစရာရှိပြန်တယ်။

တစ်ဦး။ ။ဒါဖြင့်ရင် ယောက္ခမထံကကားကို လက်ရောက်ပြန်တောင်းခွင့် ရနိုင်၊ မရနိုင် ကွဲပြားတဲ့သဘောကို သိချင်ပါတယ်။

ကျွန်ုပ်။ ။ဒါဆိုရင်တော့ အမှုဥပမာတစ်ခုကို ပြောပြရပါလိမ့်မယ်။ အမှုဖြစ်ပုံကတော့ အခုမေးတဲ့ ပြဿနာမျိုးပါပဲ။ ဖြစ်ပွားခဲ့တဲ့အမှုမှာ သေဆုံးသူခင်ပွန်းသည်အမည်နဲ့ ကားကို ဝယ်ယူခဲ့တာကို အငြင်းမပွားဘူး၊ ဘာအငြင်းပွားသလဲဆိုတော့ ယောက္ခမက ကားကို သူဝယ်တာဖြစ်ပြီး သူ့သားနာမည်နဲ့ အမည်ခံ ဝယ်ယူခဲ့တာဖြစ်တယ်ဆိုပြီး အငြင်းပွားတာရှိတယ်။ အဲဒီအမှုမှာ ယောက္ခမဘက်က အမည်ငှားနဲ့ ဝယ်ယူခဲ့တာဖြစ်တဲ့အကြောင်း ထင်ရှားအောင် သက်သေပြဖို့ တာဝန်ရှိတယ်။ ဒါပေမဲ့ ယောက္ခမအနေနဲ့ မိမိအမည်နဲ့

http://www.cherrythitsar.org



မဝယ်ဘဲ သားဖြစ်သူရဲ့အမည်နဲ့ ဝယ်ယူခဲ့တာနဲ့ပတ်သက်ပြီး ခိုင်ခိုင်လုံလုံ ဖြေရှင်း တင်ပြထားနိုင်တာကို မတွေ့ရဘူး။ ဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ ခင်ပွန်းအမည်နဲ့ ဝယ်ယူထားတဲ့ ယောက္ခမလက်ရှိ အချင်းဖြစ်ကားကို ခင်ပွန်းကွယ်လွန်တဲ့အခါ ယောက္ခမထံက ပြန်လည် လက်ရောက်ရခွင့်ရှိတယ်လို့ တရားရုံးက အဆုံးအဖြတ်ပေးခဲ့ဖူးတာရှိတယ်။

ရည်ညွှန်းအမှု။ ။ဒေါ်သန်း နှင့် ဒေါ်ကြည်ကြည်သန်း
၁၉၉၆၊ တရားမအထွေထွေလျှောက်လွှာ
(အထူး) အမှတ် ၂၄၂

# အခန်း (၃)

## မဆင်မခြင် မောင်းနှင်ကြသည့် ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

ကျွန်ုပ်။ ။ကိုတင့်ဆွေကြီးပါလား၊ လာဗျာ ထိုင်၊ ရေနွေးလေး ဘာလေး သောက်ပါဦး၊ လာရင်းကိစ္စ ပြောတာလည်း ပြောပေါ့’

ကိုတင့်ဆွေ။ ။ဒီလိုဗျ၊ ဟိုတလောက ရန်ကုန်မြို့လယ်ခေါင်မှာ မော်တော်ယာဉ်တိုက်မှုတစ်ခု ဖြစ်တယ်။ လမ်းဆုံ မီးပွိုင့်မှာ ဆလွန်းကားတစ်စီးနဲ့ ခရီးသည်တင်ကား တစ်စီး တိုက်မိရာက ခရီးသည် (၄) ဦး ပွဲချင်းပြီး သေဆုံးသွားခဲ့တယ်။ အမှန်က ဆလွန်းကားက သူ့ လမ်းကြောင်းအတိုင်း မီးပွိုင့်မီးစိမ်းကို ဖြတ်မောင်း နေတုန်း တစ်ဖက်က ခရီးသည်တင်ကားက မီးနီနေ တာကို တအားဖြတ်မောင်းလိုက်တဲ့အတွက် ဆလွန်း ကားက ခရီးသည်တင်ကားကို ကန့်လန့်ဖြတ်တိုက်မိပြီး ခရီးသည်တင်ကား တုံးလုံးမှောက်သွားရာက ကားပေါ် ပါလာသူ ခရီးသည် (၄) ဦး သေဆုံးသွားခဲ့ရတယ်။ ဒီလိုကိစ္စမျိုးမှာ ဆလွန်းကားမောင်းသူကို လူသေမှုနဲ့ တရားစွဲသလား၊ ခရီးသည်တင်ကားမောင်း သူကိုပဲ လူသေမှုနဲ့ တရားစွဲတင်သလားဆိုတာကို သိချင်လို့ပါ။

http://www.cherrythitsar.org



ကျွန်ုပ်။ ။ခင်ဗျားမေးခွန်းက တော်တော်ကောင်းတဲ့ မေးခွန်းပဲ၊ ဒီမေးခွန်းကို မဖြေမီ စိတ်မကောင်းစရာအဖြစ်သနစ်နဲ့ ယှဉ်တွဲ မှတ်သားရမယ့် အမှုတစ်ခုအကြောင်း ပြောပြချင်တယ်။ ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေ ၄ နာရီ အချိန်၊ ရန်ကုန်မြစ်ထဲမှာ ဖြစ်ပျက်ခဲ့တဲ့ 'တိုးအေး' သင်္ဘောနစ်မြုပ်ခဲ့တဲ့ အဖြစ်အပျက်ပါပဲ။ ခရီးသည် ၃၀၀ ခန့် သယ်ဆောင်ထားပြီး ရန်ကုန်ဘက်ကမ်းကနေ ဒလဘက်ကမ်းကို ခုတ်မောင်းတဲ့ တိုးအေးသင်္ဘောဟာ ပင်လယ်ကူး ဂျပန်သင်္ဘော ဘုံဘေမားရူးနဲ့ တိုက်မိရာက သင်္ဘောနစ်မြုပ်ခဲ့ပြီး ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ် အပါအဝင် လူ (၉၀) ဦး သေဆုံးခဲ့ရတယ်။ သင်္ဘောကြီးနဲ့ တိုက်မိပုံ၊ နစ်မြုပ်ပုံနဲ့ ခရီးသည်တွေ ဆောက်တည်ရာမရ ပျာယာခပ် ဒုက္ခခံစားရပုံတွေကို ကမ်းနဖူးကနေ မျက်ဝါးထင်ထင် အတိုင်းသား မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းဟာ အနိဋ္ဌာရုံ မြင်ကွင်းကြီးပါပဲ'

ကိုတင့်ဆွေ။ ။ဘယ်လိုဘယ်ပုံ တိုက်မိတယ်ဆိုတာလေး သိပါရစေဗျာ။

ကျွန်ုပ်။ ။တိုးအေးသင်္ဘောဟာ ရန်ကုန်ဆိပ်ကမ်းကနေ ၄၅ ဒီဂရီခန့် စောင်းပြီး ဒလဘက်ကို ခုတ်မောင်းနေတယ်။ တိုးအေးသင်္ဘောက ပင်လယ်ကူးသင်္ဘောကြီးကို ကိုက် ၁၅၀ ခန့် အကွာအဝေးကနေ တွေ့မြင်နေရတယ်။ ဒီအချိန်မှာ မိုးရွာသွန်းခြင်းလည်း မရှိဘူး။ ရာသီဥတုလည်း ကောင်းနေတယ်။ တခြား သင်္ဘောအသွားအလာလည်း ရှင်းတယ်။ တိုးအေးသင်္ဘောရဲ့ ရေယာဉ်အုပ်က 'ကိုကျွေ' ဆိုသူ ဖြစ်တယ်။ တိုးအေးသင်္ဘော မောင်းတဲ့ ကိုကျွေက ပင်လယ်ကူးသင်္ဘောကြီးရှေ့

http://www.cherrythitsar.org



ကနေ လွတ်မယ်လို့ ယူဆပြီး စက်အားကို တအား မြှင့်ပြီး ဖြတ်မောင်းတယ်။ မဖြစ်နိုင်မှန်းသိတဲ့အခါ နောက်ပြန်ဆုတ်ဖို့ သင်္ဘောချင်း ယှဉ်တိုက်မိဖို့ ကြိုးစား ခဲ့တယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး။ တယ်လီ ဂရမ်မှာ ရှေ့သို့ နောက်သို့ ကစားနေစဉ် သင်္ဘော နှစ်စင်း တိုက်မိသွားတယ်။

ကိုတင့်ဆွေ။ ။ဘယ်သူမှားတယ်လို့ ဆိုနိုင်ပါသလဲ။

ကျွန်ုပ်။ ။ဆိပ်ကမ်းနည်းဥပဒေ ၄၅ အရ ဆိပ်ကမ်းနယ်နိမိတ် အတွင်းမှာ အခြား သင်္ဘောတွေအနေနဲ့ ပင်လယ်ကူး သင်္ဘောကြီးတွေကို ဦးစားပေး ရှောင်ရှားရမယ်လို့ ဖော်ပြထားတယ်။ ဒါကို ရေယာဉ်အုပ်တစ်ယောက် အနေနဲ့ မသိစရာမရှိဘူး။ တိုးအေးသင်္ဘောရဲ့ ရေယာဉ် အုပ်ဟာ ပင်လယ်ကူးသင်္ဘောကြီးရှေ့ကဖြတ်ဖို့ကြိုးစား တာဟာ မဆင်မခြင် သတိပေါ့လျော့စွာ မောင်းနှင် တယ်လို့ ဆိုနိုင်တယ်။ ခရီးသည်တွေရဲ့ အသက် စည်းစိမ်ကို စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့ ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် မောင်းနှင်သူတွေဟာ မိမိကိုယ်ပိုင်ယာဉ်ကို ထိန်းသိမ်းမောင်းနှင်သူတွေထက် အဆပေါင်းများစွာ ဂရုစိုက်ဖို့လိုတယ်။ တိုးအေး သင်္ဘောအရေးမှာ သင်္ဘောရေယာဉ်အုပ်ဟာ မဆင်မခြင် ပေါ့ပေါ့ဆဆ မောင်းနှင်ခဲ့တဲ့အတွက် လူ့အသက်များစွာ ဆုံးရှုံးခဲ့ရတာဖြစ်လို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က) အရ အရေးယူ အပြစ်ပေးခံခဲ့ ရပါတယ်။

ကိုတင့်ဆွေ။ ။ဒါဖြင့် စောစောက ကားတိုက်လို့ လူသေတဲ့ကိစ္စမှာ ခရီးသည်တင်ယာဉ်ကို မောင်းနှင်တဲ့သူကို ပုဒ်မ ၃၀၄(က) အရ အရေးယူရမယ်လို့ ဆိုလိုတာပေါ့နော်။

http://www.cherrythitsar.org



ကျွန်ုပ်။ ။ပုံသေကားချပ် တွက်ထားလို့တော့ မရဘူး။ မဆင်မခြင် ပေါ့လျော့စွာ မောင်းနှင်တဲ့အတွက် လူသေရတယ်ဆိုရင် မဆင်မခြင် ပေါ့လျော့စွာ မောင်းသူတိုင်းမှာ တာဝန်ရှိနိုင်တာပါပဲ။

ရည်ညွှန်းအမှုစီရင်ထုံး။ ။ကိုကျော်ပါ (၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး။

# အခန်း (၄)

## ကာကွယ်ခုခံပိုင်ခွင့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

ကျွန်ုပ်။ ။ကိုဇော်ဝင်းနဲ့ ကိုမော်လင်းတို့ပါလား၊ လာကြကွယ် ထိုင်ကြ၊ မင်းတို့ မိဘတွေကော နေထိုင်ကောင်းကြ မဟုတ်လား။

ကိုဇော်ဝင်း။ ။ဟုတ်ကဲ့၊ ကောင်းကြပါတယ် ဦး။

ကျွန်ုပ်။ ။အေး ကျန်းမာတဲ့အကြောင်း ကြားရလို့ ဝမ်းသာ သကွာ၊ မင်းတို့ဖေဖေနဲ့ မေမေကို ဦးက သတိရတဲ့ အကြောင်း ပြောပေးပါကွယ်။

ကိုဇော်ဝင်း။ ။ဟုတ်ကဲ့ ပြောပြလိုက်ပါမယ် ဦး။

ကျွန်ုပ်။ ။ကဲ လာရင်းကိစ္စအကြောင်းလဲ ပြောကြစမ်းပါဦး။

ကိုဇော်ဝင်း။ ။ဒီလိုပါ ဦး၊ ကျွန်တော်တို့ခြံကို သူခိုးကပ်တာ သုံး လေး ငါး ခါလောက် ရှိသွားပါပြီ၊ မနေ့ညကတော့ ခြံထဲထိ ဝင်လာပြီး ပြတင်းပေါက်ကို ဖွင့်ဖို့ ကြိုးစားပါ တယ်၊ ကိုမော်က လှမ်းမြင်လိုက်တဲ့အတွက် သူခိုး သူခိုး အော်လိုက်တာကြောင့် ထွက်ပြေးသွားတာမို့ ဖမ်းမမိ လိုက်ဘူး။

http://www.cherrythitsar.org



ကိုမော်လင်း။ ။ဟုတ်တယ် ဦးရဲ့၊ အော်လိုက်မိပြီးမှ မှားမှန်းသိလိုက်တယ်၊ နောက်ဆို တိတ်တိတ်ကလေး ဖမ်းပြီး ဆုံးမပစ်မယ် စိတ်ကူးထားတယ်။

ကိုဇော်ဝင်း။ ။ကိုမော်က စိတ်မြန် လူမြန်ဆိုတော့ မဖြစ်သင့်တာတွေ မဖြစ်ရအောင်ဆိုပြီး ဥပဒေကိစ္စ သိချင်မေးချင်တာနဲ့ ဦးဆီကို ကျွန်တော်တို့ လာခဲ့ကြတာပါ။

ကျွန်ုပ်။ ။ဒီလိုမျိုး သိချင်စိတ်ရှိတာ ကောင်းတာပေါ့ကွယ်၊ ဦးကလဲ သိသလောက် တတ်သလောက် ရှင်းပြပါ့မယ်။

ကိုဇော်ဝင်း။ ။အဓိက သိချင်တာက ကာကွယ်ခုခံပိုင်ခွင့်အကြောင်းပါ။

ကျွန်ုပ်။ ။ကြီးနိုင် ငယ်ညှင်းဆိုတဲ့ သဘောတရားအရ မတရားကျူးကျော်တာကို တားဆီးဖို့လိုတယ်၊ နေရာတကာမှာ မတရားကျူးကျော်တာကို တားဆီးပေးဖို့ ရဲတပ်ဖွဲ့ဝင်တွေကို ထားပေးနိုင်မှာ မဟုတ်တဲ့အတွက် ကိုယ့်ကိုယ်ကို အားကိုးရမယ်ဆိုတဲ့ ဆိုရိုးအတိုင်း ဆောင်ရွက်နိုင်ဖို့နဲ့ လွတ်လပ်တဲ့ နိုင်ငံသူ နိုင်ငံသားတိုင်းပီပီ သူရဲဘောမကြောင်ဖို့၊ သတ္တိရှိရှိ တုံ့ပြန်နိုင်ဖို့ ကာကွယ်ခုခံပိုင်ခွင့် အခွင့်အရေးကို ဥပဒေက ပေးထားတာဖြစ်တယ်။

ကိုမော်လင်း။ ။ဘယ်လောက်အတိုင်းအတာအထိ ရှိတယ်ဆိုတာ သိချင်ပါတယ် ဦး။

ကျွန်ုပ်။ ။လိုတာထက် ပိုပြီး ကလဲ့စားချေတဲ့သဘော မသက်ရောက်ဖို့လိုတယ်၊ ဘေးအန္တရာယ် ကျရောက်ဖို့

http://www.cherrythitsar.org



စိုးရိမ်ဖွယ် အခြေအနေမရှိရင် ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုခွင့် မရှိဘူး၊ သိစရာတစ်ခုက ပြုလုပ်မှုတစ်ခုဟာ ပြစ်မှုမြောက်တဲ့ ပြုလုပ်မှုမဟုတ်ရင် အဲဒီပြုလုပ်မှုနဲ့ ပတ်သက်ပြီး ကာကွယ်ခုခံပိုင်ခွင့် မရနိုင်ဘူး။ နောက်တစ်ချက်က ကိုယ်က မတရားစော်ကားသူဖြစ်ရင် ကာကွယ်ခုခံပိုင်ခွင့် မရနိုင်ဘူး။

ကိုမော်လင်း။ ။တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ရန်ဖြစ်တဲ့ ကိစ္စမှာ ကာကွယ်ခုခံပိုင်ခွင့် ရှိပါသလား။

ကျွန်ုပ်။ ။နှစ်ဦးသဘောတူ စိန်ခေါ် သတ်ပုတ်ကြတဲ့ကိစ္စမှာ ဘယ်သူ့ဘက်ကမှ ကာကွယ်ခုခံပိုင်ခွင့် မရနိုင်ဘူး၊ ဘယ်သူက ရန်ပွဲ စတင်ခဲ့တယ်ဆိုတာကိုတောင် စိစစ်ဖို့ မလိုဘူး၊ ကာကွယ်ခုခံပိုင်ခွင့်ဆိုတာမျိုးက တစ်ဖက်က ရန်မူလာတဲ့အတွက် မလွှဲမရှောင်သာ ပြန်လုပ်ရတဲ့ ကိစ္စမျိုးပါပဲ။

ကိုမော်လင်း။ ။ကာကွယ်ခုခံပိုင်ခွင့်ရှိတဲ့သူအနေနဲ့ ဘယ်လိုလက်နက်ကို အသုံးပြုရမယ်လို့ ကန့်သတ်ထားတာ ရှိပါသလား။

ကျွန်ုပ်။ ။ဒီလို ကန့်သတ်ထားတဲ့ ပြဋ္ဌာန်းချက်မျိုး မရှိပါဘူးကွယ်၊ လူတစ်ယောက်ဟာ မိမိကိုယ်ကို ထိပါးလာရင်ပဲဖြစ်ဖြစ်၊ ခြိမ်းခြောက်လာရင်ပဲဖြစ်ဖြစ် ကာကွယ်ခုခံပိုင်ခွင့်ရှိတယ်ဆိုတာ အထူး ပြောစရာလိုမယ် မထင်ပါဘူး၊ ဓားနဲ့ခုတ်ဖို့လာတဲ့သူကို ထင်းစနဲ့တစ်ချက်ရိုက်တာဟာ အသက်ဘေးအန္တရာယ်ကို ကာကွယ်ဖို့ လုပ်တာ ဖြစ်တဲ့အတွက် ပြစ်မှုမမြောက်နိုင်ပါဘူး၊

http://www.cherrythitsar.org



ဒါပေမယ့် လက်သီးနဲ့ထိုးတဲ့သူကို ဓားနဲ့ပြန်ထိုးတာမျိုးကတော့ ကာကွယ်ပိုင်ခွင့်ကို လိုတာထက် ပိုအသုံးချတယ်လို့ ဆိုနိုင်တယ်။

ကိုဇော်ဝင်း။ ။ကာကွယ်ခုခံတယ်ဆိုတာ ကိုယ့်အတွက်ပဲလုပ်နိုင်တာမျိုးလား ဦး။

ကျွန်ုပ်။ ။ကာကွယ်ခုခံပိုင်ခွင့်ဟာ ကိုယ့်အတွက်သာမကဘူး၊ ကိုယ့်ရဲ့ ဆွေမျိုး အသိမိတ်ဆွေအပြင် သူစိမ်းတရံဆံရဲ့ ကိုယ်နဲ့လည်း အကျုံးဝင်တာပါပဲ၊ အားနည်းသူကို ကူညီဖို့၊ ကယ်ဆယ်ဖို့ လူမှုတာဝန်တစ်ရပ်လို့ ဆိုနိုင်တယ်။

ကိုဇော်ဝင်း။ ။ခြံဝင်းထဲဝင်လာတဲ့ သူခိုးကို ကာကွယ်ခုခံတဲ့ကိစ္စအကြောင်း သိချင်ပါတယ်။

ကျွန်ုပ်။ ။ခိုးမှု၊ လုယက်မှု၊ ညဉ့်အချိန် အိမ်ဖောက်ထွင်းမှု၊ အကျိုးဖျက်ဆီးမှု ပြစ်မှုအမျိုးအစား တစ်ခုခုကို ကျူးလွန်လာရင် ကျူးလွန်ဖို့ အားထုတ်လာရင် ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုနိုင်တယ်။ ဒီပြစ်မှုတွေမှာ ပစ္စည်းကိစ္စ ပါလာတယ်။ ကိုယ်ပိုင်တဲ့ ပစ္စည်းအပေါ်မှာပဲဖြစ်ဖြစ် ကိုယ်မပိုင်တဲ့ ပစ္စည်းအပေါ်မှာပဲဖြစ်ဖြစ် ကာကွယ်ခုခံပိုင်ခွင့် ရှိတယ်။

ကိုမော်လင်း။ ။ဘယ်လောက်အတိုင်းအတာအထိ ရှိတယ်ဆိုတာလည်း သိချင်ပါတယ်။

ကျွန်ုပ်။ ။ကြက်လာခိုးတဲ့ ကြက်သူခိုးကို သေစေတဲ့အထိ ကာကွယ်ခုခံလို့တော့ မရဘူးပေါ့ကွယ်၊ အကြမ်းဖက်နည်းပြုတဲ့ ကိစ္စမျိုးတွေမှာတော့ သေသည်အထိ ကာကွယ်ခုခံနိုင်တယ်။

http://www.cherrythitsar.org



ကိုမော်လင်း။ ။အိမ်ထဲကို ဖောက်ထွင်းပြီး အထဲကို ဝင်လာမှ ကာကွယ်ခုခံပိုင်ခွင့် ရတာလား၊ ဖောက်ထွင်းဝင်ရောက် မလာမချင်း ကာကွယ်ခုခံပိုင်ခွင့် ရှိ မရှိ ဆိုတာလဲ သိချင်ပါတယ်။

ကျွန်ုပ်။ ။ဖောက်ထွင်းပြီး အထဲဝင်လာမှ မဟုတ်ပါဘူး၊ ဖောက်ထွင်းဖို့ အားထုတ်နေခိုက်မှာလည်း ကာကွယ်ခုခံပိုင်ခွင့် ရှိပါတယ်၊ အရေးကြီးတာက ကာကွယ်ခုခံပိုင်ခွင့်ကို လိုတာထက် ပိုအသုံးမပြုမိဖို့ပဲ၊ အကြမ်းဖက်တဲ့ လုယက်မှုမျိုးမှာ အကြမ်းဖက်တာကို ခုခံကာကွယ်နိုင်တယ်။ အကြမ်းဖက်မှု ရပ်စဲသွားပေမယ့် တစ်မုဟုတ်ချင်း နာကျင်မယ်၊ သေရမယ်၊ အချုပ်အနှောင်ခံရမယ်လို့ ကြောက်ရွံ့ စိုးရိမ်ရတဲ့ အခြေအနေရှိရင် ကာကွယ်ခုခံပိုင်ခွင့်ကို ဆက်လက်အသုံးပြုနိုင်တယ်။ ကျူးကျော်ဝင်ရောက်လာသူကိုလည်း ကျူးကျော်ဝင်ရောက်နေစဉ်အတွင်းမှာ ကာကွယ်ခုခံပိုင်ခွင့်ရှိတယ်။ ကျော်နင်းလာတဲ့သူ၊ အကျိုးဝင်ရောက်ဖျက်ဆီးတဲ့သူ ထွက်ခွာသွားပြီဆိုရင် သူ့နောက်ကို ဆုံးမဖို့ လိုက်ပိုင်ခွင့် မရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မြေပေါ်က ထွက်ခွာသွားတဲ့အချိန်မှာ ကာကွယ်ခုခံပိုင်ခွင့် အခွင့်အရေး ကုန်ဆုံးသွားခဲ့လို့ပဲ။ ကာကွယ်ခုခံပိုင်ခွင့်ဟာ အတိုင်းအတာမရှိတဲ့ အခွင့်အရေး မဟုတ်ဘူးဆိုတာကို သတိထားရလိမ့်မယ်။

ကိုမော်လင်း။ ။မြေပေါ်က ထွက်ခွာသွားတဲ့အချိန်မှာ ပစ္စည်းပါသွားတယ်ဆိုရင်ကော ခင်ဗျာ။

http://www.cherrythitsar.org



ကျွန်ုပ်။ ။အေး၊ ဒီမေးခွန်းက မေးသင့်တဲ့ မေးခွန်းပဲ၊ ခိုးမှုမှာ ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်ဟာ ခိုးရာပါပစ္စည်းနဲ့ ထွက်ခွာသွားသည့်တိုင် (ဒါမှမဟုတ်) ပြည်သူ့ဝန်ထမ်း အာဏာပိုင်တို့ရဲ့ အကူအညီကို ရသည့်တိုင်အောင် (ဒါမှမဟုတ်) ပစ္စည်းကို ပြန်ရသည့်တိုင်အောင် ဆက်လက် တည်ရှိနေပါတယ်။

ကိုးကားဥပဒေ။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၆။ ၁၀၅။

# အခန်း (၅)

## တပည့်ကို ရိုက်နှက်ဆုံးမသည့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

ကျွန်ုပ်။ ။မမြင့်မြင့်စန်းပါလား၊ အကြောင်းကိစ္စရှိလာတယ် ထင်တယ်။

မြင့်မြင့်စန်း။ ။ဟုတ်တယ်ဆရာရေ၊ အိမ်ကသား အငယ်ကောင် အရိုက်အနှက်ခံရလို့ အဲဒါ ဆရာ့ဆီ အပြေးလာခဲ့ရတာ။

ကျွန်ုပ်။ ။မဟုတ်တာဗျာ၊ ကျုပ်က ဆရာဝန်မှ မဟုတ်တာ၊ အရိုက်အနှက်ခံရတဲ့ကိစ္စ ဆရာဝန်ဆီသွားမှပေါ့၊ ပြီးတော့ ကလေးလဲ မမြင်ပါလား၊ ဘယ်မလဲ အရိုက်ခံရတဲ့ကလေး၊ ဘယ်သူက ရိုက်တာလဲ၊ ဘာကြောင့် ရိုက်တာလဲ၊ ဒဏ်ရာက ကြီးသလား၊ များသလား၊ ကလေးအခြေအနေကကော ဘယ်လိုနေသေးလဲ။

မြင့်မြင့်စန်း။ ။အမယ်လေး၊ ဆရာ့မေးခွန်းတွေကလဲ စက်သေနတ် တပ်ထားတာကျနေတာပဲ။

ကျွန်ုပ်။ ။စိတ်ပူလို့ မေးရတာပါဗျာ။

မြင့်မြင့်စန်း။ ။ဆရာ့ဆီလာရတဲ့အကြောင်းက ကလေးကို ရိုက်တဲ့သူကို တရားစွဲချင်လို့၊ ကလေးကျောမှာ အရိုးရာကြီးကို ထင်လို့၊ သူ့ခမြာ နာလွန်းလို့ထင်ပါရဲ့ အငိုမတိတ်

http://www.cherrythitsar.org



နိုင်သေးဘူး၊ ဆေးခန်းကိုသွားပြဖို့ သူ့အဖေကိုတော့ မှာခဲ့တာပဲ။

ကျွန်ုပ်။ ။ကျောမှာ အရှိုးထင်ရလောက်အောင် ဘယ်သူက ဘာနဲ့ ရိုက်လို့လဲဗျာ။

မြင့်မြင့်စန်း။ ။ကျောင်းကဆရာမက ရိုက်လိုက်တာ ဆရာရေ့၊ ကြိမ်လုံးနဲ့ရိုက်တာ ကြိမ်လုံးနဲ့။

ကျွန်ုပ်။ ။မမြင့်မြင့်စန်း ကလေးအသက်က ဘယ်လောက်ရှိပြီလဲ၊ ဘယ်နှစ်တန်း ကျောင်းသားလဲ။

မြင့်မြင့်စန်း။ ။အသက် ဆယ့်တစ်နှစ် ရှိပါပြီ၊ ခြောက်တန်း ကျောင်းသားပါ။

ကျွန်ုပ်။ ။သားက တော်တော်ဆိုးလို့လား၊ ဆော့ကော တော်တော် ဆော့သလား။

မြင့်မြင့်စန်း။ ။ကလေးပဲ ဆရာရယ်၊ ဆော့တာတော့ ဆော့မှာပေါ့၊ ဒါပေမယ့် အဆိုးအသွမ်းကြီးတော့ မဟုတ်ပါဘူး၊ ပြောမရ ဆိုမရလောက်အောင် သောင်းကျန်းတတ်တဲ့ ကလေးလဲ မဟုတ်ပါဘူး။ အကယ်တန္တု ပြောမရ ဆိုမရဘူးဆိုရင်လဲ ကျောင်းအုပ်ကြီးကတစ်ဆင့် ကာယကံရှင် မိဘကိုခေါ်ပြီး ပြောပါဆိုပါတော့လား ရှင်။

ကျွန်ုပ်။ ။ဘာ့ကြောင့် ရိုက်တယ်ဆိုတာကလေးကို မေးကြည့်သေးလား။

မြင့်မြင့်စန်း။ ။သားကို မေးကြည့်တော့ ငြိမ်ငြိမ်မနေရကောင်းလား ဆိုပြီး လှမ်းရိုက်တာတဲ့။ တစ်ချက်တောင် မကဘူး။ သုံးလေးချက်ကို အားသုံးပြီး ရိုက်လိုက်တာ။ ကျွန်မ ကတော့ ဘယ်လိုနည်းနဲ့မှ မကျေနပ်နိုင်ဘူး။ ကျောင်း အုပ်ကြီး သွားပြောလဲ သူ့ဆရာမဘက်က အကာ အကွယ်ပေးပြီး ရွှေပြည်အေး တရားဟောလွှတ်နေဦး

http://www.cherrythitsar.org



မှာ။ ဒါကြောင့် တရားစွဲဖို့ပဲ ကျွန်မ အာသိသရှိတယ်၊ ဥပဒေအရ ဘယ်လိုရှိတယ် ဆိုတာတော့ ကျွန်မ မသိဘူး။

ကျွန်ုပ်။ ။မိဘအုပ်ထိန်းသူအနေနဲ့ သားသမီး အုပ်ထိန်းခံရသူကို လိမ္မာရေးခြားရှိအောင် သွန်သင်တဲ့နေရာမှာ ဆုံးမပိုင်ခွင့်ရှိတယ် မဟုတ်လား။ အလားတူ ဆရာသမားကလည်း တပည့်ကို ဆုံးမနိုင်တာပါပဲ။ ဘယ်လောက် အတိုင်းအတာအထိ ဆုံးမပိုင်ခွင့်ရှိတယ် ဆိုတာနဲ့ ပတ်သက်လို့ကတော့ ဖြစ်ပေါ်လာတဲ့ အကြောင်းခြင်းရာအပေါ် မူတည်တယ်လို့ ပြောရလိမ့်မယ်။ ဆုံးမတဲ့အနေနဲ့ ပြုလိုက်တဲ့ ပြုလုပ်မှုဟာ လိုအပ်မှု ရှိ မရှိ၊ အခြေအနေနဲ့လိုက်ပြီး သင့်လျော်မှု ရှိ မရှိ၊ လိမ္မာရေးခြားဖြစ်အောင် သွန်သင်ခြင်း ဟုတ် မဟုတ် ဆိုတဲ့ အချက်တွေကို ချိန်ပြီး စဉ်းစားရမှာဖြစ်တယ်။ လုပ်သင့်လုပ်ထိုက်တာထက် ပိုပြီး လုပ်တာလား။ ဒေါသတကြီး အလွန်အကျွံလုပ်တာလား၊ အဲဒီလိုမျိုး လုပ်တာဆိုရင် ဥပဒေရဲ့ ကင်းလွတ်ခွင့်ကို ရနိုင်မှာမဟုတ်ဘူး။ ဥပဒေရဲ့ ကင်းလွတ်ခွင့်ဆိုတာကို ခင်ဗျားနားလည်အောင်၊ သဘောပေါက်အောင် ကျွန်တော် ရှင်းပြပေးပါမယ်။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၇၉ မှာ ကင်းလွတ်ရမြဲအချက် ပြဋ္ဌာန်းထားတာရှိတယ်။ ဥပဒေအရ ပြုလုပ်ပိုင်သူကပဲဖြစ်ဖြစ်၊ ဥပဒေကို အယူအဆလွဲတာမဟုတ်ဘဲ အကြောင်းခြင်းရာကို အယူအဆလွဲတာကြောင့်ပဲဖြစ်ဖြစ် ဥပဒေအရ ပြုလုပ်ပိုင်တယ်လို့ သဘောရိုးနဲ့ ယုံကြည်သူက ပြုလုပ်တာမျိုးဆိုရင် အဲဒီ ပြုလုပ်မှုဟာ ပြစ်မှုမမြောက်ဘူးလို့ ဆိုထားတယ်။

http://www.cherrythitsar.org



မြင့်မြင့်စန်း။ ။ဟင်၊ ဒါဆိုရင် ရိုက်ခွင့်ရှိတယ်ဆိုတဲ့ သဘောလား၊ ရိုက်တာကို ကင်းလွတ်ခွင့်ပေးရမယ်ဆိုတဲ့ သဘောလား ဆရာရယ်’

ကျွန်ုပ်။ ။ကျွန်တော် ပြောပြီးပြီကောလားဗျာ၊ ဆရာဟာ တပည့်ကို ဆုံးမနိုင်တယ်၊ ဘယ်လောက် အတိုင်းအတာအထိ ဆုံးမပိုင်ခွင့်ရှိတယ် ဆိုတာကိုတော့ ဖြစ်ပေါ်လာတဲ့ အကြောင်းခြင်းရာအပေါ် မူတည်တယ်လို့ ပြောပြီးပြီပဲ။ တပည့်ဖြစ်သူကို ဆရာက ဝါးခြမ်းပြားနဲ့ အချက်ပေါင်းများစွာ ရိုက်နှက်တဲ့အတွက် ဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသရလောက်အောင် တပည့်မှာ ဒဏ်ရာရရှိခဲ့တာမျိုးဆိုရင်တော့ ဆရာဟာ တပည့်ကိုဆုံးမတဲ့နေရာမှာ လိုတာထက် ပိုပြီး ဒေါသတကြီးပြုလုပ်ရာ ရောက်တယ်လို့ ဆိုနိုင်တယ်။ အဲဒီလိုမျိုးဆိုရင် စောစောက ပြောတဲ့ ဥပဒေ ကင်းလွင်ခွင့်ကို ရနိုင်မှာ မဟုတ်ဘူး။ ဒါက ဆရာတွေဘက်က ဆင်ခြင်ရမယ့်အပိုင်း။ အဲ မိဘတွေဘက်က ဆင်ခြင်ရမှာက ဘာလဲဆိုတော့ ကိုယ့်ကလေး အရိုက်ခံရတိုင်း တစ်ဘက်ကိုချည်း အပြစ်မမြင်ဖို့ဘဲ။ သူ့အလွန် ကိုယ့်အလွန်၊ အဖြစ်သနစ်မှန်ကို သိအောင် စူးစမ်းဖို့လိုတယ်။ တစ်ခုခုကို အလျင်စလို မဆုံးဖြတ်မီ အပြစ်သနစ်အမှန်ကို အားထုတ် စူးစမ်းပါဦးလို့ပဲ အကြံပြုချင်တယ်။

ရည်ညွှန်းစီရင်ထုံး – မောင်ခွေးနှင့် ပြည်ထောင်စု
၁၉၆၆၊ မြန်မာပြည်စီရင်ထုံး ၉၈၆

# အခန်း (၆)

## မသမာစိတ်ဖြင့်တရားစွဲသည့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။မသမာတဲ့စိတ်နှင့် မမှန်မကန် အကြံအဖန်လုပ် တရားစွဲဆိုတဲ့သူတွေကို ဘယ်လို အရေးယူနိုင်တယ်ဆိုတာ သိချင်ပါတယ်။

ကျွန်ုပ်။ ။ပထမဆုံး လိုအပ်ချက်က တစ်ဦးတစ်ယောက်အပေါ် တရားစွဲဆိုခြင်းဟာ မသမာတဲ့စိတ်ထားနဲ့ တရားစွဲဆိုတာ (**Malicious Prosecution**) ဟုတ် မဟုတ် စိစစ်သုံးသပ်ရမှာ ဖြစ်တယ်။

တစ်ဦး။ ။ဘယ်လိုပေတံတွေနဲ့ သုံးသပ်ရပါသလဲခင်ဗျာ။

ကျွန်ုပ်။ ။မသမာတဲ့စိတ်ထားနဲ့ တရားစွဲဆိုခြင်းမြောက်ဖို့အတွက် အောက်ပါအချက်တွေနဲ့ ပြည့်စုံဖို့လိုတယ်။

(၁) ပြစ်မှုကြောင်းအရ တရားစွဲဆိုလာတာရှိရမယ်။

(၂) စွဲဆိုတဲ့ပြစ်မှုနဲ့ ပတ်သက်ပြီး ကိုယ့်ကို အသာပေးဆုံးဖြတ်တာမျိုး ဖြစ်ရမယ်။

(၃) ပြီးတော့ သူ့ရဲ့စွဲဆိုမှု ပြစ်မှုဟာ အခြေအမြစ်မရှိတာ ဖြစ်ရမယ်။

(၄) သူက ကိုယ့်ကို တရားစွဲဆိုတာဟာ မသမာစိတ်၊ ဒါမှ မဟုတ် မလိုမုန်းထားစိတ်နဲ့စွဲတာ ဖြစ်ရမယ်။

(၅) နောက်ဆုံးအချက်က ကိုယ့်မှာ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ရတာမျိုး ရှိရမယ်။

ဒီအချက်တွေ ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင်ရှိရင် သမာစိတ်ထားနဲ့ တရားစွဲဆိုခြင်း ဖြစ်တယ်လို့ဆိုနိုင်တယ်။

တစ်ဦး။ ။အဲဒီလို မသမာစိတ်နဲ့ တရားစွဲဆိုခြင်းမြောက်တယ်ဆိုရင် နစ်နာဆုံးရှုံးသူဘက်က ဘယ်လိုများဆောင်ရွက်နိုင်ပါသလဲ။

ကျွန်ုပ်။ ။ရာဇသတ်ကြီးဥပဒေမှာ မမှန်သက်သေခံမှုနဲ့ ဖြောင့်မှန်စွာ တရားစီရင်ရေးကို ဆန့်ကျင်တဲ့ ပြစ်မှုတွေနဲ့ဆိုင်တဲ့ အခန်းတစ်ခန်းပါတယ်။ မမှန်သက်သေခံတာ သေဒဏ်ထိုက်တဲ့ ပြစ်မှုနဲ့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်ပြီး မမှန်သက်သေခံတာ၊ ဒါမှမဟုတ် မမှန်သက်သေခံဖန်တီးတာ၊ မမှန်ဟုသိတဲ့ သက်သေခံချက်ကို အသုံးပြုတာ၊ မမှန်ကြောင်းသိတဲ့ သက်သေခံလက်မှတ်ကို အမှန်အဖြစ်နဲ့ အသုံးပြုတာ စတဲ့အချက်တွေ ထင်ရှားပေါ်လွင်ရင် တရားရုံးက ဒီလိုပြုမူတဲ့သူကို ဥပဒေအရ စုံစမ်းအရေးယူနိုင်တယ်။ ဒါ့အပြင် နစ်နာဆုံးရှုံးသူတိုင်းကလည်း တရားမကြောင်းအရလျော်ကြေးတောင်းနိုင်တယ်။

(မတရားစွဲဆိုခြင်းအတွက် လျော်ကြေးတောင်းခံနိုင်ခွင့်ပေးခြင်း၏ အဓိကသဘောမှာ မလိုမုန်းထားသူတစ်ဦးသည် အခြားသူတစ်ဦးအား ရာဇဝတ်ရုံးများကို

http://www.cherrythitsar.org



အသုံးပြု၍ နိုပ်စက်ကလူ မပြုနိုင်ရန် ဟန့်တားခြင်းဖြစ်သည်။ နစ်နာသူအားလည်း လျော်ကြေးဖြင့် သက်သာမှုကို ပေးခြင်းဖြစ်သည်။) လို့ အမှုစီရင်ထုံးတစ်ခုမှာ လမ်းညွှန်ထားတာ ရှိပါတယ်။

(တရားရုံးဟူသည် အမှန်တရားကို အဆုံးအဖြတ်ပေးသည့် အငြင်းပွားမှုကို ဖြေရှင်းပေးသည့် မမျှမတ၊ မမှန်မကန် လုပ်ဆောင်မှုများကို ကာကွယ်စောင့်ရှောက်ပေးသည့် နေရာဌာန ဖြစ်ပေသည်။ ပြည်သူလူထု၏ ယုံကြည်အားကိုးရာဖြစ်သော တရားရုံးတွင် တရားရုံး၏ အာဏာကို အလွဲသုံးစားပြုကာ မလိုမုန်းထားသူတို့အား နှိပ်စက်ညှဉ်းပန်းရန် မသမာစိတ်ဖြင့် တရားစွဲဆိုခြင်းမျိုးကို မပြုလုပ်သင့်ပေ။ လျော်ကြေးပေးစေခြင်းသည် မသမာစိတ်ဖြင့် တရားစွဲဆိုခြင်းကို ဟန့်တားကာကွယ်ရာ ရောက်သည့်အပြင် နစ်နာသူအားလည်း သက်သာခွင့် ရရှိစေသည့်နည်းလမ်းတစ်ရပ်ဖြစ်သည်။)လို့ စီရင်ထုံးတစ်ရပ်မှာ လမ်းညွှန်ထားတယ်။

တစ်ဦး။ ။ဘယ်လိုမျိုး လျော်ကြေးရနိုင်ပါသလဲ။

ကျွန်ုပ်။ ။တရားလိုတစ်ဦးက တရားပြိုင်ရဲ့ ပြုမှုချက်ကြောင့် မိမိမှာ ထိခိုက်နစ်နာခဲ့ရတဲ့အတွက် လျော်ကြေးငွေတောင်းဆိုတဲ့ကိစ္စမှာ အထွေထွေလျော်ကြေးငွေနဲ့ အထူးလျော်ကြေးငွေဆိုပြီး နှစ်မျိုးရှိတယ်။

တရားပြိုင်ရဲ့ မတရားသောပြုမှုချက်ကြောင့် တရားလိုနစ်နာခဲ့ရတဲ့အတွက် လျော်ကြေးငွေရထိုက်တယ်လို့ ဥပဒေက ခွင့်ပြုတဲ့ လျော်ကြေးငွေလို့ဆိုရမယ်။ ဒီလိုတောင်းဆိုတဲ့နေရာမှာ တရားလိုက သူ့ရဲ့တရား

http://www.cherrythitsar.org



စွဲတဲ့ ဆိုလွှာမှာ တစ်လုံးတစ်ခဲတည်း ခန့်မှန်းဖော်ပြနိုင်တယ်။ အချက်အလက် အသေးစိတ်ဖော်ပြဖို့ မလိုဘူးကွဲ့၊ လျော်ကြေးကို တွက်ချက်ပေးရတဲ့ တာဝန်ကတော့ တရားရုံးအပေါ် တည်ပါတယ်။

အထူးလျော်ကြေးဆိုတာကတော့ ပစ္စည်း ဒါမှမဟုတ် ငွေအရေအတွက်အားဖြင့် တွက်ချက်ရတဲ့ လျော်ကြေးဖြစ်တဲ့အတွက် ဒီလျော်ကြေးငွေကို တောင်းဆိုရင် မိမိမည်သို့ကုန်ကျခဲ့တယ်၊ မည်ရွေ့မည်မျှ ကုန်ကျခဲ့တယ်ဆိုတဲ့ အချက်အလက်တွေကို အသေးစိတ် ဖော်ပြစွဲဆိုရမှာ ဖြစ်တယ်။ ဥပဒေက အထူးလျော်ကြေးငွေကို သာမန်အားဖြင့်တော့ အသိအမှတ်ပြုခဲ့တာကို တွေ့ရပါတယ်။ ကဲ ဒီလောက်ဆိုရင် သဘောပေါက်လောက်ပြီ ထင်ပါရဲ့။

တစ်ဦး။ ။ဟုတ်ကဲ့၊ ကျေးဇူးပါပဲခင်ဗျား။

**ရည်ညွှန်းစီရင်ထုံးများ။**

၁။ ဦးစံဖေ(ခ) ခရစ်အိမန်နှင့် ဂျက်ကရူး၊ ၁၉၆၄၊ မတစ၊ ၂၅၃

၂။ ဦးတင်မောင်ဦးနှင့် မအေးပိုပါ ၅၊ ၁၉၇၆၊ မတစ၊ ၆၃၆

၃။ ဒေါ်မိမိကျော်နှင့် ဒေါ်နန်းအေးအေး၊ ၁၉၉၅၊ မတစ၊ ၉၇

**ရည်ညွှန်းဥပဒေပုဒ်မ။** ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆

# အခန်း (၇)

## ရှေ့နေ ငှားသင့် မငှားသင့် သိကောင်းစရာ ဆွေးနွေးချက်များ

မေး။ ။အမှုဖြစ်ရင် ရှေ့နေငှားဖို့လိုအပ်ပါသလား ခင်ဗျာ။ ရှေ့နေငှားမယ်ဆိုရင် ဘယ်လိုမျိုးရှေ့နေကို ငှားရမ်းသင့်တယ်ဆိုတာကိုလည်း အကြံပေးစေချင်ပါတယ်။

ဖြေ။ ။လူတစ်ယောက် ဖျားနာတဲ့အခါမှာ ကိုယ့်ဘာသာကိုယ် ဆေးဝယ်သောက်တာရှိသလို ဆရာဝန်ထံ သွားပြီး ဆေးကုသမှုခံယူတာမျိုးလည်း ရှိတတ်ပါတယ်။

လူမမာတစ်ဦးဟာ ကိုယ့်ကျန်းမာရေးအတွက် ကိုယ့်ဘာသာ ဆေးဝယ်သောက်မလား၊ ဒါမှမဟုတ် ဆရာဝန်ရဲ့ ညွှန်ကြားချက်အတိုင်း ဆေးကုသမှုခံယူမလားဆိုတဲ့ ကိစ္စဟာ ကိုယ်ပိုင်ဆုံးဖြတ်ရမယ့် ကိစ္စပါ။

ကိုယ့်ရောဂါအခြေအနေက ကိုယ့်ဟာကိုယ် ဆေးလေးဘာလေး ဝယ်သောက်ရင် ပျောက်မယ့်အခြေအနေလား၊ ဒါမှမဟုတ် ဆရာဝန်ထံ သွားရမယ့် အခြေအနေလား ဆိုတာ ကိုယ့်ဟာကိုယ် အသိဆုံးပါ။

တချို့ လူမမာတွေဟာ ရောဂါဗေဒ၊ ဆေးဝါးဗေဒနဲ့ပတ်သက်ပြီး တီးမိခေါက်မိထားတတ်ကြပါတယ်။ တချို့က ဟုတ်တိပတ်တိ သိပါတယ်။ တချို့က ဟုတ်တိပတ်တိ မသိပါဘူး။ ဆရာဝန်ခေါ်ရမယ့် အခြေအနေဖြစ်လျက်နဲ့ ဟုတ်တိပတ်တိ မသိဘဲ ဆေးမြီးတိုနဲ့

http://www.cherrythitsar.org



တတ်ယောင်ကား ပြုမိတဲ့အတွက် အနှာကို ဆွသလိုဖြစ်ပြီး ကိုယ်ကျိုးနည်းရတဲ့အဖြစ် တွေ့ကြုံဖူးမှာပါ။ အပ်နဲ့ထွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ ခုတ်သလို ဖြစ်တတ်ပါတယ်။

ဒါကြောင့် အမှုအခင်းဖြစ်ရင် ရှေ့နေငှားဖို့ လို မလိုဆိုတဲ့ကိစ္စဟာ အထက်တင်ပြခဲ့တဲ့အတိုင်း ကိုယ်ပိုင် အဆုံးအဖြတ်ပြုရမယ့်ကိစ္စလို့ ဆိုချင်ပါတယ်။

(က) တရားရုံးအတွေ့အကြုံ

(ခ) စွမ်းဆောင်နိုင်မှုအတိုင်းအတာ

(ဂ) သိမြင်နားလည်မှု...ဆိုတဲ့ အချက် သုံးချက်ကို မူတည်ပြီး ဆုံးဖြတ်ဖို့လိုတယ်။

ရှေ့နေငှားဖို့ မလိုအပ်ဘူးလို့ ထင်မြင်ယူဆရင် ကိုယ့်ကိုယ်ကို ရှေ့နေတစ်ယောက်လို့ မှတ်ယူပြီး အစစ လုပ်ဆောင်ရမှာဖြစ်တယ်။

တကယ်လို့ ရှေ့နေငှားဖို့ လိုအပ်မယ်လို့ ယူဆရင်တော့ သင့်လျော်အပ်စပ်တဲ့ ရှေ့နေကို ရွေးပြီး ငှားဖို့ အကြံပြုလိုပါတယ်။

ငှားတဲ့နေရာမှာ ဘယ်လိုရှေ့နေမျိုးကို ငှားသင့်တယ်ဆိုတာ အကြံမပြုမီ ရှေ့နေလောကအကြောင်း နည်းနည်းပြောပြချင်ပါတယ်။ ရှေ့နေလောကကို ကြည့်တဲ့နေရာမှာ

၁။ ပညာရှင်ရှေ့နေ

၂။ ပွဲစားသာသာရှေ့နေ

၃။ သီးသီးခြားခြား ကြိုးပမ်းနေတဲ့ ရှေ့နေဆိုပြီး အကြမ်းဖျင်း သုံးမျိုးသုံးစားရှိတာကို တွေ့ရလိမ့်မယ်။

ပညာရှင်ရှေ့နေ ဆိုတာတွေကတော့ ရှေ့နေလောကရဲ့ ဒိတ်ဒိတ်ကြဲတွေ ပေါ့ကွယ်။ များသောအားဖြင့် အမှုကြီးတွေမှာ ဟိုဘက်ဒီဘက် အလုအယက် ငှားရမ်းခြင်းခံနေရတဲ့ ရှေ့နေတွေဖြစ်တယ်။ ပြစ်မှုဘုရင် တရားမဘုရင်ရယ်လို့ တင်စားအခေါ်ခံရတာတွေတောင်

http://www.cherrythitsar.org



ရှိပါတယ်။ ဒီလို အမည်ကင်ပွန်းအတပ်ခံရလောက်အောင် လေးစားထိုက်တဲ့ ပညာရှင်ရှေ့နေတွေ ရှိတယ်။ ကုမ္ပဏီကြီးတွေ ဘဏ်ကြီးတွေရဲ့ အကြံပေးပုဂ္ဂိုလ်တွေအဖြစ်လည်း ရပ်တည်နေကြတယ်။ ဒီရှေ့နေကြီးတွေရဲ့ ဂုဏ်သတင်းဟာ ကြော်ငြာနေဖို့မလိုဘဲ ကိုယ်ပိုင်အရည်အသွေးတွေနဲ့ သတင်းမွှေးနေတတ်တယ်။

ဒီပုဂ္ဂိုလ်ကြီးတွေရဲ့ ပညာအပေါ်၊ တန်ဖိုးအမှန် သိသူတွေကတော့ ထိုက်ထိုက်တန်တန် ကြေးပေးပြီး ငှားရမ်းနေကြလေရဲ့။

အခု ဆက်လက်ပြီး ပွဲစားသာသာ ရှေ့နေအကြောင်းကို ပြောပြပါ့မယ်။ သူတို့ရဲ့ လုပ်နည်းလုပ်ဟန်က တခြားရှေ့နေတွေနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ပွဲစားသာသာ ရှေ့နေတစ်ယောက် ပြောလေ့ပြောထရှိတဲ့ စကားတစ်ခွန်းရှိတယ်။ 'မနက်ဖြန်ရမယ့် ငွေတစ်ထောင်ထက် ဒီနေ့ရမယ့် ငွေတစ်ရာက ပိုအရေးကြီးတယ်' ဆိုတဲ့ အပြောနဲ့ စကားနောက် တရားပါ လုပ်နည်းလုပ်ဟန်မျိုးပဲ။

ရှေ့နေဆိုတာ အမှုရအောင် မိမိကိုယ်မိမိ မကြော်ငြာရပါ။ အရည်အချင်းရှိတဲ့ ရှေ့နေအနေနဲ့ ပင်ကိုယ်သတင်းကောင်းမွှေးမှုနဲ့ ရပ်တည်နိုင်ပေမယ့် ပင်ကိုယ် ပညာဂုဏ်သတင်းမွှေးပျံ့မှုနည်းပါးတဲ့ ရှေ့နေတွေကတော့ ကြော်ငြာပေးမယ့် ပွဲစားစစ်စစ်တွေကို အားကိုးလေ့ရှိတယ်။

အချို့ ပွဲစားစစ်စစ်တွေဟာ ရှေ့နေတွေကို သိကြားမင်းကြီးအလား အမှုသည်များအထင်ရောက်အောင် အပို့အညွှန်းတွေနဲ့ ပို့တတ်ကြတယ်။ သူတို့နဲ့ အစေးမကပ်တဲ့ ရှေ့နေတွေကိုတော့ ခွေးလှေးကြမ်းပိုးသာသာဖြစ်အောင် ပြောလေ့ရှိတယ်။ အဲဒီရှေ့နေတွေရဲ့ ရှေ့နေခဟာ ပွဲစားရဲ့ အဆွယ်အဟော၊ အညွှန်းအမွှမ်းတွေအပေါ် မူတည်တယ်။ အမှုပွဲစားက ရှေ့နေကို အမှုရအောင် ပွဲစားဝင်လုပ်ပေးတယ်။ ပြီးတော့မှ ရှေ့နေဆီက ပွဲစားခ ပြန်တောင်းယူတယ်။

http://www.cherrythitsar.org



ပွဲစားဝန်းကျင်နဲ့ ကျင်လည်ကျက်စားတဲ့အတွက် အဲဒီရှေ့နေတွေရဲ့ လုပ်နည်းလုပ်ဟန်ဟာလည်း ပွဲစားဆန်နေတတ်တယ်။ဒါကြောင့်လည်း သူတို့ကို ပွဲစားသာသာရှေ့နေလို့ သတ်မှတ်တာဖြစ်တယ်။

သီးသီးခြားခြား ကြိုးပမ်းနေတဲ့ ရှေ့နေတွေအကြောင်း ဆက်ပြီး ပြောပါ့မယ်။ အမှုရအောင် ပွဲစားကိုအားမကိုးဘဲ လုပ်ရှား ရပ်တည်နေတဲ့ အမျိုးအစားလို့ ဆိုနိုင်တယ်။ ပညာအရည်အသွေးမှာ ပညာရှင်အဆင့်မဟုတ်သေးပေမယ့် ပညာရှင်အဆင့်ကို တက်လှမ်းဖို့ ကြိုးပမ်းနေတဲ့ အနေအထားရှိတယ်။ သူတို့မှာ အညွန့်တလူလူ ရှိနေတယ်။ ရှေ့နေတို့ရှိအပ်သည့် ကြန်အင်လက္ခဏာ ပရိက်တွေပြည့်စုံမှု မရှိသေးပေမယ့် ရှိလာအောင် ကြိုးပမ်းနေတဲ့ သဘောရှိတယ်။ သူတို့ကတော့ ဒီနေ့ရမယ့် ငွေတစ်ဆယ်ဆိုတာထက် မနက်ဖြန်ရမယ့် ငွေတစ်ထောင်ဆိုတာအတွက် ကြိုးပမ်းနေဆဲ ရှေ့နေအမျိုးအစားလို့ ဆိုနိုင်တယ်။

အမှုသည်ဟာ ကိုယ်တတ်နိုင်တဲ့ ပမာဏကို ချင့်ချိန်ပြီး မိမိအမှုအတွက် အအပ်စပ်ဆုံးနဲ့ အသင့်လျော်ဆုံး ဖြစ်လိမ့်မယ်လို့ ထင်မြင် ယူဆတဲ့ ရှေ့နေကို ရွေးချယ်သင့်တယ်။

အချို့ ရှေ့နေတွေဟာ အမှုတည်ဆောက်တဲ့နေရာမှာ စေ့စပ်သေချာတယ်။ အချို့ရှေ့နေတွေဟာ အမှုကို ချေဖျက်ရာမှာ ပိုင်နိုင်တယ်။ ဒါကြောင့် တရားလိုဘက်က ရှေ့နေငှားမယ်ဆိုရင် ပထမအမျိုးအစား ရှေ့နေမျိုးကို ရွေးချယ်ပြီး ငှားရမ်းသင့်တယ်။ တရားခံဘက်က ရှေ့နေငှားမယ်ဆိုရင် ဒုတိယအမျိုးအစား ရှေ့နေမျိုးကို ရှာဖွေပြီး ငှားရမ်းသင့်တယ်။

ရှေ့နေရဲ့ လုပ်ရည်ကိုင်ရည်ဟာ အမှုရဲ့ အတိမ်အနက် အလေးအပေါ့ကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ရှေ့နေမင်း ငှားကာမှ ထောင်လုံးလုံးကျတာမျိုးလည်း ဖြစ်တတ်တယ်။ အမှန်တကယ် အပြစ်ရမယ့်အမှုမျိုးကို ရှေ့နေက လိုက်ပါဆောင်ရွက်ပေးပြီး သက်သက်သာသာ

http://www.cherrythitsar.org



ဖြစ်စေတဲ့ အပြစ်မျိုးရအောင် စွမ်းဆောင်ပေးနိုင်တဲ့ ရှေ့နေမျိုးလည်း ရှိတယ်။ ဘာပဲပြောပြော ရှေ့နေငှားတော့မယ်ဆိုရင် မငှားခင် သတိပြုရမှာက ရှေ့နေငှားရမ်းခြင်းဟာလည်း အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမည်ရည် စုတ်ထိုး ဆိုတာမျိုးတစ်မျိုးပဲ ဆိုတာကို သတိပြုပါလို့ အကြံပြုချင်ပါတယ်။

# အခန်း (၈)

## နိုင်ငံခြားသားနှင့် ထိမ်းမြားသည့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။နိုင်ငံခြားသားတစ်ဦးအနေနဲ့ မြန်မာအမျိုးသမီးတစ်ဦးကို တရားဝင် ထိမ်းမြားလက်ထပ်ချင်တယ်ဆိုရင် လက်ထပ်ပိုင်ခွင့် ရှိ မရှိ သိချင်ပါတယ်။

ကျွန်ုပ်။ ။ဒီအကြောင်းကို ပြောရမယ်ဆိုရင် နိုင်ငံတော်တရားရုံးချုပ်ရဲ့ (၁၅၊ ၁၀၊ ၉၉) ရက်စွဲပါ အမှာစာအမှတ် ၈၈၈/၄–၇န(၉၉) နဲ့ တရားရုံးချုပ် (၁၊ ၇၊ ၉၈)ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၉၈ စာအမှတ် ၃၆၀၄/ ၃၁၄(ဂ) မှာပါတဲ့ အကြောင်းအချက်အချို့ကို ပြောဖို့ လိုအပ်ပါလိမ့်မယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ အမှာစာမှာပါတဲ့ အချက်တွေကို ရှင်းပြပေးစေလိုပါတယ်။

ကျွန်ုပ်။ ။လင်မယားအဖြစ် ထိမ်းမြားလက်ထပ် ကျမ်းကတိသစ္စာ ပြုလွှာကို မူလက နိုတြီပဗ္ဗလစ်ရှေ့နေကြီးတွေနဲ့ တရားရုံးတရားသူကြီးတွေက ပြုလုပ်ပေးပိုင်ခွင့်ရှိခဲ့ရာက နိုင်ငံတော်တရားရုံးချုပ်ရဲ့ (၁၅၊ ၁၀၊ ၉၉) ရက်စွဲပါ အမှတ် ၈၈၈/၄–၇န(၉၉) အမှာစာမှာ နိုတြီပဗ္ဗလစ် ရှေ့နေကြီးတွေကို အခုလိုမျိုး ညွှန်ကြားထားတာကို

http://www.cherrythitsar.org



တွေ့ရပါတယ်။ (နိုင်ငံသားတွေ့သည့်လက်မှတ်များနှင့် ရှေ့နေများသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား တို့ကို လက်ထပ်ပေးခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ ကတိသစ္စာပြုလွှာများတွင် လက်မှတ်ရေးထိုးပေးခြင်း စသည့် လုပ်ပိုင်ခွင့်များမရှိ) လို့ ဆိုထားတယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ တရားရုံးချုပ်ရဲ့ (၁၊ ၇၊ ၉၈) ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၉၈ အကြောင်းကိုလည်း သိချင်ပါတယ်။

ကျွန်ုပ်။ ။ဒီညွှန်ကြားချက်က တရားရုံးတွေကို ညွှန်ကြားတာ ဖြစ်တယ်။ အဲဒီညွှန်ကြားချက်မှာ ဘယ်လိုပါရှိသလဲ ဆိုတော့ (မြန်မာနိုင်ငံသို့ ပြည်ပအသီးသီးမှ ဝင်ရောက်လာကြသည့် နိုင်ငံခြားသားများသည် အသွင်မျိုးစုံဖြင့် ဝင်ရောက်လျက်ရှိကြပြီး အချို့သော နိုင်ငံခြားသားများသည် မြန်မာနိုင်ငံရှိ လူပွဲစားများနှင့် ဆက်သွယ်၍ မြန်မာအမျိုးသမီးများကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြားယောင်းသွေးဆောင်ကာ တရားရုံးတွင် လင်မယားအဖြစ် လက်ထပ်ကြောင်း၊ ကျမ်းကျိန်လွှာပြုလုပ်ပြီးနောက် နိုင်ငံခြားသို့ ခေါ်ယူသွားကြောင်း၊ ယင်းသို့ ပြင်ပသို့ခေါ်ဆောင်သွားခြင်း ခံရသူများသည် ပြည်ပသို့ မရောက်မီ၌ပင် မလိုလားအပ်သောပြဿနာများနှင့် တွေ့ကြုံရပြီး ပြည်ပသို့ရောက်ရှိသောအခါ၌လည်း အကျင့် သိက္ခာပျက်ပြားမှုများနှင့် ပြဿနာအမျိုးမျိုး ပေါ်ပေါက်ခဲ့ရကြောင်း ကြားသိရသည်။ ယင်းကဲ့သို့ မြန်မာအမျိုးသမီးများအား အမျိုးသားစိတ်ဓာတ်ကင်းမဲ့

http://www.cherrythitsar.org



စွာ ငွေကြေးဖြင့် ဖြားယောင်းသွေးဆောင်၍ အမျိုးဂုဏ် သိက္ခာကို စောင့်ထိန်းခြင်းမရှိဘဲ နိုင်ငံခြားသားများနှင့် လက်ထပ်စေကာ ပြည်ပသို့ ခေါ်ဆောင်သော အစီအစဉ် များ ပြုလုပ်လျက်ရှိကြသဖြင့် အမျိုးသားစိတ်ဓာတ် ပြည့်ဝစွာထားရှိပြီး မြန်မာအမျိုးသမီးများ အတိဒုက္ခ ရောက်ကာ ဘဝဆုံးရှုံးကြရမည့် အန္တရာယ်ကိုအမျိုးသား ရေးတာဝန်တစ်ရပ် အနေဖြင့် ကာကွယ်ကြရမည်ဖြစ် သည်။

ထို့ကြောင့် တရားရေးအရာရှိအားလုံးသည် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးအား မည်သည့် နိုင်ငံခြားသားနှင့်မျှ ထိမ်းမြားလက်ထပ်ပေးခြင်းမပြုလုပ် ရန် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးအား နိုင်ငံခြား သားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ကြောင်း ကျမ်းကျိန် လွှာ လုပ်ပေးရန် တင်ပြလာပါက မည်သည့်တရားရုံး ကမျှ လက်ခံဆောင်ရွက်ခြင်းမပြုရန် တရားရုံးချုပ်က ညွှန်ကြားခဲ့သည်။) လို့ ဖော်ပြပါရှိတာ တွေ့ရတယ်။

တစ်ဦး။ ။ဒီလိုဆိုရင် နိုင်ငံခြားသားတစ်ဦးနဲ့ မြန်မာအမျိုးသမီး တစ်ဦးတို့ဟာ ဘယ်လိုမှ လက်ထပ်လို့မရနိုင်တော့ဘူး ဆိုတဲ့ သဘောပါလား ခင်ဗျာ။

ကျွန်ုပ်။ ။အဲဒီလိုလည်း မဟုတ်ပေဘူးကွဲ့။ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ဦးဟာ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ မြန်မာနိုင်ငံသား ဒါမှမဟုတ် နိုင်ငံခြားသားဖြစ်သူ အမျိုးသားနဲ့ ထိမ်းမြားလက်ထပ်မယ်ဆိုရင် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနဲ့ အမွေဆက်ခံမှု အက်ဥပဒေနဲ့အညီ တရားဝင်ထိမ်းမြား

http://www.cherrythitsar.org



လက်ထပ်နိုင်တယ်။ အဲဒီလို ထိမ်းမြားလက်ထပ်မယ် ဆိုရင် အဲဒီအက်ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ အဲဒီအက်ဥပဒေအရ ခန့်ထားတဲ့ထိမ်းမြားမှု မှတ်ပုံတင်အရာရှိတွေကသာ ထိမ်းမြားလက်ထပ်ပေး ပိုင်ခွင့်ရှိတယ်။

**စိစိစစ်စစ် မှန်မှန်ကန်ကန်ဖြစ်စေလိုတဲ့ သဘော ပေါ့ကွယ်။**

တစ်ဦး။ ။ဟုတ်ကဲ့၊ အခုလိုမျိုး သိခွင့်ရတဲ့အတွက် ကျေးဇူးပါပဲ ဆရာရယ်။

# အခန်း (၉)

## ထိမ်းမြားကတိပျက်ကွက်သည့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။ထိမ်းမြားလက်ထပ်မယ်လို့ ကတိပေးထားပြီး လက်ထပ် ထိမ်းမြားဖို့ ပျက်ကွက်ခဲ့ရင် ပျက်ကွက်သူအပေါ် လျော်ကြေးတောင်းလို့ ရ မရ သိပါရစေခင်ဗျား။

ကျွန်ုပ်။ ။ထိမ်းမြားလက်ထပ်မယ်လို့ ကတိပေးထားတဲ့ကိစ္စဟာ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းတာမျိုး ဖြစ်ဖို့လို လိမ့်မယ်။ စေ့စပ်ကြောင်းလမ်းပွဲ အခမ်းအနားရှိခဲ့ပြီး ကာမှ လက်ထပ်ဖို့ ပျက်ကွက်မယ်ဆိုရင် ကတိပျက် ကွက်သူအပေါ် လျော်ကြေးတောင်းဆိုနိုင်တယ်။

တစ်ဦး။ ။ဘယ်သူ့ကို တရားစွဲပြီး တောင်းရမယ်ဆိုတာ သိချင် ပါတယ်။

ကျွန်ုပ်။ ။ပေးထားပြီး ကတိကို ပျက်ကွက်ခဲ့သူအပေါ် စွဲရမှာ ပေါ့ကွယ်။

တစ်ဦး။ ။မှတ်သားစရာ နမူနာ အဖြစ်အပျက်တစ်ရပ်ရှိရင် သိချင်ပါတယ်ခင်ဗျာ။

ကျွန်ုပ်။ ။မန္တလေးရုံးထိုင် နိုင်ငံတော်တရားရုံးချုပ်က ကြားနာခဲ့ တဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြပါမယ်။ စစ်ကိုင်း

http://www.cherrythitsar.org



တိုင်းအတွင်းက ကျေးရွာတစ်ရွာမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခု ဆိုပါတော့ကွယ်။

ကိုဖက်စိန်နဲ့ တစ်ရွာတည်းနေ မဝါဝါဝင်းရွှေ တို့ဟာ နှစ်ဖက်မိဘဆွေမျိုးတွေရဲ့ရှေ့မှာ စေ့စပ်ကြောင်း လမ်းခဲ့ကြတယ်။ ဒီလို နှစ်ဖက်မိဘဆွေမျိုးတွေရှေ့ မှောက်မှာ စေ့စပ်ကြောင်းလမ်းထားပေမယ့် မဝါဝါဝင်း ရွှေဟာ များမကြာမီမှာပဲ ကိုစိုးနိုင်ဆိုသူနဲ့ ခိုးရာလိုက် ပြေးသွားခဲ့ပြီး လက်ထပ် ပေါင်းသင်းသွားခဲ့ကြတယ်။ ဒါကြောင့် ကိုဖက်စိန်က ကတိပျက်ကွက်တဲ့ မဝါဝါဝင်း ရွှေနဲ့ သူ့မိခင်တို့ထံက လျော်ကြေးငွေရလိုမှုစွဲတယ်။

တစ်ဦး။ ။လျော်ကြေးငွေတောင်းသူဟာ မိန်းကလေးမဟုတ်ဘဲ ယောကျ်ားလေးဖြစ်နေတဲ့အချက်ကိုက စိတ်ဝင်စား စရာပါပဲ။

ကျွန်ုပ်။ အဲဒီအမှုမှာ မဝါဝါဝင်းရွှေက ဘယ်လိုခုခံသလဲဆိုတော့ စေ့စပ်ကြောင်းလမ်းချိန်က သူ မရှိပါဘူး၊ ကတိလည်း မပေးခဲ့ရပါဘူးလို့ ဆိုတယ်။

တစ်ဦး။ ။ဒီအချက်ကလည်း ပိုပြီး စိတ်ဝင်စားစရာပေပဲ။

ကျွန်ုပ်။ နောက်တစ်ချက် ပိုပြီး စိတ်ဝင်စားစရာကောင်းတာ တစ်ခုရှိသေးတယ်ကွဲ့။

တစ်ဦး။ ။ဟုတ်ကဲ့၊ သိချင်ပါတယ် ခင်ဗျာ။

ကျွန်ုပ်။ ။မဝါဝါဝင်းရွှေရဲ့မိခင်အတွက် လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေက ဘယ်အချက်ကို ထောက်ပြသလဲဆိုတော့ ကတိပျက်ကွက်မှုမှာ နစ်နာသူက တစ်ဖက်မိဘကို လျော်ကြေးရဖို့ တရားစွဲခြင်းဟာ လက်ခံနိုင်စရာမဟုတ် ဘူးလို့ (မောင်သိန်းနဲ့ မသက်နှင်း အတွဲ–၈၊ အယ်လ်

http://www.cherrythitsar.org



ဘီ အာရ် ၃၄၇) စီရင်ထုံးကို ကိုးကားပြီး တင်ပြလာတယ်။

တစ်ဦး။ ။ဒီလိုဆို ကိုဖက်စိန် အမှုက တယ်မလွယ်ပါလား ဆရာရယ်။

ကျွန်ုပ်။ ။နောက်ထပ် ဥပဒေပြဿနာတစ်ရပ်ကို တရားပြိုင်က တင်ပြလာတာရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် (၆၅) မှာ ပြဋ္ဌာန်းထားချက်အရ (၃) နှစ်ကျော်လွန်ပြီးမှ အမှုကို စွဲဆိုတာဖြစ်လို့ စွဲခွင့်မရှိတော့ပါဘူးလို့ တင်ပြတယ်။

တစ်ဦး။ ။ကိုဖက်စိန်အတွက် ဒိုင်ပွဲရပ်များ ဖြစ်နေပြီလား ဆရာရယ်။

ကျွန်ုပ်။ ။ဒီအချက်တွေက တရားပြိုင်ဘက်က ချေပတဲ့ အချက်တွေပဲ၊ အဲ၊ အမှုကို တကယ်တမ်း စစ်ဆေးလိုက်တော့ သက်သေထွက်ချက်တွေအရ စေ့စပ်ကြောင်းလမ်းတဲ့ အခမ်းအနားမှာ မဝါဝါဝင်းရွှေ ရှိနေတယ်ဆိုတဲ့အချက် ပေါ်လွင်ထင်ရှားနေတာကို တွေ့ရတယ်။

တစ်ဦး။ ။ဒီလိုဆိုရင် လျော်ကြေးပေးရမယ့်သူဟာ မဝါဝါဝင်းရွှေနဲ့သာ ဆိုင်တယ်ဆိုတဲ့ သဘောများလားခင်ဗျာ။

ကျွန်ုပ်။ ။မဝါဝါဝင်းရွှေရဲ့ မိခင်ဘက်က တင်ပြတဲ့ မောင်သိန်းနဲ့ မသက်နှင်း အမှုနောက်ပိုင်းမှာ မောင်ကိုကြီးနဲ့ဒေါ်အုံးခင် (၁၉၆၅ မတစ ၉၁၃) အမှု ထပ်ပေါ်ပေါက်ခဲ့တာရှိတယ်၊ အဲဒီအမှုစီရင်ထုံးမှာ ပြဆိုထားတာက ကတိပြုရာမှာ ပါဝင်တဲ့ မိဘလည်း သက်ဆိုင်တယ်လို့ဆိုထားတယ်။ ဒါကြောင့် မိခင်မှာလည်း တာဝန်ရှိတယ်လို့ ရုံးတော်က သုံးသပ်ခဲ့တယ်။

http://www.cherrythitsar.org



တစ်ဦး။ ။ကာလစည်းကမ်းသတ် ပြဿနာရဲ့ အဖြေကိုလည်း သိချင်ပါတယ်။

ကျွန်ုပ်။ ။ကာလစည်းကမ်းသတ်ကို ရေတွက်တဲ့နေရာမှာ စေ့စပ်ကြောင်းလမ်းတဲ့ အချိန်ကစပြီး (၃) နှစ် ရေတွက်ရတာ မဟုတ်ဘဲ ခိုးရာလိုက်ပြေးချိန်က အစပြုရေတွက်ရတာ ဖြစ်လို့ ကာလစည်းကမ်းသတ်ဘောင်အတွင်းမှာပဲ ကျရောက်တယ်လို့ ရုံးတော်က သုံးသပ်ပြီး လျော်ကြေးတောင်းဆိုမှုကို ခွင့်ပြုခဲ့တယ်။

တစ်ဦး။ ။မောင်ဖက်စိန်က လျော်ကြေးဘယ်လောက် တောင်းခဲ့ပါသလဲ ခင်ဗျာ။

ကျွန်ုပ်။ ။ကိုဖက်စိန်က လျော်ကြေးငွေ ၁၅၀၀၀ိ/–ရလိုကြောင်း စွဲခဲ့တာဖြစ်တယ်။ လျော်ကြေးငွေနဲ့ပတ်သက်ပြီး လျော်ကြေး ဘယ်ရွေ့ဘယ်မျှ ပေးသင့်တယ်၊ ရထိုက်တယ် ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာအမှုသည်တွေရဲ့ လူနေမှုအဆင့်အတန်းရယ်၊ အမှုဖြစ်ရပ်ပေါ်ထောက်ထား ဆင်ခြင်ပြီး တရားရုံးတွေက အဆုံးအဖြတ်ပေးလေ့ရှိတယ်။

မူလရုံးက ဆင်ခြင်တုံတရားအရ လျော်ကြေးငွေ ၇၀၀၀ိ/– သတ်မှတ်ပေးခဲ့တယ်။ ဒါကို အထက်ရုံးက အတည်ပြုပေးခဲ့တယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ အခုလိုမျိုး ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်။

**ရည်ညွှန်းအမှု။** ။၁၉၉၈၊ တရားမ ပထမအယူခံအမှုအမှတ် ၁၉၄

(မန္တလေးရုံးထိုင်)

# အခန်း (၁၀)

## မပေါင်းသလို ပေါင်းသလိုမျိုးကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။ဆရာခင်ဗျား၊ မိန်းကလေးတစ်ယောက်ကို ထိမ်းမြား လက်ထပ်ယူမယ်ပြောပြီး ခန္ဓာကိုယ်ကို အရယူခဲ့ပြီးတဲ့နောက်မှာ အရပ်လူကြီးတွေရှေ့ လက်ထပ်စာချုပ်တော့ ပြုလုပ်ပေးခဲ့ပါရဲ့၊ ဒါပေမဲ့ အစ္စလာမ်ဘာသာအရ တရားဝင်လက်ထပ်ပြီးမှ အတူတူနေမယ်ဆိုတဲ့အချက်နဲ့ မိန်းကလေးကို ဥပေက္ခာပြုထားတဲ့ ယောကျာ်းတစ်ယောက်ရဲ့ အပြုအမူဟာ ရာဇဝတ်ပြစ်မှု ဖြစ် မဖြစ် သိချင်ပါတယ်။

ကျွန်ုပ်။ ။အဖြစ်အပျက်ကတော့ စိတ်ဝင်စားစရာပါပဲ၊ မိန်းကလေး တစ်ယောက်ကို ထိမ်းမြားလက်ထပ်မယ်လို့ ယုံအောင်ပြောတယ်ဗျာ၊ မိန်းကလေးက ယုံတဲ့အတွက် ပုံပြီးချစ်မိတယ်ဗျာ၊ ဒီအခါမှာ ယောကျာ်းလေးက ကာမကို ရယူတယ်။ ဒီလို ရယူပြီးတဲ့နောက် အရပ်လူကြီးတွေရှေ့မှာ လက်ထပ်စာချုပ် ပြုလုပ်ပေးခဲ့တယ်၊ ဒီအချက်ကိုကြည့်ရင်း မိန်းကလေးကို လက်ထပ်မယူဘူးလို့ ယတိပြတ်ပြောလို့ မရသလို လိမ်လည်ပြီး

http://www.cherrythitsar.org



ကာမကို ရယူတယ်လို့လည်း ယတိပြတ် မပြောနိုင်ပေဘူး။

ဒါပေမဲ့ ယောကျ်ားကလေးက အစ္စလာမ်ဘာသာအရ တရားဝင်လက်ထပ်ပြီးမှ အတူတူနေမယ်လို့ ပြောပြီး မိန်းကလေးနဲ့အတူ မပေါင်းသင်းဘဲ ဥပေက္ခာပြုထားတယ်ဆိုတဲ့ အချက်ကတော့ စဉ်းစားစရာ၊ တွေးတောစရာပေပဲ။

တစ်ဦး။ ။အဲဒီဖြစ်ရပ်မှာ ယောကျ်ားကလေးက မိန်းကလေးကို အမှန်တကယ် လက်ထပ်ပေါင်းသင်းတယ်လို့ ဆိုနိုင်/မဆိုနိုင် သိချင်ပါတယ်။

ကျွန်ုပ်။ ။ဒါက ယောကျ်ားကလေးရဲ့ အပြုအမူပေါ် တည်ပေလိမ့်မယ်။ ဒီဖြစ်ရပ်နဲ့တူတဲ့ အမှုတစ်မှု ပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီအမှုအကြောင်း ရှင်းပြလိုက်ရင် ခင်ဗျား သိချင်တဲ့အဖြေ ပေါ်လွင်လာပါလိမ့်မယ်။

တစ်ဦး။ ။ဒါဆိုရင်လည်း အမှုအကြောင်း သိချင်ပါတယ်။

ကျွန်ုပ်။ ။မနန်းဆိုတဲ့ မိန်းကလေးနဲ့ ကိုမြသန်းတို့ဟာ မူလတန်းကျောင်းတစ်ကျောင်းမှာ တာဝန်ထမ်းဆောင်ရင်း သမီးရည်းစား ဖြစ်ခဲ့ကြတယ်။ သမီးရည်းစားဘဝမှာပဲ ကိုမြသန်းက မနန်းကို တရားဝင်လက်ထပ်ယူမယ်လို့ ယုံကြည်အောင် ပြောဆိုခဲ့တဲ့အတွက် သားမယားအဖြစ် ဆက်ဆံခွင့်ပြုခဲ့ရာက သူမမှာ ကိုယ်လေးလက်ဝန်ဖြစ်လာခဲ့တယ်။ ကိုမြသန်းက ဘွဲ့ယူပြီးမှ မိဘတွေကို ဖွင့်ပြောမယ်လို့ ပြန်ပြောခဲ့တယ်။

၁၉၉၄ ခုနှစ်၊ မတ်လမှာ ကိုမြသန်း ဘွဲ့အယူသွားတယ်၊ ရန်ကုန်က ပြန်ရောက်တော့ ကိုယ်ဝန်ကို

ဖျက်ချလိုက်ဖို့ပြောတယ်၊ ဒါပေမဲ့ အလုပ်ကလူကြီးတွေ ပါဝင်ညှိနှိုင်းပေးတဲ့အတွက် (ရဝတ) ဥက္ကဋ္ဌရှေ့မှာ လက်ထပ်စာချုပ် ပြုလုပ်ပြီး လက်မှတ်ထိုးပေးခဲ့တယ်။

တစ်ဦး။ ။လက်ထပ်စာချုပ် လက်မှတ်ထိုးပေးပြီးတော့ကော။

ကျွန်ုပ်။ ။မနန်းကို ကိုမြသန်းက ကျောင်းပြန်လိုက်ပို့တယ်လေ။ အစ္စလာမ်ဘာသာအရ တရားဝင်လက်ထပ်ပြီးမှ အတူ တူနေမယ်လို့ပြောပြီး မိဘအိမ် ပြန်သွားခဲ့တယ်။ နောက်ပိုင်း လာရောက်တွေ့ဆုံခြင်းမရှိတော့ဘဲ မနန်းကို ဒီအတိုင်း ထားရစ်ခဲ့တယ်။

ဒီတော့ မနန်းက တရားရုံးကို ဦးတိုက်လျှောက် ထားပြီး ပုဒ်မ ၄၉၆/၄၁၇ တို့အရ တရားစွဲတော့တာ ပေါ့။

တစ်ဦး။ ။အဲဒီပုဒ်မတွေက ဘာတွေလဲဆိုတာလည်း သိချင်ပါ တယ်။

ကျွန်ုပ်။ ။ပုဒ်မ ၄၉၆ က တရားဝင်ထိမ်းမြားခြင်းမမြောက်ဘဲ လိမ်လည်လှည့်ဖြားလိုတဲ့သဘောနဲ့ ထိမ်းမြားခြင်း အခမ်းအနားကို ခံယူတဲ့အမှုပုဒ်မဖြစ်တယ်။ ပုဒ်မ ၄၁၇ က လိမ်လည်ပြီး ကာမကို ရယူတဲ့ အမှုပုဒ်မ ဖြစ်တယ်။

အောက်ရုံးက အမှုကိုစစ်ဆေးပြီးတဲ့အခါမှာ ပုဒ်မ ၄၉၆ အရ (၃) နှစ်၊ ပုဒ်မ ၄၁၇ အရ (၁) နှစ် ထောင်ဒဏ် သတ်မှတ်ခဲ့တယ်။ အဲဒီအမိန့်ကို ကိုမြသန်း မကျေနပ်လို့ အထက်ရုံးတက်ပြီး အယူခံတယ်။ အယူခံ ရုံးက အောက်ရုံးအမိန့်ကို ပယ်ဖျက်ပြီး ကိုမြသန်းကို အမှုက အပြီးလွှတ်ကြောင်း အမိန့်ချတယ်။

http://www.cherrythitsar.org



ဒါကို ရှေ့နေချုပ်ရုံးက ကျေနပ်မှုမရှိတဲ့အတွက် နိုင်ငံတော်တရားရုံးချုပ်ကို အယူခံတက်ပါတယ်။

တစ်ဦး။ ။ဘယ်အချက်တွေကို မူတည်ပြီး တက်ရောက်ခဲ့တာပါလဲ။

ကျွန်ုပ်။ ။ကိုမြသန်းဟာ မနန်းကို ရဝတအဖွဲ့ရှေ့မှာ အသိသက်သေတွေနဲ့လက်ထပ်စာချုပ်မှာလက်မှတ်ရေးထိုးပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းခြင်းမရှိဘဲ အစ္စလာမ်ဘာသာအရတရားဝင်လက်ထပ်ပြီးမှ အတူတူနေမယ်၊ မီးဖွားပြီးမှ တရားဝင်လက်ထပ်မယ်လို့ပြောဆိုပြီး မိဘအိမ်ပြန်သွားခဲ့တယ်။ အစ္စလာမ်ထုံးစံနဲ့အညီလက်ထပ်ချင်ပါတယ်လို့ အစ္စလာမ်အုပ်ချုပ်ရေး အဖွဲ့က တစ်ဆင့် ကိုမြသန်းရဲ့မိသားစုထံ ဆက်သွယ် ကမ်းလှမ်းပေမယ့် ကိုမြသန်းက လက်ခံခြင်းမရှိခဲ့ဘူးလို့ ဆိုတယ်။

ကိုမြသန်းဟာ မနန်းကို ဆက်သွယ်မှုမပြုခဲ့ဘူး။ အမှုမှာ အငြင်းမပွားတာက သူတို့နှစ်ဦး သမီးရည်းစားဖြစ်ခဲ့တယ်ဆိုတာရယ်၊ တရားဝင်လက်ထပ်မယ်လို့ ယုံအောင်ပြောပြီး မနန်းရဲ့ ကာမကို ရယူဆက်ဆံခဲ့တယ်ဆိုတာရယ်၊ သူ့ကြောင့် ကိုယ်ဝန်ရခဲ့တယ်ဆိုတာရယ်တွေပဲ ဖြစ်တယ်။

ကိုမြသန်းက အစ္စလာမ်ဘာသာကိုးကွယ်သူဖြစ်ပြီး မနန်းက ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်တယ်။ ကိုမြသန်းဟာ ကာမကို လိမ်လည်ရယူခဲ့ပြီး တရားဝင်လက်ထပ်ခြင်းမရှိတဲ့အပြင် တရားဝင် ထိမ်းမြားမှု မမြောက်ကြောင်း သိလျက်နဲ့ လိမ်လည်ပြီး ရဝတရှေ့မှာ ကတိစာချုပ်နဲ့ ထိမ်းမြားခြင်းပြုခဲ့တာထင်ရှားတယ်။

http://www.cherrythitsar.org



ဒါကြောင့် အမှုက အပြီးအပြတ်လွတ်တာ မှားယွင်းပါတယ်ဆိုပြီး အယူခံ တက်ရောက်ခဲ့တာဖြစ်တယ်။

တစ်ဦး။ ။မသိလို့ မေးပါရစေခင်ဗျား၊ ရဝတ (ဥက္ကဋ္ဌ)ရှေ့မှာ လက်ထပ်စာချုပ်ပြုလုပ်တာ လက်ထပ်ပေါင်းသင်းတာပဲ မဟုတ်လား။

ကျွန်ုပ်။ ။အစ္စလာမ်ဓလေ့ထုံးစံအရဆိုရင် ဗလီဆရာရှေ့မှာ သွားရောက်ပြီး သူတို့ထုံးစံအရ ပြုလုပ်ရသလို ခရစ်ယာန်ဘာသာအရဆိုရင်လည်း သက်ဆိုင်ရာသင်းအုပ်ဆရာရှေ့မှာ သွားရောက်လက်ထပ်ရတယ်။

တစ်ဦး။ ။သြော်၊ ဟုတ်ကဲ့ပါ။ ဒါဆို ဆက်မေးပါရစေခင်ဗျား၊ အမှုမှာ ကိုမြသန်းက ဘယ်ပုံဘယ်လို ထုချေခဲ့တယ်ဆိုတာလည်း သိချင်ပါတယ်။

ကျွန်ုပ်။ ။ကိုမြသန်းဘက်က ဘယ်လိုထုချေသလဲဆိုတော့ ကိုမြသန်းက မနန်းကို ဘယ်ဘာသာအရ လက်ထပ်မယ်လို့ ကတိပြုခဲ့ကြောင်းကို မနန်းက ဖော်ပြထွက်ဆိုခြင်းမပြုနိုင်ဘူးလို့ ဆိုတယ်။ မူလကတည်းက ကတိပြုခဲ့တာမရှိဘဲ နှစ်ဦးသဘောတူ ဆက်ဆံလာခဲ့ကြခြင်းသာဖြစ်တယ်လို့ ဆိုတယ်။ မနန်းရဲ့ကိုယ်ဝန်ဟာ သူနဲ့ရတဲ့ကိုယ်ဝန်ဖြစ်တယ်လို့ ဝန်ခံတယ်။ လက်ထပ်ပြီး ငွေကြေး ထောက်ပံ့ခဲ့တယ်လို့ဆိုတယ်၊ ဒါကြောင့် ပုဒ်မ ၄၁၇ အရ အပြစ်စီရင်ရင် မဖြစ်နိုင်ဘူးလို့ဆိုတယ်။

တစ်ဦး။ ။ဘာကိုဆိုလိုတာပါလဲ ခင်ဗျား။

ကျွန်ုပ်။ ။သူလက်မှတ်ထိုးပေးခဲ့တဲ့ လက်ထပ်စာချုပ်ဟာ ပျက်ပြယ်မှု မရှိ၊ ပဋိညာဉ်ဥပဒေနဲ့အညီ ဖြစ်တဲ့အကြောင်း တင်ပြတာဖြစ်တယ်။

မနန်းဟာ မိမိဇနီးဖြစ်ပါတယ်။ မိမိနဲ့ရတဲ့ကိုယ်ဝန် ဖြစ်ပါတယ်လို့ ကိုမြသန်းက ဝန်ခံတယ်၊ ဒီလိုဝန်ခံ တာဟာ မဟာမေဒင်ဥပဒေအရ လက်ထပ်ထိမ်းမြားမှု မြောက်ပါတယ်လို့ ဆိုတယ်။ ဒါကြောင့် ပုဒ်မ ၄၉၆ အရ မူလရုံးက ပြစ်ဒဏ်ချမှတ်ခဲ့တာကို ဇရာဝတီ တိုင်းရုံးက ပယ်ဖျက်ခဲ့တာ မှန်ပါတယ်လို့ ထုချေတယ်။

တစ်ဦး။ ။တရားရုံးချုပ်က အဲဒီအမှုကို ဘယ်လိုအဆုံးအဖြတ် ပေးခဲ့ပါသလဲ ခင်ဗျာ။

ကျွန်ုပ်။ ။နှစ်ဦးသဘောတူ လက်ထပ်ကြောင်း စာချုပ်အရ မနန်းနဲ့ ကိုမြသန်းတို့ နှစ်ဦးသဘောတူ အကြင်လင် မယားအဖြစ် ဆက်ဆံနေထိုင်သွားကြဖို့ နှစ်ဦးနှစ်ဖက် လွတ်လပ်တဲ့စိတ်ဆန္ဒနဲ့ စာချုပ် ချုပ်ဆို လက်မှတ်ရေး ထိုးတာ ပေါ်လွင်တယ်။ ဒီလို လက်မှတ်ရေးထိုးပြီး နောက်ပိုင်းမှာ အစ္စလာမ်ဘာသာ ထုံးတမ်းနဲ့အညီ လက်ထပ်လို့ မရနိုင်တဲ့အတွက် လင်မယားအဖြစ်အတူ ပေါင်းသင်းနေထိုင်ဖို့ ငြင်းဆန်တာဟာ လက်ထပ်မယ် လို့ကတိပေးပြောကြားချက်၊ နှစ်ဦးသဘောတူလက်ထပ် ကြတဲ့အကြောင်း ကြေညာချက်ကို ဖောက်ဖျက်ရာ ရောက်တယ်။

လက်ထပ်ယူပါမယ်လို့ ကိုမြသန်းက ကတိပြုခဲ့ တာလည်း ပေါ်လွင်တယ်။ လက်ထပ်မယ်လို့ ပြောပြီး ကာမဆက်ဆံတယ်၊ ကိုယ်ဝန်ရပြီးမှ အကြင်လင်မယား အဖြစ် ပေါင်းသင်းနေထိုင်ဖို့ကို ကိုမြသန်းက ငြင်း တယ်။ ဒီလိုငြင်းခြင်းဟာ မနန်းအပေါ် လိမ်လည်ရာ ရောက်တယ်။ ၎င်းနဲ့ မနန်းတို့ လက်ထပ်ကြောင်း၊

http://www.cherrythitsar.org



ကိုယ်ဝန်ဟာလည်း ၎င်းနှင့် ဆက်ဆံ၍ရတဲ့ ကိုယ်ဝန်ဖြစ်ကြောင်း တရားရုံးရှေ့မှာ ပြောဆိုရုံမျှနဲ့ လက်ထပ်ထိမ်းမြားမှု မြောက်တယ်ဆိုတဲ့အကြောင်းပြချက်ဟာ လက်တွေ့မဆန်တဲ့ အပြောသက်သက်မျှသာ ဖြစ်တယ်။ နှုတ်နဲ့စာနဲ့ ကတိပေးဝန်ခံပြောကြားရုံမျှသာ ဆောင်ရွက်ခြင်းဟာ လက်တွေ့ထိမ်းမြားမှုကို အကောင်အထည်ဖော်ဆောင်ရာ မရောက်ဘူး။ လက်တွေ့မှာ မနန်းဟာ ကိုယ်ဝန်နဲ့သာ ကျန်ရစ်ခဲ့ပြီး ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲမှုနဲ့ ကြုံတွေ့နေရတယ်။ ၎င်းရဲ့ အသိုင်းအဝိုင်းမှာ ဂုဏ်သိက္ခာ ညှိုးနွမ်းခံနေရတယ်။ မနန်းအနေနဲ့ လိမ်လည်ခြင်း ခံလိုက်ရတာပဲဖြစ်တယ်လို့ သုံးသပ်ခဲ့တယ်။ ပြစ်မှုကြောင်းအရ အရေးယူခံရခြင်းက ကင်းလွတ်ခွင့်ပြုဖို့ အကြောင်းမရှိဘူးလို့ အဆုံးအဖြတ်ပြုခဲ့တယ်။

တစ်ဦး။ ။ဟုတ်ကဲ့ ခင်ဗျာ၊ အခုလိုမျိုးရှင်းပြတာ ကျေးဇူးတင်ပါတယ်။

ရည်ညွှန်းအမှု။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုမြသန်း ၁၉၉၆၊ မတစ၊ စာ ၁၃၆

# အခန်း (၁၁)

## လင်ယောကျ်ား ရူးသွပ်သည့်ကိစ္စ
## သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။'မကောင်းကျင့်မှု၊ ပျင်းရှုးလူကို၊ အိမ်သူနှင်ရာ' ဆိုရာ၌ အကျင့်မကောင်း၊ ဟော့ရမ်းသော့သွမ်းသောသူ၊ အလွန်ပျင်းရိလှသောသူ၊ ရူးသွပ်သောသူ ဤသုံးယောက်တည်း။ ၎င်းသုံးယောက်မှာ မယားက သည်းမခံနိုင်၍ အိမ်က နှင်ထုတ်လျှင် နှင်ထုတ်ပိုင်စေ' ဟူ၍ ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုခဲ့တဲ့ အဋ္ဌသံခေပဝဏ္ဏနာကျမ်းရဲ့အပိုဒ် ၃၈၁ မှာ ပါရှိတာကို ဖတ်ရဖူးပါတယ်။ ဒါကြောင့် ရူးသွပ်နေတဲ့ တစ်နည်းပြောရရင် နှစ်ရှည်လကြာ စိတ်ရောဂါဝေဒနာ ခံစားနေတဲ့ လင်ယောကျ်ားဟာ လင်ယောကျ်ားတစ်ဦး ထမ်းဆောင်ရမယ့်တာဝန်တွေကို ထမ်းဆောင်နိုင်ခြင်း မရှိဘူးဆိုရင် မယားအနေနဲ့ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ကွာရှင်းခွင့် ရထိုက်မရထိုက် သိချင်ပါတယ်။

ကျွန်ုပ်။ ။ကင်းဝန်မင်းကြီးဦးကောင်းပြုစုတဲ့ (၃၄) စောင်တွဲ အိမ်မှုခန်းဓမ္မသတ်ကျမ်း၊ အခန်း (၄၀) မှာ လင်မယားကွာရှင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဓမ္မသတ်လာပြဋ္ဌာန်း

ချက်တွေကို စုစည်းဖော်ပြထားတဲ့နေရာမှာ လင်ပဲဖြစ်ဖြစ်၊ မယားပဲဖြစ်ဖြစ် ရူးသွပ်တာကို အကြောင်းပြုပြီး ကွာရှင်းခွင့် ရရှိနိုင်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ ပါတာကို မတွေ့ရပါဘူးကွယ်။

အေး၊ ဒါပေမဲ့ အဋ္ဌသံခေပဝဏ္ဏနာကျမ်းမှာတော့ ခင်ဗျားရွတ်ပြတဲ့ အချက်ပါပါတယ်။ အဲဒီကျမ်းက ဓမ္မသတ်ကျမ်း မဟုတ်ဘူး။ ကင်းဝန်မင်းကြီးဦးကောင်းရဲ့ အမြင်သက်သက်အပေါ် အခြေခံရေးတဲ့ကျမ်းသာ ဖြစ်တယ်ကွဲ့။

တစ်ဦး။ ။ဒါဖြင့်ရင် လက်ရှိကျင့်သုံးနေတဲ့ အချက်ကို သိချင်ပါတယ်။

ကျွန်ုပ်။ ။မြန်မာ့အိမ်ထောင်စုတစ်ခုမှာ လင်ဖြစ်သူ စိတ်ရောဂါဝေဒနာ စွဲကပ်ပြီး ကုသလို့မရနိုင်တဲ့ အခြေအနေဆိုက်ရောက်နေရင် ဇနီးဖြစ်သူဟာ လင်ဖြစ်သူကို ကွာရှင်းခွင့်ရှိစေရမယ်ဆိုတဲ့ ဓလေ့ထုံးတမ်းတစ်ရပ် ရှိခဲ့ဖူးတာကို မတွေ့ရသေးပါဘူးကွယ်။

မြန်မာဗုဒ္ဓဘာသာ ယောကျ်ားတစ်ဦးနဲ့ မိန်းမတစ်ဦးတို့ဟာ နှစ်ဦးသဘောတူညီချက်နဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်ခဲ့ကြတာ ဖြစ်တယ်။ ဒါကြောင့် တစ်ဦးတစ်ယောက်ထဲရဲ့ ဆန္ဒနဲ့ အဲဒီအိမ်ထောင်ကို ဖြိုဖျက်ခြင်း မပြုနိုင်ဘူး။ တစ်ဦးဦးက အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်တဲ့အခါမှာ ကျန်ဇနီးခင်ပွန်းသည်က လင်မယားအဖြစ် ကွာရှင်းခွင့်တောင်းနိုင်တယ်။ အေးစိတ်ရောဂါဝေဒနာရှိတဲ့ ကိစ္စသက်သက်ဟာ အိမ်ထောင်ရေး ပြစ်မှုတစ်ရပ်ဖြစ်တယ်လို့ ပြောရခက်ပါတယ်။

http://www.cherrythitsar.org



တစ်ဦး။ ။ကျွန်တော် သိရသလောက်တော့ မဟာမေဒင်ဥပဒေအရဆိုရင် လင်ဖြစ်သူရှုးသွပ်တာကို အကြောင်းပြပြီး မယားဖြစ်သူအနေနဲ့ လင်မယားကွာရှင်းခွင့်တောင်းနိုင်တယ်လို့ သိရပါတယ်။

ကျွန်ုပ်။ ။မြန်မာဗုဒ္ဓဘာသာ လင်မယားရဲ့ အိမ်ထောင်ရေးဆိုင်ရာကိစ္စတွေကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရပဲ အဆုံးအဖြတ် ပြုရပါတယ်။ ဒါကို မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၁) မှာ အတိအလင်းပြဋ္ဌာန်းထားတယ်။ ၃၄ စောင်တွဲ အိမ်မှုခန်းဓမ္မသတ်တွေကဖြစ်ဖြစ် မြန်မာလူမျိုးတွေ လိုက်နာကျင့်သုံးလျက်ရှိတဲ့ ဓလေ့ထုံးတမ်းကဖြစ်ဖြစ် မယားဖြစ်သူဟာရူးသွပ်နေတဲ့လင်ကို ကွာရှင်းခွင့်ပေးထားခြင်း မရှိပါဘူးကွယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ အခုလိုမျိုးရှင်းပြတာ ကျေးဇူးတင်ပါတယ်။

ရည်ညွှန်းအမှုစီရင်ထုံး။ ။ဒေါ်လှလှဝင်း နှင့် ဦးဘရှင်

၁၉၉၁၊ မတစ၊ ၁၅၉။

# အခန်း (၁၂)

## စာချုပ်မရှိဘဲ ပေါင်းသည့်ကိစ္စ၊ ကွာမည့်ကိစ္စ သိကောင်းစရာဆွေးနွေးချက်များ

အောင်အောင်။ ။ဆရာခင်ဗျား လင်မယားကိစ္စ၊ ဥပဒေပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး သိချင်တာလေး မေးပါရစေခင်ဗျာ။

ကျွန်ုပ်။ ။ဘာများသိချင်လို့လဲကွယ်။

အောင်အောင်။ ။သူတို့နှစ်ဦး လက်ထပ်ကြတုန်းက တရားရုံးမှာ လက်ထပ်စာချုပ်တွေဘာတွေ လုပ်ခဲ့ကြတာမရှိဘူး ခင်ဗျ။ ဒါကြောင့် အခု ပြတ်တယ်ဆိုတဲ့နေရာမှာလည်း စာချုပ်တွေ ဘာတွေ မလုပ်ဘဲ ပြတ်နိုင်၊ မပြတ်နိုင် သိချင်လို့ပါ။

ကျွန်ုပ်။ ။နေပါဦး။ မင်းဥစ္စာ အရင်းမရှိအဖျားမရှိ တဲ့တိုးကြီးပါလား။ သူတို့ဆိုတာ ဘာလုမျိုးလဲ။ ဘာဘာသာကိုးကွယ်ကြတာလဲဆိုတာကို အရင်ပြောပြဦးမှပေါ့။

အောင်အောင်။ ။ဆောရီးပဲ ဆရာရေ၊ ကျွန်တော် သိချင်ဇောနဲ့ မေးမိတာ။ ဆန္ဒတွေစောသွားတယ်။ သူတို့က မြန်မာဗုဒ္ဓဘာသာတွေပါပဲ ဆရာ။

ကျွန်ုပ်။ ။မြန်မာဗုဒ္ဓဘာသာ သတို့သားနဲ့သတို့သမီး လက်ထပ် ထိမ်းမြားတယ်ဆိုတဲ့နေရာမှာ စာချုပ်

http://www.cherrythitsar.org



စာတမ်းနဲ့ လက်ထပ်ထိမ်းမြားမှ လင်မယားအရာ မြောက်တာမဟုတ်ပါဘူး။ ယောကျ်ားနဲ့မိန်းမ ပေါင်းသင်းနေထိုင်လိုတဲ့ သဘောတူညီမှု စိတ်ဆန္ဒသာ အဓိကပါ။ အဲ ရှေ့ခုနစ်အိမ်၊ နောက်ခုနစ်အိမ် အရပ်က အသိအမှတ်ပြုရင် လင်မယားအရာ မြောက်ပြီပေါ့။

အောင်အောင်။ ။ဒါဆိုရင် စာချုပ်ချုပ်မှ လင်မယားအရာမြောက်တာ မဟုတ်ဘူးပေါ့နော်။

ကျွန်ုပ်။ ။စာချုပ် ချုပ်တယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး ထိမ်းမြားကြောင်း တရားရုံးရှေ့မှာ ကျမ်းကတိသစ္စာပြုကြတာဖြစ်တယ်။ ဒါက အထောက်အထားအနေနဲ့ မှတ်တမ်းအနေနဲ့ ပြုကြတာပါ။

အောင်အောင်။ ။ဒါဆိုရင် လင်မယားကွာရှင်းတဲ့နေရာမှာလည်း ကွာရှင်းစာချုပ် မလိုဘူးပေါ့နော်။

ကျွန်ုပ်။ ။မြန်မာဗုဒ္ဓဘာသာလင်မယား တကယ်တမ်း ကွာကြရှင်းကြတယ်ဆိုရင် ဘာကွာရှင်းစာချုပ်မှ မလိုပါဘူးကွယ်။ အဲ ယောကျ်ားကလည်း မပေါင်းချင်တော့ဘူး။ မိန်းမကလည်း မပေါင်းချင်တော့ဘူးဆိုရင် ကျောချင်းခိုင်းလိုက်ကြရုံပဲပေါ့။ ဘာကွာရှင်းစာချုပ်မှ မလိုပါဘူး။ နှစ်ယောက်စလုံး မပေါင်းတော့ပါဘူးဆိုမှ ကွာရှင်းစာချုပ် ချုပ်စရာလိုပါဦးမလား။ မလိုတော့ပါဘူး။

အေး ဒါပေမဲ့ တစ်ယောက်က တကယ်ကွာချင်တယ်၊ တစ်ယောက်က မကွာချင်ဘူးဆိုရင် လင်ခန်း မယားခန်း ဘယ်လိုပဲဖြတ်ဖြတ် အလွယ်တကူ လက်လွှတ်စပယ် ဖြတ်လို့တော့မရဘူးကွဲ့။

http://www.cherrythitsar.org



အောင်အောင်။ ။လင်နဲ့မယား ကတောက်ကဆဖြစ်ကြပြီ၊ ကွာမယ် ရှင်းမယ်ပြောရင်ကော အလိုလို ကွာရှင်းရာရောက် ပါသလား ခင်ဗျာ။

ကျွန်ုပ်။ ။လင်နဲ့မယား စိတ်အခန့်မသင့်ဖြစ်ကြတုန်း ကွာ မယ် ရှင်းမယ်၊ သူက သူ့ကို မပေါင်းဘူးပြော၊ တစ်ခါ တစ်ဖက်ကလည်း သူ့ကို မပေါင်းဘူး ပြောဆိုရုံသက်သက်နဲ့တော့ အလိုလိုကွာရှင်းရာ မရောက်နိုင်ပါဘူး။

တကယ်ပြတ်စဲချင်တဲ့ နှစ်ဦးစလုံးရဲ့စိတ်ဆန္ဒ ရှိမရှိ ကြည့်ဖို့လိုတယ်။ ဒါကြောင့်လည်း နောင်အခါ မကွာဘူး၊ ကွာတယ်အငြင်းပွားစရာ မဖြစ်ရလေ အောင်ကွာရှင်းပြတ်စဲစာချုပ်ကိုပြုလုပ်ကြတာပဲပေါ့။

အောင်အောင်။ ။ကွာရှင်းပြတ်စဲစာချုပ်လည်း မချုပ်ကြဘူး၊ ယောကျ်ားလေးကလည်း ကွာရှင်းချင်တဲ့ဆန္ဒ မရှိ ဘူး။ အဲ မိန်းကလေးကတော့ ကွာရှင်းချင်တဲ့ဆန္ဒ ရှိတယ်ဆိုရင် ကွာပြီလို့ ပြောလို့ရပါသလားခင်ဗျာ။

ကျွန်ုပ်။ ။မရနိုင်ပါဘူးကွယ်။ မရနိုင်ပါဘူး။

အောင်အောင်။ ။ဘယ်လိုကိစ္စမျိုးမှာ ပြတ်စဲနိုင်ပါသလဲ။

ကျွန်ုပ်။ ။မြန်မာလေ့ထုံးတမ်းဥပဒေအရ လင်ခန်းမယား ခန်း ပြတ်စဲဖို့ အဓိကအကြောင်းအရင်း (၃) မျိုး ရှိတယ်။

(၁) နှစ်ဦးသဘောတူကွာရှင်းတာ

(၂) လင်ဖြစ်သူ ရဟန်းပြုသွားတာ

(၃) အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာတာရှင်းတာ။

မပေါင်းချင်တော့လို့ ကွာရှင်းချင်သပ ဆိုရင် အထက်ကတင်ပြသလို နှစ်ဦးစလုံးရဲ့စိတ်ဆန္ဒက

အဓိကပါ။ နှစ်ဦးစလုံးက ကြာတယ်ဆိုမှ ကြာမှာ။ တစ်ဦးက ကြာပြီ၊ တစ်ဦးက မကြာဘူးဆိုရင်မရပါ။

နောက်တစ်ချက် လင်ယောကျ်ား ရဟန်းဘောင်ကို အပြီးဝင်သွားရင်တော့ ကွာပြီရှင်းပြီလို့ သာ မှတ်ပါ။

နောက်ဆုံးအချက်က အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာတာရှင်းတာ။ အိမ်ထောင်ရေးပြစ်မှုဆိုတာ အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်နေပါတယ်လို့ပြောရုံနဲ့ မရပါ။ အိမ်ထောင်ရေးပြစ်မှု အထင်အရှား ပေါ်လွင်ဖို့လိုပါတယ်။ တရားရုံးရဲ့ အမိန့်စီရင်ချက်ရှိဖို့လိုတယ်။

အောင်အောင်။ ။ဟုတ်ကဲ့။ အခုလိုမျိုး သိခွင့်ရတဲ့အတွက် ကျေးဇူးပါပဲ ခင်ဗျာ။

# အခန်း (၁၃)

## လင်မယား ကွာ မကွာ အမွေကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။အဖြစ်အပျက်တစ်ခုနဲ့ ပတ်သက်ပြီး ဥပဒေအခွင့်အရေး ဘယ်ပုံ ဘယ်လိုရှိတယ်ဆိုတာ သိချင်လို့ မေးခွင့်ပြုပါ ခင်ဗျာ။

ကျွန်ုပ်။ ။မေးပါကွယ်၊ မေးပါ။

တစ်ဦး။ ။လင်မယားနှစ်ဦး အတူပေါင်းသင်းနေကြရာက မယား ဖြစ်သူဟာ တခြားယောကျ်ားသားတစ်ဦးနဲ့ ဖောက်လွဲ ဖောက်ပြန်ဖြစ်ပြီး လင်အငယ်အနှောင်းနောက်ကို လိုက် သွားတယ်ဆိုပါတော့ဆရာရယ်။ လင်ကြီးသိတဲ့အတွက် အဲဒီစိတ်နဲ့ စိတ်ထိခိုက်ပြီး ဆုံးပါးသွားခဲ့ပါတယ်။ ဒီအခါမှာ လင်ကြီးရဲ့အမွေကို မယားအနေနဲ့ ရခွင့် ရှိ မရှိ သိချင်ပါတယ်။ တချို့က မရသင့်ဘူးလို့ဆိုပါ တယ်။ တချို့က ရသင့်တယ်လို့ ပြောပါတယ်။ အဲဒီ ပြဿနာကို တဆိတ်ဆွေးနွေးပေးစေလိုပါတယ်။

ကျွန်ုပ်။ ။ပထမဆုံးသိဖို့လိုအပ်တာက သူတို့ဟာ ဘာလူမျိုး၊ ဘာဘာသာကိုးကွယ်သလဲဆိုတဲ့အချက် ဖြစ်ပါတယ်။

တစ်ဦး။ ။နှစ်ယောက်စလုံး မြန်မာဗုဒ္ဓဘာသာဝင်တွေပါ။

http://www.cherrythitsar.org



ကျွန်ုပ်။ ။ဒါဆိုရင် မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းဥပဒေကို အခြေခံပြီး စဉ်းစားကြရမှာဖြစ်ပါတယ်။ မြန်မာဓလေ့ ထုံးတမ်းအမွေခန်းကို ကြည့်ရလိမ့်မယ်။ ဒီလိုမကြည့်ခင် လင်ယောကျ်ား သေဆုံးချိန်က လင်နဲ့မယား ကွာရှင်း ပြတ်စဲသွားကြပြီလား၊ လက်ရှိပေါင်းသင်းနေကြသေး သလားဆိုတာကို ကြည့်ရလိမ့်မယ်။ ဆန်းစစ်ရလိမ့်မယ်။

မြန်မာဓလေ့ထုံးတမ်းဥပဒေမှာ လင်မယား ကွာ ရှင်းခြင်းနဲ့ ပတ်သက်ပြီး အချက် ၃ ချက် ပြဆိုထား တယ်။ နှစ်ဦးသဘောတူ ကွာရှင်းခြင်း၊ လင်ယောကျ်ား ရဟန်းဘောင်သို့ ဝင်ရောက်သွားခြင်းနဲ့ အိမ်ထောင်ရေး ပြစ်မှုကြောင့် ကွာရှင်းခြင်းဆိုတဲ့ အချက်တွေ ပါဝင် တယ်။

တစ်ဦး။ ။လင်ငယ်နောက် ကောက်ကောက်ပါအောင်လိုက်သွား တာဟာ အိမ်ထောင်ရေးပြစ်မှုပဲ မဟုတ်လား ခင်ဗျာ။

ကျွန်ုပ်။ ။ဒီအကြောင်းကို ဒီအတိုင်းပြောတာထက် အမှုစီရင်ထုံး အကိုးအကားနဲ့ပြောတာ ပိုကောင်းပါတယ်။ အခုပြော မယ့်အမှုက မန္တလေးမှာဖြစ်ခဲ့တာဖြစ်ပြီး ၁၉၉၀ ခုနှစ်က စီရင်ထုံးဖွဲ့ခြင်းခံခဲ့ရတဲ့ အမှုတစ်မှုဖြစ်တယ်။ ဖြစ်ပုံကို ပြောရမယ်ဆိုရင် ဦးပေါကြွယ်နဲ့ ဒေါ်ဒေါင်းရှိန်တို့နှစ်ဦး အတူပေါင်းသင်းခဲ့တာ သားနှစ်ယောက်ရခဲ့တဲ့အထိ ဆိုပါတော့ကွယ်။ ဒီလိုပေါင်းသင်းခဲ့ရာက ဒေါ်ဒေါင်းရှိန် ဟာဦးပေါကြွယ်ထံမှထွက်ခွာသွားပြီး နောက်ယောကျ်ား နဲ့ ပေါင်းသင်းနေထိုင်ခဲ့တယ်။ ဦးပေါကြွယ်က ဒေါ်အုန်းရင်ဆိုသူနဲ့ အိမ်ထောင်ပြုတယ်။ ဦးပေါကြွယ် ကွယ်လွန်တဲ့အချိန်မှာ ဦးပေါကြွယ် ကျန်ရစ်တဲ့ ပစ္စည်းနဲ့

http://www.cherrythitsar.org



ပတ်သက်ပြီး ဒေါ်ဒေါင်းရှိန်က အမွေရလိုကြောင်း ဒေါ်အုန်းရင်ကို တရားပြိုင်အဖြစ်ထားပြီး တရားစွဲတယ်။ ဒေါ်အုန်းရင်က အမှုမှာတခြားအချက်တွေအပြင် ချေပ တာက ဒေါ်ဒေါင်းရှိန်ဟာ ဦးပေါကြွယ်ထံက အပြီး အပိုင် ထွက်ခွာသွားပြီး နောက်အိမ်ထောင်ထပ်ပြုခဲ့တယ် ဆိုတဲ့အကြောင်း၊ ဦးပေါကြွယ်နဲ့ ကွာရှင်းပြီးဖြစ်တဲ့ အကြောင်း အမွေရခွင့် မရှိတော့ဘူးဆိုတဲ့အကြောင်း တင်ပြတယ်။

တစ်ဦး။ ။သူပြောတာမှန်ရင် ဒေါ်ဒေါင်းရှိန် အမွေ မရသင့်ဘူးလို့ ထင်ပါတယ်။

ကျွန်ုပ်။ ။တရားရုံးက ဒေါ်ဒေါင်းရှိန်ဟာဦးပေါကြွယ်ရဲ့တရားဝင် ပထမဇနီးဖြစ်ပြီး ဒေါ်အုန်းရင်ဟာ ဦးပေါကြွယ်ရဲ့ တရားဝင်ဒုတိယဇနီး ဖြစ်တဲ့အတွက် မယားပြိုင်များ ဖြစ်တယ်လို့ သုံးသပ်ခဲ့တယ်။

တစ်ဦး။ ။ဟာ၊ မဟုတ်သေးဘူးလေဆရာ၊ အိမ်ထောင်ရေးပြစ်မှု ကြောင့် ကွာရှင်းပြတ်စဲခြင်းဆိုတဲ့ အချက်ဟာ ဆရာ ပြောတဲ့ လင်မယားကွာရှင်းခြင်းနဲ့ဆိုင်တဲ့ အချက် ၃ ချက်အနက် အချက်တစ်ချက်အဖြစ် ပါဝင်နေတယ် မဟုတ်လား။ နောက်လင်ယူတာဟာ အိမ်ထောင်ရေး ပြစ်မှုပဲ မဟုတ်လားခင်ဗျား။

ကျွန်ုပ်။ ။မြန်မာဗုဒ္ဓဘာသာအမျိုးသမီးဟာ တစ်ပါးသော ယောကျ်ားနဲ့ ဖောက်ပြားခြင်းဖြင့် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှု ကျူးလွန်ရင်ဖြစ်ဖြစ်၊ တရားဝင် လင်ယောကျ်ားကို တရားဝင်မကွာရှင်းရသေးဘဲတစ်ပါး သောယောကျ်ားနောက် လိုက်ပါပြီး နောက်လင်အဖြစ်

http://www.cherrythitsar.org



ပေါင်းသင်းမှုပြုရင်ဖြစ်ဖြစ် ခင်ပွန်းဖြစ်သူ ယောကျ်ားနဲ့
အလိုအလျောက် ကွာရှင်းပြတ်စဲပြီးရာ ရောက် မရောက်၊
မယားအဖြစ် ပစ္စည်းခန်းရပိုင်ခွင့် ဆုံးရှုံးခြင်း ရှိ/မရှိ
ဆိုတဲ့ အချက်တွေကို အဲဒီအမှုမှာ ထည့်သွင်းသုံးသပ်ခဲ့
တာပါပဲ။

နောက်လင်ယူတယ်ဆိုတာနဲ့ ပတ်သက်ပြီးခင်ပွန်းဖြစ်
သူ ဦးပေါ်ကြွယ်က မယားခိုးမှုဖြစ်ဖြစ်၊ တရားရုံးမှာ
တရားဝင်ကွာရှင်းခွင့်ပဲဖြစ်ဖြစ်၊ တစ်စုံတစ်ရာ အရေးယူ
ဆောင်ရွက်ခဲ့တာ မရှိဘူးကွဲ့၊ ဒါကြောင့် ဒေါ်ဒေါင်းရှိန်
ဟာ တစ်ပါးယောကျ်ားနဲ့ ဖောက်ပြားပေါင်းသင်းပြီး
ကလေးတစ်ယောက်ရခဲ့သည်မှန်စေဦး ဦးပေါ်ကြွယ်နဲ့
ဒေါ်ဒေါင်းရှိန်တို့ဟာ လင်မယားအဖြစ် အလိုအလျောက်
တရားဝင် ကွာရှင်းပြီလို့ ပြောလို့မရဘူး။ မယားဖြစ်သူရဲ့
ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုကို တရားရုံးမှာ
ထင်ရှားပြီဆိုပြီး တရားဝင်ကွာရှင်းခွင့် အမိန့်ရယူမှသာ
လင်မယားအဖြစ်က ပြတ်စဲမှာ ဖြစ်တယ်။ ကြီးလေးတဲ့
အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်တဲ့အတွက် နင့်လမ်း
နင်သွားတော့လို့ ကိုယ့်ဟာကိုယ် သတ်မှတ်ချင်သလို
သတ်မှတ်လို့မရဘူး။ ကိုယ့်စိတ်ကူးနဲ့ကိုယ် ကွာပြီလို့
လည်း သတ်မှတ်လို့ မရဘူး၊ ဖောက်ပြန်ရုံနဲ့တင်
လင်မယားခန်းပြတ်စဲပြီလို့ ယူဆလို့ မရနိုင်ဘူး။

တစ်ဦး။ ။ဒါပေမယ့် နောက်လင်ယူတာဟာ ငြင်းမရတဲ့အချက်ပဲ
မဟုတ်လား ခင်ဗျား။

ကျွန်ုပ်။ ။ငြင်းမရတဲ့အချက်မို့ ကွာချင်သပဆိုရင် အဲဒီအချက်
နဲ့ အမှုစွဲပြီး ကွာပေါ့ကွယ်။ အမှုမစွဲဘူးဆိုတာတစ်နည်း

http://www.cherrythitsar.org



ပြောရရင် ခွင့်လွှတ်တယ်ဆိုတဲ့ သဘောတစ်မျိုးပေပဲ။ ဒါဟာ မြန်မာအမျိုးသမီးတွေ ရရှိထားတဲ့ ထူးထူးကဲကဲ အခွင့်အရေးတစ်ခုလို့ ဆိုရင်တောင် ဆိုနိုင်တယ်။ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ အခြေအနေအရ မပေါင်းချင်တော့ဘူးဆိုရင် နှစ်ဦးသဘောတူ ကွာရှင်းတယ်ဆိုတဲ့ အထောက်အထားပဲဖြစ်ဖြစ်၊ အိမ်ထောင်ရေးပြစ်မှုကို အထင်အရှား ပြဆိုပြီး တရားဝင်ကွာရှင်းခွင့်အမိန့် ရယူတာမျိုးပဲဖြစ်ဖြစ် လိုတယ်။

တစ်ဦး။ ။ဟုတ်ကဲ့ပါခင်ဗျာ၊ ဒီလောက်သိခွင့်ရတာ ကျေးဇူးပါပဲ။

ရည်ညွှန်းစီရင်ထုံး – ဒေါ်အုန်းရင် နှင့် ဒေါ်ဒေါင်းရှိန်
၁၉၉၀၊ မတစ ၁၆၀

ကိုကားစီရင်ထုံး (၁) မမယ်လှ နှင့် မောင်ဖိုးသုန်
အတွက် ၇၊ ရန်ကုန် စီရင်ထုံး ၄၈

(၂) ဦးဆင်နှင့် မမလေး
၁၉၄၁၊ ရန်ကုန်စီရင်ထုံး ၁၄

# အခန်း (၁၄)

## မရိုက်မနှက် ရက်စက်ခြင်းကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။မြန်မာဗုဒ္ဓဘာသာ လင်မားနှစ်ဦးရှိတဲ့အနက် လင်က မယားကို နှိပ်စက်ညှင်းပမ်းတာမျိုး၊ ကိုယ်ထိလက်ရောက် နှိပ်စက်တာမျိုး ပြုမူတာမျိုး မရှိရင် မယားက ကွာလိုမှု လျှောက်လို့မရနိုင်ဘူးဆိုတာ ဟုတ်ပါသလား။

ကျွန်ုပ်။ ။လင်က မယားကို ကိုယ်ထိလက်ရောက် နှိပ်စက်ညှင်းပန်းတာမျိုး မရှိပေမယ့် စိတ်ဆင်းရဲအောင်ပြုမူရင် ကွာလိုမှု လျှောက်ထား ရရှိနိုင်တယ်ကွဲ့။ လက်ဖျားနဲ့တောင် မယားကိုမတို့ဘဲ ပညာရှိဆန်ဆန် စိတ်ဆင်းရဲအောင်ညှင်းပမ်းတာဟာလည်း နှိပ်စက်ခြင်းပဲပေါ့ကွယ်။

တစ်ဦး။ ။ဥပမာ ဖြစ်ရပ်တစ်ခုလောက်ရှိရင် သိချင်ပါတယ်။

ကျွန်ုပ်။ ။နိုင်ထက်စီးနင်းပြုတာ၊ နှိပ်စက်ညှင်းပမ်းတာတွေနဲ့ ပတ်သက်ပြီး စီရင်ထုံးတွေမှာ အဓိပ္ပာယ်ဖွင့်ဆိုထားတာတွေ ရှိပါတယ်။ ဥပမာ လင်ဖြစ်သူဟာ မယားဖြစ်သူကို အသိမပေးဘဲ လက်ဖွဲ့ငွေ ၁၃၈၀ ကျပ်ထဲက ၁၀၀၀ ကျပ်ကို အသုံးပြုခြင်းဟာ နိုင်ထက်စီးနင်းပြုခြင်း ဖြစ်တယ်လို့ ဆိုထားတာရှိတယ်။

http://www.cherrythitsar.org



ဖြစ်ရပ်တစ်ခုမှာ လင်ဟာ မယားကို အသိမပေးဘဲ လက်ထပ်ပြီးရက်အနည်းငယ်အတွင်း အိမ်ကထွက်သွားပြီး မြို့ကို ပြန်ရောက်လာတဲ့အခါမှာလည်း အခြားနေရာမှာ နေထိုင်တယ်။ မယားက လင်ယောကျ်ားနဲ့ အတူလိုက်နေပါရစေလို့ ခွင့်တောင်းတာကို ခွင့်မပြုဘဲ နေတယ်။ ဒါတွေဟာ မယားကို စိတ်ဆင်းရဲဒုက္ခရောက်စေတာတွေပဲပေါ့ကွယ်။

ဒါ့အပြင် လင်ယောကျ်ားဟာ နောက်အိမ်ထောင်ပြုသွားခဲ့တယ်။ မယားက ဒီအတွက် ကွာရှင်းပေးဖို့ တောင်းဆိုတာကို ကွာရှင်းမပေးဘဲနေတယ်။ ဒါဟာလည်း မယားအပေါ် နိုင်ထက်စီးနင်းကျင့်လိုစိတ်ရှိတယ်ဆိုတဲ့အချက် ပေါ်လွင်တယ်။ ဒီအချက်တွေအားလုံးဟာ အပြုအမူအားဖြင့် နှိပ်စက်တာပဲဖြစ်တဲ့အတွက် မယားအနေနဲ့ စိတ်ဆင်းရဲဒုက္ခ အကြီးအကျယ်ရောက်ရတယ်လို့ ဆိုရမှာဖြစ်တယ်။

လင်က မယားကို နှာကျည်းအောင် လင်ငယ်နေတယ်လို့ အစဉ်သဖြင့် မဟုတ်မမှန် စွပ်စွဲပြောဆိုတာဟာလည်း ဥပဒေအရ ရက်စက်မှုဖြစ်တယ်။

တစ်ဦး။ ။ဒီလို လင်က ရက်စက်နေပါလျက်နဲ့ မယားက တစ်စုံတစ်ရာ အရေးမယူဘဲ ဆက်လက်ပေါင်းသင်းနေတာဟာ ကျူးလွန်မှုကို ခွင့်လွှတ်တယ်လို့ ဆိုနိုင်ပါသလား။

ကျွန်ုပ်။ ။ဒီလို တစ်ထစ်ချယူဆလို့ မရပါဘူးကွဲ့၊ ခွင့်လွှတ်ခြင်းဆိုတာ အပြစ်က လုံးဝချမ်းသာပေးခြင်းမျိုးလည်း မဟုတ်ဘူးကွဲ့။ ကျူးလွန်ပြီးတဲ့အမှုကို သင်ပုန်းချေခြင်း

http://www.cherrythitsar.org



လည်း မဟုတ်ဘူးကွဲ့။ တကယ်တော့ ခွင့်လွှတ်ခြင်း ဆိုတာ ကွာလိုမှု ဒါမှမဟုတ် ခွဲခြားနေထိုင်ကြဖို့ အခွင့်အရေးကို ခေတ္တရပ်ဆိုင်းထားခြင်းမျှသာဖြစ်တယ်။ ဒီလို ရပ်ဆိုင်းထားခြင်းဟာလည်း ပြစ်မှုကျူးလွန်သူ ဘက်က ကောင်းကောင်းမွန်မွန် ကျင့်ကြံနေထိုင်သမျှ ကာလအထိသာ ဖြစ်တယ်။ ကျူးလွန်သူဘက်က မဖွယ်မရာ ထပ်မံပြုကျင့်လာရင် ခွင့်လွှတ်ခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်တယ်လို့ ဆိုရလိမ့်မယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ အခုလိုမျိုး ရှင်းပြတာ ကျေးဇူးတင်တယ်။

ကိုးကားအမှု– ၁။ ၁၉၆၃၊ မတစ၊ ၅၂၆

၂။ ၁၉၆၂၊ မတစ၊ ၅၉၈

၃။ ၁၀၊ ဘီအယ်လ်အာ၊ ၁၃၂

၄။ ၁၉၆၃၊ မတစ၊ ၂၉၅

# အခန်း (၁၅)

## အိမ်ထောင်ရေးဖောက်ပြန်သည့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။အိမ်ထောင်ရေးမှာ မယားက ဖောက်ပြန်ရင် ကြီးလေးတဲ့ အိမ်ထောင်ရေးပြစ်မှုလို့ ပြောနိုင်ပါသလား။

ကျွန်ုပ်။ ။ပြောနိုင်တာပေါ့ကွယ်၊ ဒီနေရာမှာ မယားရဲ့ဖောက်ပြန်မှုဆိုတာ ဘာလဲ ဆိုတာကိုလည်း တစ်ဆက်တည်း ဆိုသလို သိဖို့လိုတယ်။ မယားဟာ မိမိလင်မဟုတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ကာမစပ်ယှက်မှု ကျူးလွန်တာကို ပြောတာဖြစ်တယ်။

တစ်ဦး။ ။သူ့ရဲ့အကျိုးဆက်ကိုလည်း သိချင်ပါတယ်။

ကျွန်ုပ်။ ။မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မယားဖောက်ပြန်တာ ထင်ရှားရင် လင်ဟာ လင်မယားနှစ်ဦးပိုင်ပစ္စည်းအားလုံးကို ရခွင့်ရှိတယ်။

တစ်ဦး။ ။ဒီလိုဆို လင်က မဟုတ်မတရားစွပ်စွဲပြီး မယားကို ဖောက်ပြန်တယ်လို့ ပြောလာရင်ကော ခင်ဗျာ။

ကျွန်ုပ်။ ။လင်မယားနှစ်ဦးပိုင်ပစ္စည်းမှာ မယားရဲ့အခွင့်အရေး ဆုံးရှုံးဖို့က လင်ဖြစ်သူအနေနဲ့ မိမိမယားဟာ တစ်ပါး

http://www.cherrythitsar.org



သူနဲ့ ကျူးလွန်တဲ့အကြောင်းကို အလွန်ထင်ရှားတဲ့ သက်သေခံချက်ပြဖို့ လိုတယ်။ လင်ရဲ့စွပ်စွဲချက်နဲ့ မသင်္ကာစရာအချက်တွေ ပေါ်ပေါက်နိုင်တဲ့ စာရွက်စာတမ်းတွေ တင်ပြနိုင်ရုံနဲ့လည်း ထင်ရှားတယ်လို့ မဆိုနိုင်ဘူးကွဲ့။

တစ်ဦး။ ။အလွန်ထင်ရှားတဲ့ သက်သေခံချက်တစ်မျိုးလောက် ဥပမာပေးစေချင်ပါတယ်။

ကျွန်ုပ်။ မိမိမယား တခြားယောကျ်ားနဲ့ ဖောက်ပြားတဲ့အတွက် မယားခိုးမှုနဲ့ တခြားယောကျ်ားကို တရားရုံးက အပြစ်ပေးတဲ့အမိန့် အထောက်အထားမျိုးပေါ့ကွယ်။

တစ်ဦး။ ။လင်ဖြစ်သူ ထောင်ကျနေစဉ်မှာ မယားက နောက်အိမ်ထောင်ပြုတာဟာ ဖောက်ပြန်တယ်လို့ ဆိုနိုင်ပါသလား ခင်ဗျာ။

ကျွန်ုပ်။ ။ဒါဟာလည်း ဖောက်ပြန်ခြင်းပါပဲ။

တစ်ဦး။ ။မယားဖောက်ပြန်တာကို လင်က သိလျက်နဲ့ မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ရေး အထူးသဖြင့် ကိုယ်လက်နှီးနှောရင် လင်ဟာ မယားရဲ့ ဖောက်ပြန်မှုကို ခွင့်လွှတ်တယ်လို့ ဆိုနိုင်ပါသလား။

ကျွန်ုပ်။ ။ယေဘုယျအားဖြင့် မယားရဲ့ ဖောက်ပြန်မှုကိုခွင့်လွှတ်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မယားဖြစ်သူရဲ့ ဖောက်ပြန်မှုကို လင်က ခွင့်လွှတ်နိုင်တယ်၊ ဒါပေမယ့် လင်က မယားထံက ဝန်ခံချက်ကို ရယူပြီး နှစ်ဦးသဘောတူ နှစ်ပါးစုံ ပစ္စည်းကိုယူပြီး လင်ခန်းမယားခန်း ပြတ်စဲတာမျိုးလည်း ပြုလုပ်နိုင်တယ်။

http://www.cherrythitsar.org



မယားကို သူတစ်ပါးနဲ့ ဖောက်ပြန်တယ်လို့ စွပ်စွဲပြီး လင်က ပစ္စည်းကို သိမ်းပိုက်ထားနိုင်ခွင့်မရှိဘူးကွဲ့။ လင်အနေနဲ့ တရားရုံးမှာ ကွာလိုမှုစွဲပြီး မယားမှာ အပြစ်ရှိတဲ့အကြောင်း ထင်ရှားအောင်ပြရတယ်။ အဲဒီလို ထင်ရှားအောင် ပြနိုင်ရင် နှစ်ဦးပိုင်ပစ္စည်းမှာ မယားရဲ့ အခွင့်အရေး ဆုံးရှုံးတယ်။

လင်ငယ်နောက်လိုက်ပြေးပြီး လင်ကြီးကို ပစ်ထားတဲ့ မယားအနေနဲ့ လင်မယားနှစ်ဦး အတူကြီးပမ်းရရှိတဲ့ပစ္စည်းအပေါ်မှာ ဘယ်လိုအခွင့်အရေးမှ ရခွင့်မရှိပေဘူး။

အေး၊ မယားဖြစ်သူ ဖောက်ပြန်တဲ့ ပြစ်မှုမှာလင်နဲ့မယားဟာ အိမ်ထောင်ကြီးတွေ ဖြစ်ကြတယ်ဆိုရင်တော့ မယားရဲ့အထက်ပါပစ္စည်းတွေရဲ့ အခွင့်အရေးတွေ မဆုံးရှုံးနိုင်ဘူးလို့ ဆိုရလိမ့်မယ်။ မယားဟာ သူ့ရဲ့အထက်ပါ ပစ္စည်းတွေကို ရခွင့်ရှိတယ်။ အကြောင်းကတော့ အိမ်ထောင်ကြီးချင်း လက်ထပ်ရင် အထက်ပါပစ္စည်းဟာ အိမ်ထောင်သစ်ခင်ပွန်းသည်မှာ ဘယ်လိုအခွင့်အရေးမှ မရှိလို့ပါပဲကွယ်။

တစ်ဦး။ ။ဟုတ်ကဲ့ အခုလိုမျိုး ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်။

ကိုးကားအမှုများ – ၁။ ၁၉၆၂၊ မတစ၊ ရုံးချုပ် ၃၄

၂။ ၁၄၊ ရန်ကုန်၊ ၃၂၉

၃။ ၁၉၃၈၊ အာအယ်အာ၊ ၂၂၉

၄။ ၁၉၆၅၊ မတစ ၈၈၇

၅။ ၁၉၆၃၊ မတစ (ရုံးချုပ်) ၅၉၈

http://www.cherrythitsar.org

# အခန်း (၁၆)

## မယားခိုးမှု ဖြစ် မဖြစ်ကိစ္စ
## သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။လင်မယားနှစ်ယောက် စိတ်သဘောထားခြင်းမတိုက်ဆိုင်လို့ တခြားစီနေတယ်ဆိုပါတော့ ဆရာရယ်။ တခြားစီသာနေတာ လင်မယားပြတ်စဲပြီး မပြတ်စဲဘူးဆိုတာ တိတိကျကျ မရှိသေးတဲ့အခိုက်မှာ မယားဖြစ်သူဟာ နောက်ယောက်ျားတစ်ဦးနဲ့ ကိုယ်လက်နှီးနှောဆက်ဆံမှုပြုနေတယ်ဆိုရင် ကျူးလွန်တဲ့ယောက်ျားကို မယားခိုးမှုအနေနဲ့ ရာဇဝတ်ကြောင်းအရ အရေးယူနိုင်မယူနိုင်ဆိုတာ သိချင်ပါတယ်။

ကျွန်ုပ်။ ။ဒီမေးခွန်းကို စီရင်ထုံးတစ်ရပ်နဲ့ ချိန်ထိုးပြီး ဆွေးနွေးဖြေကြားချင်ပါတယ်။ ၁၉၆၆ ခုနှစ် စီရင်ထုံးမှာပါတဲ့ ဖြစ်ရပ်တစ်ခု ဆိုပါတော့ကွယ်။ မောင်တင်သန်းနဲ့ မငွေစိန်တို့ တရားဝင် လင်မယားအဖြစ် ပေါင်းသင်းပြီး မငွေစိန်ရဲ့ မိဘများနေအိမ်မှာပဲ အတူတူနေခဲ့ကြရာက တစ်နေ့မှာ မောင်တင်သန်း မယားငယ်ယူတဲ့ကိစ္စနဲ့ လင်မယားချင်း ကတောက်ကဆ ဖြစ်ခဲ့ကြတယ်။ မောင်တင်သန်းနဲ့ မငွေစိန်ရဲ့ မိခင်တို့ ရန်ဖြစ်ကြရာက

http://www.cherrythitsar.org



မောင်တင်သန်း နေအိမ်ပေါ်ကဆင်းခဲ့ရတယ်။ တခြားမှာ သွားနေရတယ်။

ဒီလို တစ်သီးတခြားစီ နေနေရာက မငွေစိန်ဟာ မောင်ထွန်းကြည်ဆိုတဲ့သူနဲ့ ပေါင်းသင်းလိုက်တယ်။ ဒီတော့ မောင်တင်သန်းက မောင်ထွန်းကြည်ကို မယားခိုးမှုနဲ့ ရာဇဝတ်တရားရုံးမှာ အမှုဖွင့် တရားစွဲဆိုတယ်။

ဒီတော့ ပြဿနာတစ်ခု ပေါ်လာတယ်။ အဲဒါက ဘာလဲဆိုတော့ မောင်တင်သန်းနဲ့ မငွေစိန်တို့ဟာ လင်ခန်း မယားခန်း ပြတ်စဲပြီလား၊ မပြတ်စဲသေးဘူးလားဆိုတဲ့ အချက်ပဲ။

တစ်ဦး။ ။ဟုတ်တာပေါ့ဆရာရယ်၊ လင်ခန်းမယားခန်း မပြတ်သေးဘူး ဆိုရင် စွဲတဲ့အမှုရဲ့ အဖြေကတစ်မျိုး၊ လင်ခန်းမယားခန်းပြတ်ပြီဆိုရင် စွဲတဲ့အမှုရဲ့ အဖြေက တစ်မျိုး ဖြစ်နိုင်တာကိုး။

ကျွန်ုပ်။ ။မူလရုံးက ဒီအချက်ကိုကြည့်ပြီး ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့တယ်။ ဘယ်လိုချမှတ်လိုက်သလဲဆိုတော့ လင်ခန်းမယားခန်း ပြတ်တယ်၊ မပြတ်ဘူးဆိုတာကို ရာဇဝတ်တရားရုံးအနေနဲ့ အဆုံးအဖြတ်ပေးရမှာမဟုတ်ဘူး၊ တရားမကြောင်းအရသာ ရှင်းလင်းရမယ့်ကိစ္စဖြစ်တယ်ဆိုပြီး တရားခံကို အမှုကနေအပြီး အပြတ်လွှတ်လိုက်တယ်။

အဲဒီအမိန့်ကို မောင်တင်သန်းက ကျေနပ်မှုမရှိတဲ့အတွက် နိုင်ငံတော်တရားရုံးချုပ်ကို အယူခံတက်ရောက်တယ်။

တစ်ဦး။ ။စိတ်ဝင်စားစရာပါပဲခင်ဗျား။

http://www.cherrythitsar.org



ကျွန်ုပ်။ ။မောင်တင်သန်းဘက်က သူနဲ့ မငွေစိန် တရားဝင် ပြတ်စဲခြင်း မရှိသေးတဲ့အကြောင်း ဒီလို တရားဝင် ပြတ်စဲခြင်းမရှိခင်မှာ မိမိဇနီးကို မောင်ထွန်းကြည်က ပေါင်းသင်းနေထိုင်ခြင်းဖြစ်ကြောင်း၊ ဒါကြောင့် ရာဇ သတ်ကြီးပုဒ်မ ၄၉၇ အရ ပြစ်မှုမြောက်ပါလျက် မောင်ထွန်းကြည်ကို အမှုက လွှတ်လိုက်ခြင်းဟာ မှားယွင်းပါကြောင်း လျှောက်လဲတင်ပြတယ်။

တစ်ဦး။ ။မောင်ထွန်းကြည်ဘက်ကကော ဘယ်လိုလျှောက်လဲ ပါသလဲ ခင်ဗျား။

ကျွန်ုပ်။ ။မောင်ထွန်းကြည်ဘက်က လျှောက်လဲတာကတော့ သူနဲ့ မငွေစိန် တရားသူကြီးရှေ့ လူသိရှင်ကြားထိမ်းမြား လက်ထပ်စဉ်က မငွေစိန်မှာ ယခင်ယောကျ်ား မောင် တင်သန်းနဲ့ ကွဲကွာပြီးဖြစ်တာမို့ ရာဇသတ်ကြီးပုဒ်မ ၄၉၇ နဲ့ အကျုံးမဝင်တဲ့အတွက် မူလရုံးက တရားသေ လွှတ်ခြင်းဟာ မှန်ကန်ပါကြောင်း လျှောက်လဲတယ်။

တစ်ဦး။ ။တရားရုံးက အဆုံးအဖြတ်ကိုလဲ သိချင်ပါတယ်။

ကျွန်ုပ်။ ။တရားရုံးရဲ့ အဆုံးအဖြတ်ကိုမပြောမီ မယားခိုးမှုနဲ့ပတ် သက်တဲ့ အချက်တစ်ရပ်ကို ပြောပြချင်ပါသေးတယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ သိချင်ပါတယ်ခင်ဗျား။

ကျွန်ုပ်။ ။မယားခိုးမှုဆိုတာ လင်ရှိမယားတစ်ယောက်ကို လူသိ ရှင်ကြား ခိုးယူပေါင်းသင်းမှ မယားခိုးအရာ ရောက်တာ မဟုတ်ဘူးကွဲ့၊ တိတ်တိတ်ပုန်း လင်ရှိမယားနဲ့ ကာမ စပ်ယှက်တာဟာလည်း မယားခိုးမှုဖြစ်တာပါပဲ။

တစ်ဦး။ ။ကျွန်တော်တို့က ခိုးယူပေါင်းသင်းမှ မယားခိုးမှု ဖြစ်တယ် ထင်နေတာ။

http://www.cherrythitsar.org



ကျွန်ုပ်။ ။အေး၊ ခုနအမှုအကြောင်းလေး ဆက်လိုက်ကြဦးစို့ရဲ့။ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၈၈ အရ မယားစရိတ် တောင်းဆိုတဲ့ အမှုတွေမှာ လျှောက်ထားသူ မိန်းမနဲ့ လျှောက်ထားခံရသူ ယောကျ်ားတို့ဟာ တရားဝင် လင်မယား ဖြစ် မဖြစ်နဲ့ ပတ်သက်ပြီး ရာဇဝတ်ရုံးကပဲ စစ်ဆေးပြီး တောင်းခံလာတဲ့ မယားစရိတ်ကို ပေးသင့် မပေးသင့် ဆိုတာတွေကို အမိန့်ချမှတ်ရတဲ့နည်းတူ မယားခိုးမှုကိစ္စမှာလည်း တရားလိုနဲ့ ဇနီးဟာ လင်ခန်း မယားခန်း တရားဝင်ပြတ်စဲပြီ မပြတ်စဲပြီဆိုတာကို စစ်ဆေးရမှာ အဆုံးအဖြတ်ပေးရမှာ ရာဇဝတ်တရားရုံး ရဲ့ အာဏာထဲမှာပဲ ကျရောက်တယ်။ ဒါကြောင့် မောင်ထွန်းကြည်ကို တရားသေလွှတ်တဲ့ အမိန့်ဟာ မှားယွင်းတယ်လို့ အမိန့်ချမှတ်ခဲ့တယ်။

တစ်ဦး။ ။ဒါဆိုရင် လင်ခန်း မယားခန်း ပြတ် မပြတ်ဆိုတဲ့ ကိစ္စကိုပါ ရာဇဝတ်ရုံးက တစ်ပါတည်း ဆုံးဖြတ်ချက် ပေးရမယ်ဆိုတဲ့ သဘောပေါ့နော်။

ကျွန်ုပ်။ ။အေး ဟုတ်တယ်။ လင်ခန်းမယားခန်း ပြတ်ပြီးပြီ ဆိုတာ ထင်ရှားရင် မယားခိုးမှု မမြောက်နိုင်သလို လင်ခန်း မယားခန်း ပြတ်စဲပြီးဖြစ်တယ်ဆိုတဲ့အချက် မပေါ်လွင် မထင်ရှားရင်လဲ မယားခိုးမှုဖြစ်တယ်လို့ ဆိုရမှာပေါ့ကွယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ အခုလိုမျိုး သိခွင့်ရတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

ရည်ညွှန်းစီရင်ထုံး – မောင်တင်သန်း နှင့် မောင်ထွန်းကြည်
၁၉၆၆၊ မတစ (ရုံးချုပ်) ၁၃၄

# အခန်း (၁၇)

## လင်မယားပိုင်ပစ္စည်းကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။ဆရာခင်ဗျား၊ မြန်မာဗုဒ္ဓဘာသာ လင်မယားနှစ်ယောက် အနက် လင်ပိုင်ပစ္စည်းကို လင်မသိအောင် မယားပိုင် ပစ္စည်းကို မယားမသိအောင် ယူတာ ခိုးမှုမြောက်ပါ သလား ခင်ဗျာ။

ကျွန်ုပ်။ ။အင်း၊ ဒီကိစ္စကို မဖြေမီ ဒီထက်ပို စိတ်ဝင်စားစရာ ကောင်းတဲ့ အဖြစ်တစ်ခုကို အရင်ပြောပြချင်ပါတယ်။ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးမှာ ထုံးဖွဲ့ခြင်းခံရတဲ့ အမှုဖြစ်ရပ်တစ်ခုပေါ့ကွယ်။

ဒဂုံမြို့သစ် (တောင်ပိုင်း) မီးသတ်ဝင်းမှာနေတဲ့ ဒေါ်အုန်းကြည်က သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်း ရပ်ကွက်(ရယက)ဥက္ကဋ္ဌထံကို မီးသတ်ဦးစီးဝင်းအတွင်း ဆောက်လုပ်နေတဲ့ ဆိုင်ခန်း (၁) ခန်းအတွက် ငွေ (၈) သိန်းကျပ်ကို ကိုကျော်စိန်ကို ပေးသွင်းခိုင်းပေမယ့် ကိုကျော်စိန်က ငွေ (၄) သိန်းကိုသာ ဆိုင်ခန်းအတွက် ပေးသွင်းပြီး ကျန်ငွေ (၄) သိန်းကို မပေးသွင်းဘဲ အလွဲသုံးစားပြုတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ကိုကျော်စိန်ကို

http://www.cherrythitsar.org



ရဲစခန်းမှာ တိုင်ချက်ဖွင့်တယ်။ အမှုကို စစ်ဆေးရာမှာ အောက်ပါအချက်တွေ ပေါ်ပေါက်လာတယ်။

၁၉၉၇ ခုနှစ်၊ အောက်တိုဘာလအတွင်းက ဒေါ်အုန်းကြည်နဲ့ ဦးကျော်စိန်တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြတယ်ဆိုတဲ့ အချက်၊ ဦးကျော်စိန်ဟာ ဒေါ်အုန်းကြည်နဲ့ အိမ်ထောင်မကျမီက ဆယ်သိန်းရပ်ကွက်မှာ နေထိုင်သူဖြစ်တယ်ဆိုတဲ့အချက်၊ အိမ်ထောင်ကျပြီးတဲ့နောက် ဒေါ်အုန်းကြည်ပါ ဆယ်သိန်း ရပ်ကွက်ထဲမှာ အိမ်ငှားပြီး နေကြတယ်ဆိုတဲ့ အချက်၊ ရပ်ကွက်ကို ဖျက်တဲ့အခါ ဒေါ်အုန်းကြည်နဲ့ ဦးကျော်စိန်တို့ ဒဂုံမြို့သစ်ကို ပြောင်းရွှေ့နေထိုင်ကြတယ်ဆိုတဲ့အချက် ပေါ်လွင်တာကို တွေ့ရပါတယ်။

ဒေါ်အုန်းကြည်ရဲ့ ထွက်ဆိုချက်ထဲမှာ 'ရုံးရှေ့ စွပ်စွဲခံရသူ ဦးကျော်စိန်မှာ ယခင်က ကျွန်ုပ်၏ခင်ပွန်း ဖြစ်ပါသည်။ ယခု ခင်ပွန်းမဟုတ်တော့ပါ၊ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလအတွင်းက ကျွန်မနှင့် စွပ်စွဲခံရသူ ဦးကျော်စိန် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ် ကျွန်မ၏ ခင်ပွန်းဟောင်းထံမှ ရရှိသောငွေကျပ် ၁၀ သိန်းကို ကျွန်မ ဦးကျော်စိန်အား အပ်ခဲ့ပါသည်' လို့ ပါရှိခဲ့တာကို တွေ့ရတယ်။

တစ်ဦး။ ။ဒါဖြင့်ရင် ဒေါ်အုန်းကြည်က သူ့လင်ယောကျ်ားကို တရားခံအနေနဲ့ထားပြီး တရားစွဲခဲ့တာပေါ့နော်။

ကျွန်ုပ်။ ။အမှုတွဲပေါ်ပေါက်ချက်အရတော့ တရားစွဲတဲ့အချိန်မှာ လင်မယားအဖြစ် မပေါင်းသင်းကြတော့ဘူးလို့ ဆိုတယ်။

တစ်ဦး။ ။ဒါဆိုရင် တရားစွဲတဲ့အချိန်မှာ သူတို့ဟာ သူစိမ်းတရံဆံတွေ ဖြစ်နေပြီပေါ့နော်။

http://www.cherrythitsar.org



ကျွန်ုပ်။ ။အမှုအပေါ် စဉ်းစားတဲ့နေရာမှာ ငွေကို ယုံကြည်လို့ အပ်နှံချိန်က သူတို့ဟာ လင်မယားလား၊ သူစိမ်း တရံဆံလားဆိုတဲ့ အချက်ပဲ။

မြန်မာလေ့ထုံးတမ်းအရ မြန်မာဗုဒ္ဓဘာသာ အကြင်လင်မယားဟာ ပစ္စည်းနဲ့စပ်လျဉ်းပြီး အတူ ပိုင်ဆိုင်သူတွေ ဖြစ်ကြတယ်၊ မြန်မာလေ့ထုံးတမ်း အရ လင်မယားနှစ်ဦး အတူပိုင်ဆိုင်မှုရှိတဲ့ ပစ္စည်း အပေါ်မှာ လင်နဲ့ မယားတို့ဟာ အတူပိုင်ဆိုင်တဲ့အခွင့် အရေးရှိကြတဲ့အတွက် အဲဒီပစ္စည်းကို လင်က မယားကို ဖြစ်စေ၊ မယားက လင်ကိုဖြစ်စေ အပ်နှံတယ်ဆိုတာဟာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ အရ ယုံကြည်အပ်နှံ တယ်လို့ဆိုရန် အကြောင်းမရှိဘူး၊ ဒါကြောင့် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ (ယုံကြည်အပ်နှံရေးဖောက် ဖျက်မှု) အရ အရေးမယူနိုင်ဘူးလို့ အဆုံးအဖြတ်ပြုတာ ကို တွေ့ရတယ်။

တစ်ဦး။ ။ဒါဆိုရင် လင်ပိုင်ပစ္စည်းကို လင်မသိအောင်၊ မယားပိုင် ပစ္စည်းကို မယားမသိအောင် ယူတာ မြန်မာလေ့ ထုံးတမ်းဥပဒေအရ အတူပိုင်ပစ္စည်းဖြစ်တာမို့ ခိုးမှု မမြောက်ဘူးလို့ပဲ ဆိုရမှာပေါ့နော်။

ကျွန်ုပ်။ ။ခင်ဗျား အတော်ကို တိုးတက်သွားပြီပဲ၊ အဲ တစ်ခု တော့ ရှိတယ်၊ ပစ္စည်းယူတဲ့အချိန်ဟာ မကွာရသေးတဲ့ အချိန်ဖြစ်ဖို့တော့ လိုတယ်ပေါ့ကွယ်။

ရည်ညွှန်းစီရင်ထုံး ၁။ ဒေါ်အုံးကြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပါ ၂ ၁၉၉၉၊ မတစ၊ စာ ၈၅

၂။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ဗဟိုတရားရုံး) ၂၀။

# အခန်း (၁၈)

## လက်ထက်ပွားပစ္စည်း ဟုတ် မဟုတ်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။မြန်မာဗုဒ္ဓဘာသာ လင်မယားနှစ်ယောက်ဟာ နှစ်ဦးအတူ ပေါင်းသင်းနေစဉ်အခိုက်မှာ လင်ယောကျ်ားအမည်နဲ့ မြေကွက်ကြီးတစ်ကွက်ကို ဝယ်ပါတယ်။ နောက်ထပ်မြေကွက်ငယ်တစ်ကွက်ကိုတော့ မယားအမည်နဲ့ ဝယ်ပါတယ်။ ဒီလိုဝယ်ယူပြီး သူတို့နှစ်ဦးမကြာမီမှာပဲ ကွာရှင်းပြတ်စဲသွားကြပါတယ်။ ကွာရှင်းချိန် ပစ္စည်းခန်း ခွဲဝေသတ်မှတ်ကြတဲ့နေရာမှာ တစ်ဦးဦးအမည်နဲ့ ဝယ်ယူထားတဲ့ မြေကွက်တွေဟာ အမည်ပေါက်သူတစ်ဦးတည်းပိုင်ပစ္စည်းအဖြစ် ရောက်ရှိပါသလား ခင်ဗျား။

ကျွန်ုပ်။ ။ဒီပြဿနာကို မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့ဖူးတဲ့ အမှုစီရင်ထုံးတွေထဲက အနီးစပ်ဆုံး အမှုစီရင်ထုံးတစ်ခုမှာ ပါရှိတဲ့ အချက်တွေကို ကိုးကားပြီး ဆွေးနွေးပါ့မယ်။

အမှုကတော့ ခင်ဗျားမေးတဲ့ ပြဿနာနဲ့ အတော်ကြီးနီးစပ်တယ်။ အဲဒီအမှုမှာ အဓိကသုံးသပ်စဉ်းစားတာက အချင်းဖြစ်မြေကွက်ဟာ လင်ဖြစ်သူ ဦးကျော်ဝင်း

http://www.cherrythitsar.org



နဲ့ မယားဖြစ်သူဒေါ်အေးအေးတို့ နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းအဖြစ် ရရှိပိုင်ဆိုင်ခဲ့ရာက လင်မယားကွာရှင်းပြီးတဲ့နောက် မခွဲဝေရသေးတဲ့ လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် တည်နေစဉ် လင်ဖြစ်သူ ဦးကျော်ဝင်း အမည်နဲ့ ဂရန်ရရှိလိုက်တယ်ဆိုရုံမျှနဲ့ မခွဲဝေရသေးတဲ့ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းဟာ ဦးကျော်ဝင်း တစ်ဦးတည်းပိုင်ပစ္စည်းအဖြစ် ပြောင်းလဲသွားခြင်း ရှိ မရှိ ဆိုတဲ့အချက်ကို စိစစ်သုံးသပ်ခဲ့ကြတယ်။

တစ်ဦး။ ။ဟုတ်ကဲ့၊ ဘယ်လိုများ သုံးသပ်ခဲ့ပါသလဲခင်ဗျား။

ကျွန်ုပ်။ ။မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားပစ္စည်းခန်းမှာ ပစ္စည်းအမျိုးအစား ခွဲခြားတာ ပြောင်းလဲဖြစ်ပေါ်တာနဲ့ ပတ်သက်ပြီး အလားတူ ဆုံးဖြတ်ချက်တွေကို စိစစ်ခဲ့ကြတယ်။

ဦးဂန္ဓနဲ့ မမြကြင်အမှုမှာ လင်မယားနှစ်ဦးပေါင်းသင်းနေချိန်အတွင်း တစ်ဦးဦးက ထီလက်မှတ်ဝယ်ပြီး ထီပေါက်တဲ့ငွေနဲ့ မြေနဲ့အိမ်ကို လင်တစ်ဦးတည်းအမည်နဲ့ ဝယ်ယူစေကာမူ အချင်းဖြစ်အိမ်နဲ့မြေဟာ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းသာလျှင် ဖြစ်တယ်လို့ ဆုံးဖြတ်ခဲ့တာကို တွေ့ရတယ်။

မရှင်မင်းနဲ့ ဘသောင်းအမှုမှာ လင်မယားနှစ်ဦးအနက် တစ်ဦးဦးရဲ့ ပါရင်းမြေကွက်မှာ အိမ်ဆောက်ရင် အိမ်ရောမြေပါ လက်ထက်ပွားပစ္စည်းဖြစ်တယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ပြီးတော့ လင်ကဖြစ်ဖြစ်၊ မယားကဖြစ်ဖြစ်၊ ဘယ်သူကမှ တစ်ဦးကိုတစ်ဦး အဲဒီနေရာကနေ လက်မဲ့ဖြစ်အောင် နှင်ထုတ်ခွင့်မရှိဘူးလို့လဲ ဆုံးဖြတ်ခဲ့တာကို တွေ့ရတယ်။

http://www.cherrythitsar.org



တစ်ဦး။ ။ဆရာခင်ဗျား၊ ပါရင်းပစ္စည်းနဲ့ လက်ထက်ပွားပစ္စည်း အကြောင်း နည်းနည်းရှင်းပြပေးပါခင်ဗျား။

ကျွန်ုပ်။ ။ပါရင်းပစ္စည်းဆိုတာ လင်ဖြစ်ဖြစ်၊ မယားဖြစ်ဖြစ် ထိမ်းမြားလက်ထပ်ခြင်းမပြုခင်က ပိုင်ဆိုင်ခဲ့တဲ့ပစ္စည်းပါ ဒုတိယအိမ်ထောင်သည်တွေအဖို့ကတော့ ပထမအိမ်ထောင်ကပါတဲ့ ပစ္စည်းနဲ့ ပထမအိမ်ထောင်နဲ့ ပြတ်စဲပြီးတဲ့နောက် ဒုတိယအိမ်ထောင်မပြုမီရတဲ့ ပစ္စည်းအားလုံး ပါဝင်တယ်။

လက်ထက်ပွားပစ္စည်းဆိုတာက ထိမ်းမြား လက်ထပ်ချိန်ကစပြီး ပွားများလာခဲ့တဲ့ ပစ္စည်းမှန်သမျှကို ပြောတာပါ။

တစ်ဦး။ ။ဟုတ်ကဲ့ပါခင်ဗျား၊ စောစောက အကြောင်းလေး ဆက်ပြီး ရှင်းပြပေးပါဦးခင်ဗျား။

ကျွန်ုပ်။ ။အဲဒီအမှုမှာ အချင်းဖြစ်မြေကွက်ဟာ ဦးကျော်ဝင်းနဲ့ ဒေါ်အေးအေးတို့ လင်မယားအဖြစ် ပေါင်းသင်းစဉ် နှစ်ဦးပိုင်ပစ္စည်းအဖြစ် ရရှိခဲ့ကြတဲ့ လက်ထက်ပွားပစ္စည်း ဖြစ်တာ ထင်ရှားတယ်။ လင်မယားနှစ်ဦး ကွာရှင်းစဉ် မခွဲဝေရသေးတဲ့ နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းအဖြစ် တည်နေတယ်ဆိုတာ ထင်ရှားတယ်။ ပစ္စည်းအနေနဲ့ လင်မယားကွာရှင်းလိုက်ပြီးတဲ့နောက် တစ်ဦးဦးအမည်နဲ့ ဂရန်အမည်ပေါက်လာတယ်ဆိုရုံမျှနဲ့ မူလလက်ထက်ပွားပစ္စည်းရဲ့ အနေအထားကနေ ဂရန်အမည်ပေါက်သူ တစ်ဦးတည်းပိုင်ပစ္စည်း ဖြစ်မလာနိုင်ဘူးလို့ အဆုံးအဖြတ် ပြုခဲ့တယ်။

တစ်ဆက်တည်းဆိုသလို အဲဒီအမှုမှာလမ်းညွှန်ခဲ့တာက လင်မယားနှစ်ဦးရဲ့ မခွဲဝေရသေးတဲ့ နှစ်ဦးပိုင်

လက်ထက်ပွားပစ္စည်းကို တစ်ဦးဦးက ကျန်တစ်ဦးရဲ့ သဘောတူညီချက်အရ မဟုတ်ဘဲ ပစ္စည်းတစ်ရပ်လုံးကို ရောင်းချခွင့် မရှိဘူး၊ ရောင်းချရင်လည်း ၎င်း ပိုင်ဆိုင်ခွင့်ရနိုင်တဲ့ အချိုးဝေစုအတွက်သာ အတည်ဖြစ်နိုင်တယ်လို့ ဆိုထားတယ်။ ဒါကြောင့် ဒီအမှုပါ ဆုံးဖြတ်ချက်ကိုကြည့်ပြီး ခင်ဗျားမေးတဲ့ မေးခွန်းကို ပြန်ဖြေကြည့်ပါလို့ပဲ ဥပဒေထောက်ညွှန်မှု ပြုပေးလိုက်ပါရဲ့ဗျာ။

ရည်ညွှန်းစီရင်ထုံး – ဦးသိန်းနိုင်(ခ) ဦးဘိုနီနှင့် ဒေါ်အေးအေး
၁၉၉၂၊ မတစ၊ ၁၉၅

ကိုးကားစီရင်ထုံး (၁) ဦးဂန္ဓနှင့် မမြကြင် အမှု
၁၉၆၂၊ မတစ (ရုံးချုပ်) ၁၃၁

(၂) မရှင်မင်း နှင့် ဘသောင်းအမှု
၁၂ ဘီအယ်လ်တီ ၂၀၂

# အခန်း (၁၉)

## မယားကို ရိုက်နှက်ခြင်းကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။လင်မယားနှစ်ယောက် ကတောက်ကဆဖြစ်ကြရာက ခိုက်ရန်ဖြစ်ပွားပြီး ယောကျ်ားက မယားကို ရိုက်မောင်း ကြိတ်မောင်းလုပ်တဲ့အတွက် မယားက သူ့ကို ရိုက်နှက် ကြိမ်းမောင်းပါတယ်ဆိုပြီး လင်မယား ကွာရှင်းလိုမှု လျှောက်တောင်းရင် ကွာရှင်းခွင့် ရနိုင် မရနိုင် သိချင် ပါတယ်။

ကျွန်ုပ်။ ။လင်နဲ့မယား လျှာနဲ့သွား ဆိုတဲ့ စကားပုံအတိုင်း တစ်ခါတစ်ခါ သဘောချင်းမတိုက်ဆိုင်တဲ့အတွက် ပဋိပက္ခဖြစ်ကြပြီး စိတ်လိုက်မာန်ပါ လင်က မယားကို ရိုက်နှက်ဆုံးမတာမျိုးကို ဥပဒေအရ ရက်စက်ကြမ်း ကြုတ်မှု ကျူးလွန်တာလို့ ဆိုနိုင်မှာမဟုတ်ပေမယ့် မကြာခဏ လင်က မယားကို ကိုယ်ထိလက်ရောက် ရိုက်နှက်တာ၊ ဆံပင်ကိုဆွဲတာ စတဲ့ အပြုအမူမျိုးတွေ ရှိလာခဲ့ရင် ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှုကို ကျူးလွန်တယ်လို့ ကောက်ယူလေ့ရှိတယ်။ တစ်နည်း ပြောရရင် ဥပဒေအရ ရက်စက် ကြမ်းကြုတ်မှုဆိုတာ

http://www.cherrythitsar.org



ကိုယ်ခန္ဓာကိုပဲဖြစ်ဖြစ်၊ ကျန်းမာရေးကိုပဲဖြစ်ဖြစ် အသက်ကိုပဲဖြစ်ဖြစ် အန္တရာယ်ဖြစ်စေမယ့် ဒါမှမဟုတ် အန္တရာယ်ဖြစ်စေလိမ့်မယ်လို့ စိုးရိမ်မကင်းဖြစ်စေတဲ့ အပြုအမူမျိုးတွေ ဆိုပါတော့ကွယ်။

တစ်ဦး ။တစ်ကြိမ်တစ်ခါ ရိုက်နှက်ရုံနဲ့ ကွာခွင့်မရနိုင်ဘူးဆိုတဲ့ သဘောလားခင်ဗျား။

ကျွန်ုပ်။ ။လင်က မယားကို ရိုက်တာအပြစ်ရှိသလို တစ်ကြိမ်တစ်ခါ ရိုက်နှိက်နှိပ်စက်တာကို အကြောင်းပြုပြီး ကွာရှင်းပြတ်စဲဖို့ အရေးဆိုနိုင်တယ်လို့ မကြမ်းနဲ့စုဝါ အမှုမှာ ဆုံးဖြတ်ထားတာ ရှိပါတယ်။

တစ်ဦး။ ။လင်နဲ့မယား အသေးအဖွဲရန်ဖြစ်မှု အကြိမ်ကြိမ်ဖြစ်နေရင်ကောခင်ဗျာ။

ကျွန်ုပ်။ ။လင်ဖြစ်သူရဲ့ လက်ရောက်ကျူးလွန်မှုဟာ တစ်ခုစီခွဲခြားဝေဖန်ရင် ရက်စက်မှုဖြစ်ဖို့ မလုံလောက်ပေမယ့် စုပေါင်းပြီး စဉ်းစားတဲ့အခါ ရက်စက်မှုဖြစ်ဖို့ လုံလောက်တာမျိုးလည်း ရှိနိုင်တယ်။

တစ်ဦး။ ။ရရှိတဲ့ဒဏ်ရာအပေါ် မူတည်ပြီး ရက်စက်မှု ဖြစ်မဖြစ်သတ်မှတ်ပါသလား။

ကျွန်ုပ်။ ။ရက်စက်မှုဆိုတာ တကယ်တမ်း ဒဏ်ရာအနာတရရအောင် ပြုလုပ်တဲ့အပေါ်မှာ မူတည်တာမဟုတ်ဘူးကွဲ့။ ကျူးလွန်သူရဲ့ စိတ်နေသဘောထားအပေါ်မှာလည်း တည်တယ်။ ဥပဒေအရ ရက်စက်မှုဆိုတာ ကိုယ်ကာယဆင်းရဲခြင်းသာမက စိတ်ဆင်းရဲခြင်းလည်းပါတယ်။ စိတ်ဒုက္ခခံစားရမှုတွေဟာ ကိုယ်ထိလက်ရောက် အရိုက်အနှက်ခံရတဲ့ ကိုယ်ကာယဆင်းရဲခြင်းထက်ဆိုးတယ်။

http://www.cherrythitsar.org



ဒါကြောင့် စိတ်ဆင်းရဲအောင် ရက်စက်မှုပြုရင်လည်း ကွာရှင်းခွင့်ရနိုင်တယ်။

တစ်ဦး။ ။လင်က မယားကို ပါးရိုက်တဲ့ အပြုအမူမျိုးကကော ခင်ဗျာ။

ကျွန်ုပ်။ ။မယားကို လင်က ခဏခဏပါးရိုက်တာဟာ ရက်စက်မှုပေပဲပေါ့။ မြန်မာတွေအဖို့ ပါးကို လက်ဝါးနဲ့ရိုက်တာဟာ ကိုယ်ကာယကို တုတ်နဲ့ရိုက်တာ၊ ဓားနဲ့ထိုးတာထက် ပိုနာကြည်းစရာ ဖြစ်ပေတယ်။

ဓမ္မသတ်တွေထဲမှာ မယားသခင် လင်ဖြစ်တဲ့အတွက် မယားကို လင်က တင်ပါးကို ဝါးခြမ်းပြားနဲ့ ရိုက်ပြီး ဆုံးမခွင့်ရှိတဲ့အတွက် မြန်မာနိုင်ငံကို ဗြိတိသျှတွေ သိမ်းပိုက်ခါစက ဖြစ်ပွားခဲ့တဲ့ မပဒုနဲ့ မောင်ရွှေဖော့ အမှုမှာ မယားကို တစ်ကြိမ်တစ်ခါ ရိုက်နှက်တာဆံပင်ဆွဲ ဆဲရေးတာကို လင်မယား ကွာရှင်းပြတ်စဲခွင့်ပြုလောက်တဲ့ အိမ်ထောင်ရေးပြစ်ချက်လို့ တရားရုံးက မမှတ်ယူခဲ့ဘူး။

လင်ဟာ မယားရဲ့အရှင်သခင်ဖြစ်တယ်ဆိုတဲ့ ရှေးအယူအဆတွေဟာ ခေတ်ကုန်သွားပြီလို့ ဆိုနိုင်တယ်။ ခုအခါမှာ လင်နဲ့မယား တန်းတူအခွင့်အရေးရှိတယ်။ လင်ဟာ မယားကို ရိုက်နှက်ခွင့်ရှိတယ်ဆိုတဲ့ ဓမ္မသတ်မှာ ပြဆိုထားတာ ရှိခဲ့ပေမယ့် ခုအခါမှာ လင်အနေနဲ့ မယားကို အနည်းငယ်မျှပင် ရိုက်နှက်ခွင့် မရှိတော့ဘူးရယ်လို့ ဦးမျိုးမြင့်နဲ့ ဒေါက်တာခင်မေကြည် ၁၉၆၈ ပထမအယူခံ အမှုအမှတ် ၁၊ နိုင်ငံတော်တရားရုံးချုပ်အမှုမှာ ဖော်ပြထားတယ်။

http://www.cherrythitsar.org



ကိုးကားအမှု

၁။ မောင်ကျော်ရန်နှင့် မညို၊ ၇–ဘားမားလောတိုင်း၊ ၁၆။

၂။ မသန်းညွန့်နှင့်မောင်အောင်သက်၊ ၁၀ ဘီအယ်လ်တီ၊ ၂၂၈။

၃။ မပဒုနှင့် မောင်ရွှေဖော့၊ ရွှေးနုတ် ၆၀၇။

၄။ ဦးမျိုးမြင့်နှင့် ဒေါက်တာခင်မေကြည်။
၁၉၆၈၊ ပထမအယူခံမှုအမှတ် ၁ (တရားရုံးချုပ်)

၅။ မကြမ်းဝါနှင့်စုဝါ၊ ၂၊ အောက်မြန်မာပြည်(၁၈၉၇–၁၀) ၂၈။

# အခန်း (၂၀)

## လင်ယောကျ်ား၏ ရက်စက်ဖောက်ပြန်ခြင်းကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။မယားက လင်ကို ကွာလိုမှုလျှောက်ထားတဲ့နေရာမှာ ကြီးလေးတဲ့ ရက်စက်မှုကြောင့်ပဲ ကွာလို့ရတာလား၊ အခြားအကြောင်းတွေကြောင့်ကော ကွာလိုမှုလျှောက်လို့ မရဘူးလားခင်ဗျား။

ကျွန်ုပ်။ ။ရက်စက်မှုဆိုတဲ့အပိုင်းမှာ သာမန်ရက်စက်မှုနဲ့ ကြီးလေးတဲ့ ရက်စက်မှုရယ်လို့ နှစ်မျိုးရှိတယ်ကွဲ့။ သာမန်ရက်စက်မှု၊ ဒုတိယမယားယူမှု၊ စွန့်ပစ်မှုနဲ့ လည်ဆယ်မှုတွေကို အကြောင်းပြုပြီးတော့လည်း ကွာလိုမှု လျှောက်ထားနိုင်တာပါပဲ။

တစ်ဦး။ ။အငယ်အနှောင်းထားတာလည်း လင်ရဲ့ဖောက်ပြန်မှုပဲ မဟုတ်လား။

ကျွန်ုပ်။ ။အေး ဟုတ်တယ်။ လင်ဖြစ်သူအနေနဲ့ မိန်းမတစ်ဦးနဲ့ ကာမကျူးလွန်ရင် လင်ရဲ့ဖောက်ပြန်မှုလို့ ပြောလို့ရတယ်။ ဒါပေမယ့် မြန်မာဗုဒ္ဓဘာသာယောကျ်ားတစ်ယောက်ဟာ မယားတစ်ယောက်ထက် ပိုပြီးယူခွင့်ရှိတဲ့အတွက် လင်ဖြစ်သူတခြားမိန်းမနဲ့ ဖောက်ပြန်တဲ့ပြစ်မှုလောက်နဲ့ ကွာရှင်းခွင့် မရနိုင်ဘူးလို့ မသိန်းခွဲ့နဲ့မောင်ခ

(၇၊ ရန်ကုန်၊ ၄၅) အမှုမှာ ဆိုထားတယ်။ ဒါပေမယ့် မယားရှိလျက်နဲ့ ဒုတိယမယားယူရင်တော့ ဒါဟာ ရက်စက်ခြင်းလို့ ဆိုနိုင်တဲ့အတွက် ပထမ မယားက ကွာရှင်းခွင့် တောင်းဆိုနိုင်တယ်။

ဒီနေရာမှာ ဗဟုသုတအနေနဲ့ ပြောချင်တာက အစ္စလာမ်တရားဥပဒေအရ မွတ်စလင်အမျိုးသားတစ်ယောက်ဟာ တစ်ကြိမ်ထဲ မယားလေးယောက်ယူခွင့်ရှိတာမို့ နောက်မယားယူတဲ့အကြောင်းမျှနဲ့ မွတ်စလင်အမျိုးသမီးတစ်ဦးဟာ သာမန်အားဖြင့် ကွာရှင်းခွင့်မရှိပေဘူး။

တစ်ဦး။ ။ခရစ်ယာန်နဲ့ ဟိန္ဒူထိမ်းမြားခြင်းဥပဒေအရကော ဘယ်လို ရှိပါသလဲခင်ဗျား။

ကျွန်ုပ်။ ။ခရစ်ယာန်ထိမ်းမြားခြင်းဥပဒေအရ လင်ယောကျ်ားဟာ သွေးနီးလွန်းသူနဲ့ ဖောက်ပြန်ရင် အဲဒီအကြောင်းပြချက်နဲ့ ထိမ်းမြားမှုကို ပယ်ဖျက်ပေးဖို့ လျှောက်နိုင်တယ်။ ဒါမှမဟုတ် တခြားမိန်းမတစ်ဦးနဲ့ ဖောက်ပြန်တဲ့အပြင် ရက်စက်မှုကျူးလွန်ရင် ထိမ်းမြားမှုကို ပယ်ဖျက်ပေးဖို့ လျှောက်ထားနိုင်တယ်။ ဟိန္ဒူထိမ်းမြားခြင်းဥပဒေအရကတော့ ထိမ်းမြားပြီးတဲ့နောက် ခင်ပွန်းသည်ဟာ တခြား သူတစ်ယောက်နဲ့ ကာမစပ်ယှက်ခဲ့ရင် အဲဒီအကြောင်းပြချက်နဲ့ လင်နဲ့ ခွဲခွာနေထိုင်ဖို့ လျှောက်ထားနိုင်တယ်။ မြန်မာနိုင်ငံမှာ အာဏာသက်ရောက်တဲ့ ဟိန္ဒူဓလေ့ ထုံးတမ်းဥပဒေအရ မယားဖြစ်သူဟာ ဘယ်အကြောင်းနဲ့မှ ကွာရှင်းခွင့်မရပေဘူး။ ဒါနဲ့ပတ်သက်ပြီး အမှုစီရင်ထုံး တစ်ခုအကြောင်း ပြောပြချင်ပါတယ်။ ဘိမာလန်ဒူးဂိုရ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကာလကတ္တားမှာ မိမိဇနီးဖြစ်သူ မစ္စစ်ပရိုတိမာဂိုရ်နဲ့ ခေတ္တ

http://www.cherrythitsar.org



နေထိုင်စဉ်အတွင်းမှာ ဇနီးသည်ကို ကတ်ကြေးနဲ့အကြိမ်ပေါင်းများစွာထိုးခဲ့တဲ့အတွက် ဇနီးသည် လက်ကျိုးခဲ့ရတယ်။ ဘောက်ထော်မှာ အတူတကွ ပေါင်းသင်းနေစဉ်မှာ ယောကျ်ားက ကိုယ်ဝန် (၃)လ ရှိတဲ့ ဇနီးသည်ရဲ့ ဝမ်းဗိုက်ကို ခြေနဲ့ကန်ခဲ့တယ်။ ကိုယ်ဝန်ရှိသူကို ရိုက်ပုတ်ကြိမ်းမောင်းရုံမျှနဲ့ တရားဥပဒေအရ ရက်စက်မှုမြောက်တယ်။ ကိုယ်ထိလက်ရောက် အခုလိုမျိုး ကျူးလွန်တာမျိုးကတော့ အထူးဆိုဘွယ်ရာ ဘယ်ရှိပါတော့မလဲကွယ်။ အဲဒီအမှုမှာ ဇနီးသည်ဘက်က လင်မယားခွဲခြားနေထိုင်စေရေး ရရှိခဲ့တယ်။

တစ်ဦး။ ။ခရစ်ယာန်နဲ့ ဟိန္ဒူ ထိမ်းမြားမှုဥပဒေအရ ဒုတိယမယားယူခွင့် ရှိ မရှိ သိချင်ပါတယ်။

ကျွန်ုပ်။ ။ခရစ်ယာန်ထိမ်းမြားခြင်းဥပဒေအရ ယောကျ်ားဟာ ဒုတိယမယား ယူခွင့်မရှိဘူး။ ဒီလိုပဲ အိန္ဒိယနိုင်ငံမှာ အာဏာသက်ရောက်တဲ့ ဟိန္ဒူထိမ်းမြားခြင်းဥပဒေအရလည်း လင်ယောကျ်ားဟာ ဒုတိယမယားယူခွင့်မရှိဘူး။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ကျင့်သုံးနေကြတဲ့ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရကတော့ လင်ယောကျ်ားဟာ မယားအများအပြားယူခွင့်ရှိတာကို တွေ့ရတယ်။ မယားဖြစ်သူကလည်း လင်ဖြစ်သူ မယားအများအပြားယူတဲ့အတွက်တခြား ဘယ်အကြောင်းနဲ့မှ ကွာရှင်းခွင့် မရကြပါဘူးကွယ်။

ကိုးကားအမှု (၁) မစ္စစ်ပရိတီမာဂို့ရ်နှင့် ဘီမာလန်ဒူးဂို့ရ်၊၁၉၆၃၊ မတစ၊ ၅၂၆
(၂) မသိန်းနွဲ့နှင့် မောင်ခ ၇၊ ရန်ကုန်၊ ၄၅၁
(၃) မောင်သက်မောင်နှင့် မကြည်ထွေး ၁၉၆၃၊ မတစ၊ ၂၉၅

# အခန်း (၂၁)

## မိဘဘက်ပါတဲ့ ရည်းစားကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။မိန်းကလေးတစ်ယောက်က သူ့ရည်းစား ယောကျ်ားလေးကို သူ့ကိုခိုးပြေးဖို့ပြောတဲ့အတွက် ကောင်လေးက ခိုးပြေးတယ်ပေါ့ဆရာရယ်။ ဒါပေမဲ့ ရက်ပိုင်းအတွင်း မိန်းကလေးမိဘတွေက မိန်းကလေးကိုတွေ့လို့ပြန်ခေါ် သွားကြတယ်။ အဲဒီနောက် ကောင်လေးကို အလိုမတူ ကားတင်ခိုးမှုနဲ့တရားစွဲတယ်။ ကောင်မလေးက သူ့ကို အတင်းအဓမ္မ ကောင်လေးက ခိုးပြေးတဲ့အကြောင်း၊ သဘောမတူဘဲ သားမယားအဖြစ် ပြုကျင့်တဲ့အကြောင်း ရုံးရှေ့မှာထွက်တယ်။ ဒီလိုအခြေအနေမျိုးမှာ ကောင်လေးအနေနဲ့ ဘယ်သူ့ကို အားကိုးရမယ်ဆိုတာ သိချင်ပါတယ်။

ကျွန်ုပ်။ ။ဒီလိုအဖြစ်မျိုးတွေ လူ့ဘဝဇာတ်ခုံမှာ တွေ့ရတတ်ပါတယ်။

တစ်ဦး။ ။အမှုအနေနဲ့ကော ဒီလိုမျိုး ရှိဖူးပါသလား။

http://www.cherrythitsar.org



ကျွန်ုပ်။ ။ရှိဖူးခဲ့ကြပြီကောဗျာ။ ဒီလိုရှိဖူးတဲ့အမှုတွေထဲက စောစောက အဖြစ်နဲ့ အနီးစပ်ဆုံး တူညီတဲ့အမှုတစ်မှု အကြောင်း ပြောပြပါ့မယ်။

တစ်ဦး။ ။ဟုတ်ကဲ့ခင်ဗျာ။

ကျွန်ုပ်။ ။အမှုက ၁၉၉၄ ခုနှစ်လောက်က ဖြစ်ခဲ့တာပါ။ မရီ ဆိုတဲ့ မိန်းကလေး ဈေးဆိုင်ဖွင့်ဖို့အသွားမှာ ဆန်ကား (ခ) စိုးငွေဆိုတဲ့ လူငယ်က ကားပေါ်ကို အတင်းစွဲတင် တာကို သိလိုက်ရလို့ ခြေရာခံစုံစမ်းတော့ ကျိုက်ထိုက တည်းခိုခန်းမှာ ရောက်နေတာကို သိကြရတယ်။ ဒါနဲ့ တည်းခိုခန်းအရောက်သွားပြီး မရီကို ပြန်ခေါ်လာခဲ့ပြီး စိုးငွေကို အလိုမတူဘဲ အတင်းအဓမ္မဆွဲငင်ခေါ်ဆောင် မှုနဲ့ ဥပဒေအရ အရေးယူပေးဖို့ မရီရဲ့မိခင်က အမှုဖွင့် တယ်။

တရားရုံးမှာ မရီက သူ့ကို စိုးငွေက ကားပေါ်ကို အတင်းဆွဲခေါ်တင်ပြီး ပါးစပ်ပိတ်ထားတယ်လို့ဆို တယ်။ အော်ရင် သတ်ပစ်မယ်လို့ ဓားနဲ့ခြိမ်းတယ်လို့ ဆိုတယ်။ သူ့အနေနဲ့ ကြောက်တဲ့အတွက် ဘာမှမပြော ရဘဲ ငြိမ်ပြီးလိုက်ပါသွားရတယ်လို့ ထွက်ဆိုတယ်။ ဒါနဲ့ပဲ ကျိုက်ထိုက တည်းခိုခန်းတစ်ခုကို ရောက်သွား တယ်။ တည်းခိုခန်းမှာ စိုးငွေက သူ့မှတ်ပုံတင်ထုတ်ပြ တယ်လို့ ဆိုတယ်။ သူက မှတ်ပုံတင်ဘယ်ကရတာလဲ လို့မေးတော့ အိမ်ရှိဘီရိုထဲက ယူလာတာလို့ စိုးငွေက ပြောတယ်လို့ ထွက်ဆိုတယ်။ ‘နင့်အကြံပက်စက်လှ ချေလား’ လို့ သူ့ကို ပြန်ပြောခဲ့တယ်လို့ဆိုတယ်။ ညဘက်အရောက်မှာ ဓားကိုပြပြီး သားမယားအဖြစ်

http://www.cherrythitsar.org



ပြုကျင့်တယ်လို့ဆိုတယ်။ ကြောက်ရွံ့ရတဲ့အတွက် အကူအညီ မတောင်းရဲခဲ့ဘူးလို့ဆိုတယ်။ ၁၀၊ ၉၊ ၉၄ နေ့မှာ ဦးတင်ရှိန်ထံ ဖုန်းဆက် အကြောင်းကြားတဲ့အတွက် ၁၁၊ ၉၊ ၉၄ နေ့ညမှာ မိခင်နဲ့ အစ်ကိုနှစ်ယောက်၊ သူငယ်ချင်း မစန္ဒာနဲ့ အရာရှိတွေ လာရောက်ခေါ်ယူတယ်လို့ ဆိုတယ်။ မိခင်က စိုးငွေကို အတင်းအဓမ္မခေါ်ပြီး သားမယားအဖြစ် ပြုကျင့်တာ မဟုတ်လားလို့ ပြောတော့ စိုးငွေက 'မှားပါတယ်' လို့ ပြောတဲ့အကြောင်း ထွက်ဆိုချက်ပေးတယ်။ အောက်ရုံးက စိုးငွေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ အလုပ်နဲ့ထောင် (၄)နှစ် (၆)လ၊ ပုဒ်မ (၃၇၆) အရ အလုပ်နဲ့ထောင် (၄)နှစ် (၆)လ၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေဖို့ အမိန့်ချမှတ်ခဲ့တယ်။ ဒီအမိန့်ကို စိုးငွေက မကျေနပ်လို့ တိုင်းတရားရုံးကို အယူခံတက်ရောက်ခဲ့ရာမှာ ပြစ်မှုထင်ရှားစီရင်တာကို အတည်ပြုပြီး ပြစ်ဒဏ်ကိုတော့ အလုပ်နဲ့ ထောင်(၄)နှစ်စီ ပြောင်းလဲ ကျခံဖို့နဲ့ ပြစ်ဒဏ်နှစ်ရပ်လုံးကို တစ်ပေါင်းတည်းကျခံစေဖို့ အမိန့်ချမှတ်ခဲ့တယ်။ ဒီအမိန့်ကိုလည်း စိုးငွေက မကျေနပ်တဲ့အတွက် တရားရုံးချုပ်ကိုပြင်ဆင်မှုတက်ရောက်ခဲ့တယ်။

တစ်ဦး။ ။တက်ရောက်တဲ့ အကြောင်းပြချက်ကိုလည်း သိချင်ပါတယ်။

ကျွန်ုပ်။ ။ပြင်ဆင်မှုတက်ရောက်တဲ့ စိုးငွေရဲ့ ရှေ့နေတင်ပြချက်ကို အရင်တင်ပြပါ့မယ်။ သူက စိုးငွေနဲ့ မရီတို့ဟာ နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးခြင်းသာ ဖြစ်တဲ့အကြောင်း၊ အချင်းဖြစ်ချိန်က မရီအနေနဲ့ အလိုမတူရင်

http://www.cherrythitsar.org



အကူအညီတောင်းခံနိုင်ပေမယ့် အကူအညီတောင်းခံခဲ့မှု မရှိခြင်းဟာ အလိုတူအလိုပါ ခိုးရာလိုက်ပါခဲ့ခြင်းသာ ဖြစ်တဲ့အကြောင်း၊ လမ်းတစ်လျှောက် လုံခြုံရေးဂိတ်စခန်းအသီးသီးကို ကားမောင်း ဖြတ်ကျော်ခဲ့ရာမှာလည်း ဘယ်လိုအကူအညီမျိုးကိုမှ တောင်းခံခဲ့မှုမရှိခြင်းက ထင်ရှားပါကြောင်း၊ တည်းခိုခန်းမှာလည်း လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် တည်းခိုနေထိုင်ခဲ့တဲ့အကြောင်း မိခင်ပြန်လာခေါ်ချိန်က မရိက လူကြီးတွေရှေ့မှာ ချစ်ခြင်းကို မခွဲဖို့ပြောကြားခဲ့တယ်ဆိုတဲ့အချက် ပေါ်ပေါက်လျက်ရှိပါကြောင်း တင်ပြတယ်။

ဥပဒေအရာရှိကလည်း သူ့ရှုထောင့်ကနေ အခုလိုမျိုး တင်ပြခဲ့တယ်လေ။ မရိနဲ့စိုးငွေ ချစ်ကြိုက်ပြီးနှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးတာမှန်ရင် အပြန်အလှန် ပေးတဲ့စာ၊ ဒါမှမဟုတ် အထောက်အထားတွေရှိရမှာဖြစ်တဲ့အကြောင်း၊ အထောက်အထားတွေ အမှုမှာမတွေ့ရဘူးဆိုတဲ့အကြောင်း၊ မရိဟာ ခါးဝတ်ခါးစားနဲ့ဆိုင်ဖွင့်ဖို့ ထွက်လာခြင်းဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ် အနေအထားအတိုင်း ထွက်လာခြင်းဖြစ်၍ခိုးရာလိုက်မယ့်အနေအထားမျိုး မဟုတ်တာကို တွေ့ရကြောင်း စသဖြင့် တင်ပြတယ်။

တစ်ဦး။ ။တရားရုံးချုပ်ရဲ့ စီရင်ချက်ဟာ အတော့်ကို စိတ်ဝင်စားစရာ ကောင်းမှာပဲနော်၊ ကျွန်တော်ကတော့ အဲဒီလိုပဲထင်တယ်။

ကျွန်ုပ်။ ။တရားရုံးချုပ်က သက်သေထွက်ချက် အသီးသီးကို အသေးစိတ်လေ့လာသုံးသပ်ခဲ့တယ်။ အဓိကသက်သေ

http://www.cherrythitsar.org



ဖြစ်တဲ့ ယာဉ်မောင်းဇော်ဇော်ရဲ့ ထွက်ချက်ကိုကြည့်တဲ့ အခါ အခုလိုမျိုး ထွက်ဆိုထားတာကို တွေ့ရတယ်။

'ကားကိုမောင်းဟု နောက်ခန်းမှအော်ပြော၍ ကျွန်တော် ရှေ့ခန်းမှ ကြားသဖြင့် မောင်းခဲ့ပါသည်။ ရန်းကန် အော်ဟစ်သံ မကြားရပါ။ ကျွန်တော်ကြည့်၍ မြင်သမျှတော့ ကောင်လေးက ကောင်မလေးကို ဖား ထောက်၊ ပါးစပ်ပိတ်ထားတာ မတွေ့ရပါ။ တုံးလုံးလှဲ ထားတာလဲ မတွေ့ရပါ။ ထိုင်နေတာ တွေ့ရပါသည်။ ဝေါမြို့ ရဲစခန်းအနီး ဈေးထဲက လက်ဖက်ရည်ဆိုင်တွင် ကိုစိုးငွေနှင့် ကောင်မလေး လက်ဖက်ရည်ဆင်းသောက် ပြီး ကျွန်တော် အိမ်သာသွားတက်ပါသည်။ စစ်တောင်း တံတားထိပ်တွင် စစ်တပ်နှင့် ရဲက ခရီးသည်နှင့်ကားကို စစ်ဆေးပါသည်။ စစ်ဆေးရေးဂိတ်နှင့် ပေ (၂၀)အကွာ တွင် ကားနံပါတ်ဆင်းပေးကာ တံတားကြေးပေးခဲ့ရပါ သည်။ ကားကိုရပ်၍ ကိုစိုးငွေကိုယ်တိုင် တံတားကူးခ (၂၅/–) ပေးခဲ့ရသည်ဆိုတာ မှန်ပါသည်။'

တဖန် တည်းခိုခန်းပိုင်ရှင် ဦးကျော်အေး၊ တည်းခိုခန်းမန်နေဂျာ ဦးဟန်မြင့်၊ တည်းခိုခန်းအလုပ် သမား ဦးလှဝင်းနဲ့ မထွေးမြင့်တို့ရဲ့ ထွက်ဆိုချက်အရ စိုးငွေနှင့် မရီတို့ဟာ တည်းခိုခန်းမှာ လင်မယားလို့ ပြောဆိုပြီး (၁) ရက်ကြာမျှ ပျော်ရွှင်စွာ တည်းခိုနေထိုင် သွားကြတဲ့အကြောင်း၊ တည်းခိုနေထိုင်စဉ်အတွင်း ၎င်းတို့နှစ်ဦး ဈေးအတူသွားပြီး အဝတ်အစားဝယ်တဲ့ အကြောင်း၊ အပြင်ထွက်၍ လက်ဖက်ရည်သောက်တဲ့ အကြောင်း၊ ဝရန်တာထွက်၍ ထမင်းအတူစားတဲ့

http://www.cherrythitsar.org



အကြောင်း၊ စိုးငွေရဲ့ အဝတ်အစားတွေကို မရီက မီးပူတိုက်ပေးတဲ့အကြောင်း ထွက်ဆိုခဲ့ကြတာကို တွေ့ရတယ်။

ဒီအချက်တွေကိုထောက်ရင် မရီဟာ စိုးငွေနဲ့ လိုက်ပါလာစဉ်က အော်ဟစ် အကူအညီတောင်းတာ၊ လမ်းမှာတွေ့တဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို တိုင်ကြားတာ အလျင်းမရှိခဲ့တဲ့အတွက် သူမရဲ့သဘောဆန္ဒ အလျောက် အလိုတူအလိုပါ စိုးငွေနဲ့ လိုက်ပါလာခြင်းသာ ဖြစ်တယ်လို့ ယူဆရမှာ ဖြစ်တယ်။ ဒါ့အပြင် တည်းခိုခန်းက သက်သေတွေရဲ့ ထွက်ချက်အရကြည့် မယ်ဆိုရင်လည်း စိုးငွေဟာ မရီကို သူမသဘောမတူဘဲ အကြမ်းဖက်ခိုးယူခြင်းပြုလုပ်ခဲ့တယ်။ မရီရဲ့သဘောတူ ခွင့်ပြုချက်မရှိဘဲ ကာမရာဂ စပ်ယှက်ခဲ့တယ်လို့ ကောက်ယူနိုင်တဲ့ သက်သေခံအထောက်အထား တစ်စုံတစ်ရာ မတွေ့ရဘူးလို့ သုံးသပ်တယ်။ မရီကိုယ်တိုင် အလိုတူအလိုပါ စိုးငွေနဲ့ လိုက်ပါပြီး နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ကြတဲ့ သက်သေအထောက်အထား တွေကိုသာ တွေ့ရတယ်လို့ သုံးသပ်ပြီး စိုးငွေကို အမှုက အပြီးအပြတ် လွှတ်ပေးလိုက်တယ်။

ဒါဟာ အမှန်တရားပေပဲ။ ဘယ်လိုအခြေအနေ မျိုးပဲရောက်ရောက် အမှန်တရားကို ယုံကြည်အားကိုး ရင် အမှန်တရားအတိုင်း ဖြစ်ရမှာပေါ့ကွယ်။

ရည်ညွှန်းအမှု– ဆန်ကား(ခ)စိုးငွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂။ ၁၉၉၆၊ မတစ၊ ၆၆။

# အခန်း (၂၂)

## ထုတ်ဝေသူနှင့် စင်တင်ကလောင်ရှင်တို့ကြား ချုပ်ဆိုသည့် စာချုပ်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။စင်တင်ကလောင်ရှင်နဲ့ ထုတ်ဝေသူတို့ ချုပ်ဆိုကြတဲ့ စာချုပ်ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုချုပ်သင့်တယ်၊ ဘယ်လို မချုပ်သင့်ဘူးဆိုတာ ပြောပြနိုင်ရင် ပြောပြပေးစေချင်ပါတယ်။

ကျွန်ုပ်။ ။အမည်မရသေးတဲ့ လုံးချင်းဝတ္ထုရေးဆရာတွေဟာ ဝတ္ထုရှည်၊ အထူးသဖြင့် အချစ်ဝတ္ထုလိုင်းဆိုပါတော့။ အဲဒီလိုင်းကို တိုးဝင်ကြတဲ့နေရာမှာ ပထမပိုင်းငွေကြေးဆိုတာထက် အမည်တစ်လုံး ဖြစ်လာရေးဆိုတာကို အဓိက ဦးစားပေးတတ်ကြတာ များပါတယ်။

ထုတ်ဝေသူဘက်ကကြည့်ရင်တော့ ကလောင်ရှင်ကို မွေးရတယ်ပေါ့ဗျာ။ စွန့်စားမှုတစ်ရပ်လို့ ပြောရင်လည်းရပါတယ်။ ဒါပေမယ့် အထွေအထူး စွန့်စားရတာမျိုးတော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့။ စာမူကိုဖတ်ပြီး ဖြစ်နိုင် မဖြစ်နိုင် လက်စလက်နကို

http://www.cherrythitsar.org



အကဲခတ်နိုင်တဲ့ အတွေ့အကြုံရှိထားတာရယ်၊ စင်တင်ပေးရမည့် ကလောင်ရှင်ရဲ့ စစချင်း စာမူသုံးအုပ်ကို စာမူခမပေးရဘဲ ထုတ်ဝေခွင့် အခွင့်အလမ်းရှိထားတာရယ် စာအုပ်ထုတ်ဝေလို့ ရှုံးသွားသည့်တိုင် တခြားကိုယ်ထုတ်ဝေနေကျစာအုပ်တွေက အမြတ်နဲ့ပြန်ထေနိုင်တာရယ်၊ ဆက်မထုတ်တော့ဘဲ ရပ်ပစ်လိုက်နိုင်တာရယ်ကြောင့် တိုင်းတိုင်းထွာထွာ လုပ်ကိုင်နိုင်တာမို့ အရမ်းကြီး စွန့်စားရတာမျိုးလို့ မဆိုသာပါဘူး။

ထုတ်ဝေသူဘက်က စင်တင်ပေမယ့် ဖြစ်မလာတာတွေလည်း ရှိသလို ဖြစ်လာတာတွေလည်း ရှိပါတယ်။ ဒီလိုဖြစ်လာချိန်မှာ ထုတ်ဝေသူနဲ့ စာရေးဆရာကြားမှာ အကျိုးစီးပွား အားပြိုင်မှုတွေ တိုးပွားပြင်းထန်လာတတ်တာ မြွတာလို့ ဆိုရပါမယ်။

တစ်ဦး။ ။ဘယ်လိုမျိုး အားပြိုင်မှုမျိုးပါလဲခင်ဗျား။

ကျွန်ုပ်။ ။ထုတ်ဝေသူဘက်က အကျိုးစီးပွား ပိုလိုချင်တာရယ်၊ စာရေးဆရာဘက်က ခံစားခွင့်တိုးတောင်းချင်တာရယ် ပေါ့ဗျာ။

ထုတ်ဝေသူဘက်က တွေးတတ် မြင်တတ်တဲ့သဘောက 'ငါတင်ပေးလို့ ဖြစ်လာတာ၊ ခုတော့ ငါ့ကို အာခံချင်ပြီ၊ ပေါင်းသင် ရေလောင်းပေးခဲ့ရတာက ငါ၊ အဖူးအပွင့်ခူးဆွတ်တော့ တခြားထုတ်ဝေသူ အဖြစ်မခံနိုင်ဘူး' ဆိုတဲ့ အမြင်သဘောပါ။

စာရေးဆရာဘက်က တွေးတတ် မြင်တတ်တဲ့သဘောက 'ငါ့ကို မဖြစ်စလောက် စာမူခပေးပြီး ငါ့ကို နှိမ်ထားတယ်၊ ခုထိ တခြားထုတ်ဝေသူတွေပေးတဲ့

http://www.cherrythitsar.org



ဈေးကို ငါ့ကို တိုးမပေးသေးဘူး’ ဆိုတဲ့ အမြင်ဖြစ်ပါတယ်။

ဒီအမြင်၊ ဒီသဘောတွေကြောင့် စာချုပ်ချုပ်တဲ့နေရာမှာ အချို့ ထုတ်ဝေသူတွေဟာ စာရေးဆရာကို သူ့လက်ခုပ်ထဲကရေဖြစ်အောင် ချုပ်လေ့ရှိပါတယ်။

တစ်ဦး။ ။ဘယ်လိုမျိုးချုပ်တယ်ဆိုတာကိုလည်း ပြောပြပေးစေချင်ပါတယ်။

ကျွန်ုပ်။ ။ပထမသုံးအုပ် စာမူခမယူဘဲ နေရမယ်။ လေးအုပ်မြောက်ကစပြီး အုပ်ရေ ၂၀၀၀ ကုန်ရင် စာမူခ တစ်အုပ်နှစ်သောင်းပေးမယ်။ အုပ်ရေ ၃၀၀၀ရောက်ရင် စာမူခ ဒီ့ထက် ပိုတိုးပေးမယ်။ ထုတ်ဝေသူကို အုပ် ၃၀ ပြည့်တဲ့အထိ စဉ်ဆက်မပြတ် ရေးပေးရမယ်။ အုပ်ရေ ၃၀ မပြည့်မချင်း အခြားစာပေတိုက်တွေကို ရေးမပေးရဘူး။ စသဖြင့် ထည့်သွင်းချုပ်ဆိုလေ့ရှိပါတယ်။

တချို့ထုတ်ဝေသူတွေကျတော့ ဒီ့ထက်ပိုပြီး အခွင့်အရေးယူတတ်ကြတာတွေရှိတယ်။ တစ်ဘက်စောင်းနင်းလုပ်တာတွေ ရှိတယ်။ ဥပမာ စာချုပ်ကို တစ်ခုတည်းလုပ်ပြီး အဲဒီစာချုပ်ကို ထုတ်ဝေသူကပဲ ရယူထားတာမျိုး၊ စာရေးဆရာကို စာချုပ်တစ်စောင် မပေးဘဲ ထားတာမျိုး၊ တစ်ခါ စာမူခနဲ့ပတ်သက်ပြီး ဘယ်ရွေ့ဘယ်မျှ ပေးမယ်ဆိုတာ တိတိကျကျရေး မထားဘဲ အခြားသူများနည်းတူ စာမူခနှုန်းအတိုင်း ပေးမယ်လို့ ချုပ်ဆိုတာမျိုးတွေ တွေ့ရတတ်ပါတယ်။

စာရေးဆရာဘက်က စာချုပ်ချုပ်ရင် နောင်ခါလာ နောင်ခါဈေး လုပ်ကြလို့ ဒီလိုဖြစ်ရတာဟာလည်း

http://www.cherrythitsar.org



ပါပါတယ်။ မတရား သြဇာလွှမ်းမိုးမှုကင်းကင်း၊ နိုင်ထက် စီးနင်းခံရမှုကင်းကင်းနဲ့ ဆင်ဆင်ခြင်ခြင် ချင့်ချင့် ချိန်ချိန် လုပ်သင့်ပါတယ်။ ဒီလုပ်ငန်းက စာချုပ်မချုပ် လို့ကလည်း မဖြစ်ပါဘူး။ အလုပ်သဘောအရ စာချုပ် ချုပ်ကြရပါတယ်။ အလုပ်သဘောချုပ်တဲ့အခါ အလုပ် ကို အလုပ်နဲ့တူအောင်လုပ်ဖို့ လိုပါတယ်။ ဒီနေရာမှာ ဥပဒေရေးရာနဲ့ပတ်သက်ပြီး အကြံပေးချင်တာ ရှိပါ တယ်။

စာချုပ်ကို မျှမျှတတချုပ်ကြဖို့ပါ။ စာရေးဆရာ ဘက်က တာဝန်ယူတာရှိရင် ထုတ်ဝေသူဘက်ကလည်း အပြန်အလှန် သဘော တာဝန်ယူတာပါသင့်ပါတယ်။ စာရေးဆရာဘက်က ကတိပြုတာရှိရင် ထုတ်ဝေသူ ဘက်ကလည်း ကတိပြုတာ ပါဖို့လိုပါတယ်။ ထုတ်ဝေ သူရဲ့အခွင့်အရေး၊ စာရေးဆရာရဲ့ အခွင့်အရေး သမာ သမတ် ဖြစ်သင့်ပါတယ်။ ဒါမှ စာချုပ်ဟာ မျှမျှတတ ချုပ်ထားတဲ့ စာချုပ်လို့ ဆိုနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် နှစ်ဘက် အပြန်အလှန်ထားရှိရမယ့် ကိုယ်ကျင့်တရား၊ သဘောထားခံယူချက်ဆိုတာလည်း ရှိသင့်တယ်လို့ ထင်ပါတယ်။

တစ်ဦး။ ။ဘယ်လိုမျိုးဆိုတာလည်း ပြောပြပေးစေချင်ပါတယ်။

ကျွန်ုပ်။ ။အစွမ်းအစရှိတဲ့ ကလောင်ရှင်တစ်ဦးကို တကယ် စင်တင်ပေးချင်တယ်ဆိုရင် စေတနာမှန်ဖို့လိုပါတယ်။ အချိန်တန်ရင် သူ့အတွက် လမ်းဖွင့်ပေးမယ်ဆိုတဲ့ ခံယူမှုမျိုး ထားရှိသင့်ပါတယ်။ ဒါမှမဟုတ် ကိုယ်ကပဲ ဆက်လက် ထိန်းထားမယ်ဆိုရင် အများနည်းတူမြင့်

http://www.cherrythitsar.org



တင်ပေးမယ်။ ချီးမြှင့်ပေးမယ်ဆိုတဲ့ ခံယူခွင့်မျိုးပေါ့လေ။

စာရေးဆရာဘက်ကလည်း ဖြစ်ထွန်းလာတဲ့ အရိပ်အောက်မှာ ဒီအရိပ်ရဲ့ကျေးဇူးတရားကို ဆပ်ခွင့်ရှိလို့ ဆပ်တယ်လို့လည်း ခံယူထားသင့်ပါတယ်။

ဒီလိုခံယူပြီး ဂုဏ်သိက္ခာရှိရှိ၊ အပြန်အလှန်လေးစားသမှုနဲ့ အလုပ်လုပ်ကြရင် စာပေနယ်ရဲ့ ဂုဏ်သိက္ခာလည်း တက်မှာဖြစ်သလို လုပ်ရတဲ့ အလုပ်လည်း ကျက်သရေရှိမှာ ဖြစ်ပါတယ်။

http://www.cherrythitsar.org

# အခန်း (၂၃)

## တိုက်ခန်းများ ပေါင်နှံသည်ဆိုသည့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

ကျွန်ုပ်။ ။ပျောက်ချက်သားကောင်းလှချည်လား ကန်ထရိုက်ကြီးရယ်၊ တိုက်တွေကြီး ဖိဖိဆောက်မနေနဲ့ဦး၊ တော်တော်ကြာ ကိုတိုက်ပိကြီး ဖြစ်နေပါဦးမယ်။

ကန်ထရိုက်။ ။ခင်ဗျားစကားမြားဦးက ကျုပ်ကို ရည်ရွယ်ပြီး ပစ်လိုက်သလိုပါပဲလား၊ တည့်တည့်ကြီးကို ထိတော့တာပါပဲဗျာ၊ တိုက်တော့ မပိသေးဘူး၊ ကြွေးတော့ ပိနေပြီလေ။ တိုက်တွေလည်း သိပ်မဆောက်နိုင်တော့ပါဘူး။ အလုပ်က သိပ်မကောင်းလို့ ရပ်ထားရတယ်။ ကဲ ထားပါလေ၊ လာရင်းကိစ္စပဲ ပြောပါရစေ။

ကျွန်ုပ်။ ။ပြောပါဗျာ၊ ပြောပါ။

ကန်ထရိုက်။ ။ကျောက်မြောင်းဘက်မှာ ကန်ထရိုက်တိုက်တစ်လုံး ဆောက်ထားတာရှိတယ်၊ အဲဒီတိုက်ရဲ့ မြေညီထပ်နဲ့ ပထမထပ်ကို မဆောက်ခင်ကတည်းက ကြိုပွိုင့်အနေနဲ့ လူတစ်ဦးကို လေးဆယ့်ငါးသိန်းနဲ့ ရောင်းထားတယ်၊ နှစ်ဆယ့်ငါးသိန်း ကြိုရထားပြီးပြီ ဆိုပါတော့ဗျာ၊ ကျပ်သိန်းနှစ်ဆယ်ကိုတော့ အခန်းအပ်တဲ့နေ့ ရောက်မှ

http://www.cherrythitsar.org



ရမှာ။ တကယ်လို့ တိုက်ခန်းတွေကို ကျုပ်က မအပ်နိုင်ရင် ကြိုတင်ရယူထားတဲ့ငွေရဲ့နှစ်ဆကို ပေးလျော်ရမယ်လို့လည်း သဘောတူစာချုပ်မှာ ပါတယ်။

ခင်ဗျားသိတဲ့အတိုင်း ခုချိန်မှာ မြေညီထပ်တစ်ထပ်တည်းတင် သိန်းလေးဆယ်လောက် အသာလေး ရောင်းလို့ရနေတာ၊ ဒီတော့ စာချုပ်ပါ စည်းကမ်းချက်အတိုင်း စရန်နှစ်ဆပေးလျော်ပြီး အရောင်းအဝယ်ကို ဖျက်လိုက်ချင်တယ်ဗျာ၊ ဒီကိစ္စဆောင်ရွက်ပေးဖို့ ခင်ဗျားကို အကူအညီ တောင်းရတာပဲ။

ကျွန်ုပ်။ ။ခင်ဗျားက လက်ရှိစာချုပ်ကို ဖျက်သိမ်းပြီး တိုက်ခန်းတွေကို ဈေးကောင်းပေးတဲ့သူကို ပြန်ရောင်းမယ်ဆိုတဲ့ သဘောလား။

ကန်ထရိုက်။ ။ဟုတ်တယ်လေ၊ ဒါမှ သိန်းသုံးဆယ်လောက် ထပ်ထွက်လာမှာ မဟုတ်လား။

ကျွန်ုပ်။ ။ဒါဆို လက်ရှိစာချုပ်ကို ဖျက်သိမ်းတာဟာ ဘယ်မှာလာပြီး သဘောရိုးဟုတ်ပါတော့မလဲ။ သဘောရိုးမဟုတ်ရင် ရာဇဝတ်မှု ဖြစ်နိုင်တယ်။

ကန်ထရိုက်။ ။ဘယ်လိုကြောင့် ကျုပ်က ရာဇဝတ်မှု ဖြစ်ရမှာလဲ။ သူ့အခန်းကို လက်ရောက်ရထားသေးတာမှ မဟုတ်တာ။ သူ့အခန်းကို ကျုပ်က အလွဲသုံးစား လုပ်တာလည်း မဟုတ်။ ပြီးတော့ မတရားလုပ်တာလည်း မဟုတ်။ စာချုပ်ပါအတိုင်း ကြိုတင်ရယူထားပြီးဖြစ်တဲ့ ငွေရဲ့နှစ်ဆကို ပေးလျော်မှာပဲဟာ’

ကျွန်ုပ်။ ။ကဲ၊ နားထောင်ဗျာ၊ ဥပဒေအပိုင်းကို ပြောပြမယ်။ ၁၉၉၄ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

http://www.cherrythitsar.org



အမှတ် ၁၁၈ ကို နိုင်ငံတော် တရားရုံးချုပ်က ကြားနာပြီးတဲ့နောက်မှာ ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ခင်ဗျားသိအောင် ပြောပြမယ်။ ဒီအမှုက အခု ခင်ဗျားလုပ်မယ့် လုပ်ရပ်နဲ့ တူနေလို့ပဲ။

ဒီအမှုမှာ ကန်ထရိုက်တာက တိုက်မဆောက်မီမှာပဲ တိုက်ခန်းကို ကြိုပွိုင့်အနေနဲ့ ငွေယူပြီး တိုက်ဆောက်တယ်။ ဝယ်သူလက်ဝယ်ကို တိုက်ခန်းမရောက်မီမှာပဲ တခြားပုဂ္ဂိုလ်တစ်ဦးကို ကန်ထရိုက်က ထပ်ရောင်းလိုက်တယ်။ သဘောတူစာချုပ်ထဲမှာ တိုက်ခန်းမပေးနိုင်ရင် တန်ဖိုးငွေနှစ်ဆ ပေးလျော်ဖို့ သဘောတူချက်ပါတယ်။ ဒါပေမယ့် ကန်ထရိုက်တာက ပေးလျော်ခြင်းမပြုခဲ့ဘူး။ ဒါ့ကြောင့် ကြိုပွိုင့်ပေးဝယ်ထားတဲ့သူက တန်ဖိုးငွေ နှစ်ဆ ရလိုတဲ့အကြောင်း ကန်ထရိုက်တာကို တရားမကြောင်းနဲ့ တရားစွဲတယ်။ တစ်ပြိုင်တည်းလိုလိုမှာပဲ ရာဇဝတ်ကြောင်းနဲ့လည်း တရားစွဲတယ်။

ကန်ထရိုက်တာဘက်ကထုချေတာက တရားမကြောင်းနဲ့ သူ့ကိုစွဲထားတဲ့အတွက် ပြစ်မှုမမြောက်ဘူးလို့ တင်ပြတယ်။ တရားရုံးက စာချုပ်ကို အခြေပြုပြီး တရားမမှုစွဲဆိုတာကြောင့် ပြစ်မှုမစွဲနိုင်ဘူးလို့ မရှိတဲ့အကြောင်း၊ ပြစ်မှုမြောက်တဲ့ အင်္ဂါရပ်တွေရှိရင် ပြစ်မှုကြောင်းအရ စွဲဆိုနိုင်တဲ့အကြောင်း၊ ကန်ထရိုက်တာတွေဟာ ငွေကြေးရရှိဖို့ ကြိုတင်ပြီး တိုက်ခန်းတွေကို ရောင်းချတဲ့ အလေ့အထရှိတဲ့အကြောင်း၊ အခန်းမဖြစ်ပေါ်သေးပေမယ့် ငွေကို ယူထားပြီး အခြား

http://www.cherrythitsar.org



သူကို ရောင်းတာ သဘောရိုး ရှိ မရှိ စစ်ဖို့ရှိကြောင်း ဆုံးဖြတ်ထားတယ်။

အခု ခင်ဗျားလုပ်မယ့် ကိစ္စရပ်ဟာ ရောင်းထားပြီးဖြစ်တဲ့ အခန်းကို နောက်ထပ် အကျိုးအမြတ် ထပ်ထွက်ဖို့ တစ်နည်းပြောရရင် ငွေပိုပေးမယ့်သူကို တိုက်ခန်းထပ်ရောင်းဖို့ စာချုပ်ကို ဖျက်သိမ်းခိုင်းတာ ဖြစ်တယ်။ ရည်ရွယ်ချက်က သဘောရိုးလို့ သတ်မှတ်ရ ခက်တယ်။ ဥပဒေသမားတစ်ယောက်အနေနဲ့ ဆွေးနွေး အကြံပေးရမယ်ဆိုရင်တော့ ဆက်မလုပ်ဖို့ အကြံပြု ချင်တာပါပဲ။

ရည်ညွှန်းစီရင်ထုံး။ ။ဦးကျော်ရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂၊ ၁၉၉၅၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားရုံးချုပ် စာ–၁။

# အခန်း (၂၄)

## ငွေချေးသည်ဆိုသည့်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

ကျွန်ုပ်။ ။မိတ်ဆွေကြီး ကိုချစ်တီးပါလား၊ မတွေ့တာ အတော် ကြာပြီနော်၊ ဝလို့ ဖြိုးလို့ ဝမ်းဗိုက်ကြီးတောင် ရွှဲလို့ ပါလား၊ ကျန်းမာရေးလည်း ဂရုစိုက်ဦးနော်'

ကိုချစ်တီး။ ။အခုလိုမျိုး သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ အရောက်အပေါက်နည်းသွားတာက အလုပ်တွေများ နေလို့ပါ။

ကျွန်ုပ်။ ။အလုပ်များနေတဲ့ကြားက ပေါက်ချလာတယ်ဆိုတော့ အရေးကိစ္စပေါ်ပြီနဲ့တူတယ်။

ကိုချစ်တီး။ ။ကိစ္စရှိမှ ပေါ်လာတယ်လို့ အပြစ်တင်ရင်လည်း ခံရ မှာပါ၊ တိုင်ပင်စရာရှိလို့ပါ။

ကျွန်ုပ်။ ။ကဲ ပြောဗျာ၊ ဘာများတိုင်ပင်ချင်လို့လဲ။

ကိုချစ်တီး။ ။ကျုပ် အရပ်ထဲမှာ ငွေတိုးပေးတယ်ဆိုတာ ခင်ဗျား သိမှာပါ၊ ငွေတိုးပေးတယ်ဆိုပေမယ့် ငွေပေးတဲ့အခါ တွေမှာ ကျုပ်က စာချုပ်နဲ့ သေသေချာချာပေးတာ၊ ဥပမာ– ကိုမြကို ငွေတစ်သောင်းချေးတယ် ဆိုပါတော့ ဗျာ၊ အတိုးက ၆ကျပ်တိုး ယူပါတယ်။ တစ်လ

http://www.cherrythitsar.org



၆၀၀ ကျပ်၊ သုံးလအတွက် ချေးတာဖြစ်လို့ အတိုး ၁၈၀၀ ကျပ် ကျပါတယ်။ ငွေပေးအပ်တဲ့အခါမှာ (ယုံကြည်အပ်နှံခြင်းစာချုပ်) လို့ ခေါင်းစဉ်တပ်ပြီး ဘယ်နေ့ ဘယ်ရက်က ငွေ ၁၁၈၀၀ ကျပ် (တစ်သောင်း တစ်ထောင် ရှစ်ရာကျပ်တိတိ) ကို ကိုမြကို ခေတ္တ အပ်နှံထားတယ်ဆိုတဲ့အကြောင်းပြန်မပေးရင် ရာဇဝတ် ကြောင်းအရ တရားစွဲဆိုခြင်းခံရမယ်ဆိုတာကို သိရှိ သဘောတူတဲ့အကြောင်း ရေးသားချက်အပေါ် ကိုမြ ကို လက်မှတ်ထိုးခိုင်းတယ်။ ကိုမြမှ မဟုတ်ပါဘူး။ ငွေချေးလာတဲ့သူတိုင်းကို ကျုပ်က ဒီအတိုင်းလုပ်ထား တာ သူတို့ကလည်း လိုလိုလားလား လက်မှတ်ထိုးပေး ကြတာချည်းပါပဲ။

ကျွန်ုပ်။ ။အခု ဘာများ ပြဿနာရှိလာလို့လဲ။

ကိုချစ်တီး။ ။ခုထိတော့ မရှိသေးပါဘူး၊ ဒါပေမယ့် ဒီလိုလုပ်ထား တာဟာ ဥပဒေအရ ခိုင်မာမှု ရှိ မရှိ၊ ငွေပြန်မပေး နိုင်ရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ ယုံကြည် အပ်နှံခြင်း ဖောက်ဖျက်မှုနဲ့ တရားစွဲလို့ ရ မရ သိချင် လို့ပါ။

ကျွန်ုပ်။ ။ခင်ဗျားမေးခွန်းက ကျုပ်ကို ချည်လာတဲ့ မေးခွန်း ကြီးပါလား။ ဒီလိုဆို ကျုပ်ကလည်း မေးခွန်းပြန်မေး ရတာပေါ့ဗျာ။ ငွေချေးတဲ့ကိစ္စမှာ ငွေချေးတယ်လို့ ဘာဖြစ်လို့ စာချုပ် မချုပ်တာလဲ။

ကိုချစ်တီး။ ။နံပါတ် (၁) အချက်က ကျုပ်မှာ ငွေချေးစားခွင့် လိုင်စင်မရှိဘူး။ နံပါတ် (၂) အချက်က ငွေချေးပြီး ပြန်မဆပ်ရင် မြီစားတွေကို တရားမကြောင်းနဲ့သာ

http://www.cherrythitsar.org



တရားစွဲဆိုနိုင်မှာ ဖြစ်တဲ့အတွက် ရာဇဝတ်ကြောင်း အရ တရားစွဲနိုင်အောင် အခုလိုမျိုးလုပ်ရတာပါ။ ဒါမှလည်း ငွေယူထားတဲ့သူတွေ ကြောက်ပြီး ပြန်ဆပ်ကြရအောင်လို့ပါ။

ကျွန်ုပ်။ ။ကောင်းပါပြီ။ ခင်ဗျားကို ကျွန်တော် မေးခွန်းဆက်မေးမယ်။ ငွေကို ဦးမြကို ဘာအတွက်ကြောင့်အပ်ရတာလဲ။ ခင်ဗျားငွေတွေကို ခင်ဗျားအိမ်မှာ ထားလို့မရဘူးလား။ ခင်ဗျားအိမ်ဟာ ငွေသိမ်းရလောက်အောင် လုံခြုံမှုမရှိဘူးလား။ ဒါမှမဟုတ် ဘဏ်တိုက်မှာ ငွေတွေ အပ်နှံထားရင်ကော မရနိုင်ဘူးလား။ ခင်ဗျား နေထိုင်တဲ့ အရပ်ဒေသဟာ ဘဏ်တိုက်မရှိတဲ့ အရပ်ဒေသမျိုးလား။

ကိုချစ်တီး။ ။ခင်ဗျားရဲ့ မေးခွန်းတွေက ကျုပ်ရဲ့ ယုံကြည်အပ်နှံခြင်း စာချုပ်ကို စိန်ခေါ်လာသလိုပါပဲလား။

ကျွန်ုပ်။ ။လူတစ်ယောက်က လူတစ်ယောက်ကို အကြောင်းမဲ့ သက်သက် ငွေအပ်တယ်ဆိုတာ ဖြစ်နိုင်သလား။ ဆွေမတော် မျိုးမတော်တဲ့သူထံ အကြောင်းမဲ့ငွေအပ်နှံ တယ်ဆိုတာကော ဖြစ်နိုင်သလား။ လူကို ယုံတာနဲ့ ငွေကို အပ်နှံလေ့ရှိသလား။ ဒီလို အပ်နှံရလောက် အောင် ခင်ဗျားမှာ ငွေတွေ ပေါများနေသလား၊ ပိုလျှံနေသလား။

ကိုချစ်တီး။ ။ခင်ဗျားရဲ့ မေးခွန်းတွေက ငွေတိုးချေးစားတဲ့ ကျုပ်ရဲ့ လုပ်ငန်းကို ထိုးနှက်လာသလိုပါပဲလား။

ကျွန်ုပ်။ ။ယုံကြည်အပ်နှံခြင်း ဖောက်ဖျက်မှုမြောက်ဖို့က ငွေ ရယူထားတဲ့သူဟာ မရိုးမဖြောင့်တဲ့သဘောနဲ့ အလွဲ

http://www.cherrythitsar.org



သုံးစားပြုမှ ပြစ်မှုမြောက်မှာပါ။ အခိုကပြောချင်တာက (ချေးငွေအဖြစ် ငွေကိုထုတ်ပေးလျှင် တရားခံအား ပစ္စည်းကို အပ်နှံခဲ့သည်ဟု ဆိုနိုင်သည် မဟုတ်၍ ပုဒ်မအရ အရေးမယူနိုင်) လို့ အဆုံးအဖြတ်ပြု လမ်းညွှန်မှု ပေးထားတဲ့ စီရင်ထုံးတစ်ခုရဲ့ ဆုံးဖြတ်ချက် ဥပဒေအကြောင်းကလေးကိုပဲ ကိုးကား အကြံပြုပါရစေဗျာ။

ရည်ညွှန်းစီရင်ထုံး

ဝေါယံဖိန်း နှင့် အစိုးရ

အတွဲ (၉၆)၊ အောက်မြန်မာပြည်စီရင်ထုံး၊ ၄၆။

# အခန်း (၂၅)

## လာဘ်ပေးလာဘ်ယူကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

မိတ်ဆွေ။ ။ဒီတစ်ခါ ဆရာ့ဆီလာတာ လာဘ်ပေးလာဘ်ယူ ကိစ္စ အကြောင်း သိချင်တာကလေးတွေ မေးချင်လို့ပါ ခင်ဗျာ။

ကျွန်ုပ်။ ။မေးပါဗျာ၊ မေးပါ။

မိတ်ဆွေ။ ။ပထမဦးဆုံး မေးချင်တာက လာဘ်ပေးလာဘ်ယူမှုဟာ တာဝန်ရှိဝန်ထမ်းတွေနဲ့ပဲ သက်ဆိုင်တာလား၊ အခြားပုဂ္ဂိုလ်တွေနဲ့ရော သက်ဆိုင်မှုရှိပါသလား ဆိုတာပါပဲ။

ကျွန်ုပ်။ ။ပိုပြီးပြည့်စုံအောင် တာဝန်ရှိဝန်ထမ်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေကို ပြောတာလည်းဆိုတာကစပြီး ပြောပါမယ်။ လာဘ်ပေးလာဘ်ယူမှုဟာ ပြည်သူ့ဝန်ထမ်းတွေ ကျူးလွန်တဲ့ ဒါမှမဟုတ် ပြည်သူ့ဝန်ထမ်းတွေနဲ့ သက်ဆိုင်တဲ့ ပြစ်မှုပြဋ္ဌာန်းချက်ပါ။

တာဝန်ရှိဝန်ထမ်းဆိုတာ ပြည်သူ့ဝန်ထမ်းကိုဆိုလိုတာပါ။ ပြည်သူ့ဝန်ထမ်းနဲ့ အစိုးရဝန်ထမ်း ကွာခြားမှုရှိပါတယ်။ ဒါပေမယ့် ပြည်သူ့ဝန်ထမ်းဆိုတဲ့ အထဲမှာ အစိုးရဝန်ထမ်းလည်း ပါဝင်ပါတယ်။ ဝန်ထမ်းအဖွဲ့အစည်းဆိုတာ နိုင်ငံတော်ရဲ့ကာကွယ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊

http://www.cherrythitsar.org



လူမှုရေး၊ တရားရေး၊ ဥပဒေပြုရေး၊ စာရင်းစစ်ဆေးရေး စတဲ့လုပ်ငန်းကိစ္စအဝဝအတွက် တာဝန် ထမ်းဆောင်ဖို့ ခန့်အပ်ထားတဲ့ ဝန်ထမ်းအဖွဲ့အစည်း ဝင်တွေကို ပြောတာပါ။

ပြည်သူ့ဝန်ထမ်းတွေ ကျူးလွန်တဲ့ ပြစ်မှုနဲ့ ပတ်သက်ပြီး ရာဇသတ်ကြီး ဥပဒေအခန်း (၉) မှာ ပြဋ္ဌာန်းထားတာရှိပေမယ့် တံစိုးလက်ဆောင်ပေးယူခြင်းနဲ့ အဂတိလိုက်စားခြင်းတွေကို တားမြစ်ဖို့အတွက် ပိုမိုထိရောက်တဲ့ ပြဋ္ဌာန်းချက်တွေပြုလုပ်ဖို့ လိုအပ်တာမို့ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့တာ ဖြစ်တယ်။ ရာဇသတ်ကြီး အခန်း (၉) မှာပြဋ္ဌာန်းထားတာတွေကတော့ ပြည်သူ့ဝန်ထမ်းကော၊ ပြည်သူ့ဝန်ထမ်းကို သွေးဆောင်သူတွေအတွက်ကော ပါရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် လာဘ်ပေးလာဘ်ယူမှုဟာ တာဝန်ရှိ ပြည်သူ့ဝန်ထမ်းတွေ အပါအဝင် အခြားပုဂ္ဂိုလ်တွေနဲ့ပါ သက်ဆိုင်မှုရှိတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

မိတ်ဆွေ။ ။လာဘ်ပေးတဲ့လူကို အရေးယူလို့ ရ မရ သိချင်ပါတယ်။

ကျွန်ုပ်။ ။လုပ်ငန်းကိစ္စရပ်တွေအပေါ် ပထမဦးဆုံး စဉ်းစားဖို့လိုပါလိမ့်မယ်။

၁။ လုပ်ဆောင်ရမယ့်ကိစ္စရပ်ဟာ နှစ်ဖက်နဲ့အထက် ပါဝင်မှုရှိပြီးတစ်ဖက်ဖက်ကို အသားပေးရမယ့်သဘော ပါဝင်ခြင်း။

၂။ လုပ်ဆောင်ရမယ့် ကိစ္စရပ်ဟာ မမှန်မကန်လုပ်ရပ်ဖြစ်ခြင်း (သို့မဟုတ်) ဥပဒေနဲ့ဆန့်ကျင်သောလုပ်ရပ်ဖြစ်ခြင်း။

၃။ လုပ်ငန်းလွယ်ကူချောမောစွာ ဖြစ်စေလိုခြင်း။

ငွေတောင်းတဲ့ပုဂ္ဂိုလ်ဟာ ပြည်သူ့ဝန်ထမ်းဖြစ်မယ်၊ တောင်းတဲ့ ကိစ္စရပ်ဟာလည်း စဉ် (၁) နဲ့ (၂) ပါ ကိစ္စရပ်တွေ

http://www.cherrythitsar.org



အတွက် လုပ်ဆောင်ပေးမယ်ဆိုပြီး တောင်းတာမျိုးလည်း ဖြစ်မယ်ဆိုရင် သူ့ကို အရေးယူလို့ရနေပါပြီ။ ဘာဖြစ်လို့လဲ ဆိုတော့ မရိုးမဖြောင့်တဲ့သဘော သက်ဝင်နေပြီဖြစ်လို့ပါပဲ။

မိတ်ဆွေ။ ။လုပ်ငန်းလွယ်ကူချောမောစွာ ဖြစ်စေလိုခြင်းဆိုတဲ့ ကိစ္စရပ်မျိုးကတော့ လာဘ်ပေးလာဘ်ယူ မဖြစ်ဘူးလို့ဆိုလိုပါသလား ခင်ဗျား။

ကျွန်ုပ်။ ။ဒီလိုလည်း ပုံသေမှတ်ယူလို့ မရပြန်ဘူး။ ကြိုးနီစနစ်ကို တမင်ပြုလုပ်ထားပြီး မြန်မြန်လိုချင်သလား။ ရက်ပိုင်းနဲ့ အချိန်တိုတိုအတွင်း လိုချင်သလား။ (အမြန်ကြေး)ဆိုပြီး တစ်ဖက်တစ်လမ်းက လမ်းပေါက်ဖွင့်ထားတတ်တာမျိုး လည်း ရှိပါတယ်။ အဲ တစ်ခုတော့ရှိတယ်။ အမြန်ကြေး သွင်းပြီး အမြန်ရယူနိုင်ဖို့ တရားဝင်ခွင့်ပြုထားတဲ့ ကိစ္စရပ်မျိုးတွေနဲ့တော့ အကျုံးမဝင်ဘူးပေါ့။ ဥပမာ– တရားရုံးအမိန့် တစ်စုံတစ်ရာကို သက်ဆိုင်သူတွေ တရားဝင် မိတ္တူရယူချင်ရင် အမြန်ကြေးငွေသွင်းပြီး မြန်မြန်ရယူနိုင်တဲ့ ကိစ္စရပ်မျိုးပေါ့။

လုပ်ထုံးလုပ်နည်းအရ တရားဝင် ခွင့်ပြုထားတာမျိုးလည်း မရှိဘူး။ ဘယ်လိုဟာမျိုးက ပထမဦးစားပေး၊ ဘယ်လိုဟာမျိုးက ဒုတိယဦးစားပေး စတဲ့ သတ်မှတ်ထားမှုတွေ မရှိပါဘဲနဲ့ တမင် လမ်းထွင်ပြီး လာဘ်ငွေတောင်းတာမျိုးကို မရိုးမဖြောင့်တဲ့သဘော မပါဝင်ဘူးလို့ ပြောရခက်ပါတယ်။

ဒါနဲ့ပတ်သက်တဲ့ မြန်မာနိုင်ငံစီရင်ထုံး ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်အယူခံအဖွဲ့၊ စာ–၈၉ စီရင်ထုံးပါ အတိုင်း ဖော်ပြပါမယ်။

http://www.cherrythitsar.org



(အယူခံတရားလို ဦးလှညွှန့်သည် နိုင်ငံတော်တရားရုံးချုပ်၊ ရာဇဝတ်အယူခံဘက်ဌာနတွင် စာရေးကြီးအဖြစ် အမှုထမ်းခဲ့သည်။ တရားရုံးချုပ်က စစ်ဆေးစီရင်ပြီးသော ရာဇဝတ် ပြင်ဆင်မှုတစ်ရပ်တွင် အမှုတွဲကို သက်ဆိုင်ရာ အောက်ရုံးသို့ ပြန်ပို့ရန်အတွက် တရားနိုင် ဒေါ်အေးမှင် ဆိုသူက ဦးလှညွှန့်ထံ ၁၉၆၃ ခု၊ စက်တင်ဘာလ ၁၁ ရက်နေ့က ချဉ်းကပ်ခဲ့သည်ဆို၏။ ဦးလှညွှန့်က လာဘ်ငွေ တောင်းသဖြင့် ဒေါ်အေးမှင်က ငွေ ၅ ကျပ် ပေးသည်ကို မယူ။ ၁၅ ကျပ် အထက် ပေးမှ ယူမည်ဆိုသဖြင့် ဒေါ်အေးမှင်က အထူးစုံစမ်းစစ်ဆေးရေးဌာနသို့ ထိုနေ့ တွင်ပင် သွားရောက်တိုင်တန်းခဲ့သည်။

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် မှတ်သားထားသော ငွေ ၁၅ ကျပ်ကို ဒေါ်အေးမှင်က ဦးလှညွှန့်၏ ရုံးခန်းသို့ သက်သေတစ်ဦးနှင့်အတူ ဝင်ရောက်ပေးသည်။ ဒေါ်အေးမှင်တို့ ပြန်ထွက်သွားသော အခါ ရဲအရာရှိက ဝင်ရောက်ရှာဖွေရာ ငွေကို ဦးလှညွှန့် စားပွဲပေါ်တွင် စာရွက်များနှင့် ယပ်တောင်အောက်၌ ထားရှိသည်ကို တွေ့ကြရသည်။

ဦးလှညွှန့်အား ရန်ကုန်ခရိုင် အထူးရာဇဝတ်ရုံး အမှတ် ၃ က ၁၉၆၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂ တွင် အဂတိလိုက်စားမှုဖြင့် စစ်ဆေး၍ ပြစ်မှုထင်ရှား တွေ့ရှိကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ကျခံ စေရန် အမိန့်ချမှတ်ထားသည်။ တရားရုံးချုပ်က ထောင် ဒဏ် ၃ နှစ်သို့ လျှော့ပေါ့ပေးခဲ့သည်။)

အခုပြောခဲ့တာတွေက တောင်းသူဘက်နဲ့ဆိုင်တဲ့ အပိုင်းကိုပါ။ ဆက်လက်ပြီး ပေးသူဘက်အပိုင်းကို တင်ပြ ပါ့မယ်။

http://www.cherrythitsar.org



ပေးရတဲ့အကြောင်း နှစ်မျိုးရှိနိုင်ပါတယ်။ ပထမ တစ်ချက်က တောင်းသူက တောင်းလို့ ပေးတာနဲ့ တောင်းသူက မတောင်းဘဲနဲ့ မိမိဆန္ဒနဲ့ ပေးတာတို့ပဲ ဖြစ်တယ်။

အထက် တင်ပြခဲ့တဲ့ စဉ် (၁) နဲ့ (၂) ပါ ကိစ္စရပ်တွေမှာ တောင်းသူက တောင်းတဲ့အတွက် ပေးသူက ပေးရတဲ့ကိစ္စမှာ ပေးသူဟာလည်း အပြစ်မကင်းဘူးလို့ ဆိုရပါမယ်။ အပြစ်မကင်းတာမှန်ပေမယ့် အရေးယူတဲ့အပိုင်းတွေမှာအမှုသဘာဝအရ တစ်ယောက်နဲ့တစ်ယောက် တစ်မှုနဲ့ တစ်မှု မတူနိုင်ဘူးလို့ ဆိုရပါမယ်။

၁၉၆၅–၇၀ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့ စီရင်ထုံး ၂၄၄ မှာ (လာဘ်ငွေ တောင်းသူက တောင်းသဖြင့် အတောင်းခံရသူက သက်ဆိုင်ရာကို သွားရောက်တိုင်တန်းလျှင်ကား ထိုတိုင်တန်းသူကို ကြံရာပါဟု မဆိုသာပြီ။ ဤအမှုမှာကဲ့သို့ ထောင်၍ဖမ်းခြင်းမျိုး၌ ပါဝင်ကြသော သက်သေများကိုလည်း ကြံရာပါများဟု သတ်မှတ်ခြင်း မပြုနိုင်ချေ။ မတရားလည်ဆယ်၍ တိုင်တန်းခြင်း၊ အမှုဆင်ခြင်းမျိုးကို အထူး သတိပြုရသော်လည်း လာဘ်ပေးလာဘ်ယူမှုများ၌ လာဘ်တောင်းခြင်းအမှန်ကို တိုင်ကြားခြင်းဖြစ်သည်ဟု ယုံကြည်ရလျှင် တာဝန်ရှိသော အဖွဲ့တို့က ထောင်၍ဖမ်းသော ပရိယာယ်ကို သုံးသည်မှလွဲ၍ လက်ပူးလက်ကြပ်မိရန် နည်းလမ်းရှာဖွေရန် ခဲယဉ်းပေသည်။ ထိုသို့ဆောင်ရွက်ကြသော တာဝန်ရှိသူများကသာလျှင် ဥပဒေစည်းကမ်းနှင့်အညီ အမှုမှန်ကန်စွာ လုပ်ကိုင်၍ မှန်သည့်အတိုင်း ရုံးတွင် ထွက်ဆိုရန် လိုပေသည်)လို့ ဆိုထားပါတယ်။

http://www.cherrythitsar.org



မိတ်ဆွေ။ ။တောင်းသူမရှိဘဲ မိမိဘာသာ လာဘ်ပေးတာမျိုး ဆိုရင်ကော ခင်ဗျား။

ကျွန်ုပ်။ ။စဉ် (၁) နဲ့ (၂) ကိစ္စရပ်မှာ မိမိဘာသာ လာဘ်ပေးတာကို တစ်ဖက်က မတောင်းပေမယ့် ပေးတာကိုယူရင် ယူသူကော ပေးသူကော အပြစ်ဖြစ်တာပါပဲ။ ယူသူဟာ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေအရ အရေးယူခြင်းခံရမှာဖြစ်ပြီး ငွေပေးသူကတော့ အားပေးကူညီသူ ကြံရာပါအဖြစ် ထည့်သွင်း အရေးယူခြင်းခံရဖို့ရှိတယ်။

တကယ်လို့ ပေးသူကပေးပေမယ့် ယူသူက မယူဘူးဆိုရင်တော့ ပေးသူကို တာဝန်ဝတ္တရားနှောင့်ယှက်မှုစတဲ့ ပြစ်မှုတစ်စုံတစ်ရာအရ အရေးယူမှာ ဖြစ်တယ်။

မိတ်ဆွေ။ ။အစဉ် (၃) ကိစ္စရပ်မှာကော ပေးသူအနေနဲ့ အပြစ်မရှိနိုင်ဘူးလား ခင်ဗျား။

ကျွန်ုပ်။ ။အစဉ် (၃) ကိစ္စရပ်မှာ ပေးသူအနေနဲ့ အပြစ်မဖြစ်နိုင်ဘူးလို့ ဆိုချင်ပါတယ်။ ပေးကမ်းခြင်းဖြင့် အောင်မြင်ရာ၏လို့ ဆိုရိုးတောင် ရှိသေးတယ် မဟုတ်လား။

မိတ်ဆွေ။ ။တောင်းသူလည်း မဟုတ်၊ ပေးသူလည်း မဟုတ်တဲ့ ကြားလူဆိုတာကော လာဘ်ပေးလာဘ်ယူကိစ္စမှာ ရှိနိုင်ပါသေးသလား။

ကျွန်ုပ်။ ။သိပ်ရှိပါတယ်။ တောင်းတဲ့သူနဲ့ ပေးတဲ့သူ ကြားမှာ ပွဲစား ဆန်ဆန်လုပ်တဲ့ လူမျိုးတွေလည်း ပါဝင် ပါသေးတယ်။

ဒါက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၆၂–၁၆၃ ပါ အချက်တွေနဲ့ ဆိုင်ပါတယ်။ ဒီပုဂ္ဂိုလ်ကို ငါ ပိုင်တယ်၊ ငါပြောပေးရင်ရတယ်၊ ဘယ်လောက်ပေးရမယ်ဆိုပြီး

http://www.cherrythitsar.org



သွေးဆောင်ပြောတာမျိုး၊ ပေးသူထံက ငွေရယူတာမျိုးတွေ အကျုံးဝင်တယ်။

နောက်တစ်မျိုးက ဒီကောင်ကိုငါနိုင်တယ်၊ ဖြစ်စေရမယ်ဆိုပြီး ငွေပေးသူထံက ငွေရယူလိုက်တယ်။ တကယ်လည်း သူဟာ တာဝန်ရှိသူကို နိုင်လည်း နိုင်တယ်၊ ပိုင်လည်း ပိုင်တယ်။ အဲ့ဒီအတွက် နိုင်ကွက်ပိုင်ကွက်ကိုင်ပြီး မဖြစ်ဖြစ်အောင် ငွေပေးသူအလိုကျ တာဝန်ရှိသူကို လုပ်ခိုင်းတယ်။ ငွေယူတော့ သူကယူတယ်။ အဲ့ဒါမျိုးတွေလည်း အကျုံးဝင်တယ်။ ဒါက တောင်းသူပေးသူမဟုတ်တဲ့ ကြားလူနဲ့ဆိုင်တဲ့ လုပ်ရပ်မျိုးပါပဲ။

မိတ်ဆွေ။ ။လာဘ်ထိုးတာနဲ့ လက်ဆောင်ပေးတာ ဘယ်လိုကွာခြားမှု ရှိပါသလဲ။

ကျွန်ုပ်။ ။လက်ဆောင်ပေးတယ်လို့ပဲ ပြောပြော၊ သိတတ်လို့ကန်တော့တာလို့ပဲပြောပြော အစဉ် (၁) နဲ့ (၂) ပါ ကိစ္စရပ်အတွက် ပေးတာမှန်သမျှ လာဘ်လာဘလို့ပဲ ခေါ်ရမှာပါပဲ။ အဲ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ဘာကတိကဝတ်မှ မထားရှိဘဲ လုပ်ငန်းရပ်ကိစ္စ ပြီးဆုံး အထမြောက်ပြီးမှ သွားပေးတာမျိုးကိုတော့ လက်ဆောင်ပေးတာ သိတတ်လို့ ကန်တော့တာလို့ ပြောနိုင်မလားဘဲ။ ကဲ ကျုပ်ပြောတာ သဘောတူရဲ့လား။

မိတ်ဆွေ။ ။သဘောတူပါတယ် ခင်ဗျား။ ကျေးဇူးလည်း တင်ပါတယ်။

**ကိုးကားအမှု**

(၁) ၁၉၆၆၊ အထူးရာဇဝတ် အယူခံအဖွဲ့၊ စာ–၈၉၊

(၂) ၁၉၆၅–၇၀၊ အထူးရာဇဝတ်တော်ရုံး အယူခံအဖွဲ့၊ စာ–၂၄၄၊

# အခန်း (၂၆)

## ဆင်တူယိုးမှား ကုန်အမှတ်တံဆိပ်ကိစ္စ သိကောင်းစရာ ဆွေးနွေးချက်များ

တစ်ဦး။ ။ဈေးကွက်ထဲမှာ ကုန်ပစ္စည်းထုတ်လုပ်မှုနဲ့ပတ်သက်ပြီး ဆင်တူယိုးမှား ကုန်အမှတ်တံဆိပ် တုပပြုလုပ်ရောင်းချ လျက်ရှိရာ ဥပဒေအရ အရေးယူတားမြစ်ခွင့် ရှိ၊ မရှိသိချင် ပါတယ်။ အမှုတရားတစ်ဘောင်စွဲဆိုတာ ရှိ၊ မရှိလည်း သိချင်ပါတယ်။

ကျွန်ုပ်။ ။လတ်တလော နောက်ဆုံးဖြစ်ပွားခဲ့တဲ့ 'တောင်ကြီး မောက်မယ်' ကုန်အမှတ်တံဆိပ်နဲ့ 'ရှမ်းမောင်မယ်' ကုန် အမှတ်တံဆိပ်ကိစ္စကို ဗဟုသုတအဖြစ် ပြောပြပါ့မယ်။ ဒီကိစ္စဟာ မြန်မာနိုင်ငံ တရားစီရင်ထုံးထဲမှာ ဖော်ပြခြင်း ခံရတဲ့ အမှုဖြစ်တဲ့အတွက် အများသူငှာသိသင့်တယ်လို့ ယူဆပါတယ်။ ဖြစ်ပုံက ၁၉၉၉ ခုနှစ်က ရန်ကုန်တိုင်း၊ တရားရုံးမှာ အသားနုချော အထူးဆေးသနပ်ခါး ထုတ်လုပ် ရောင်းချနေတဲ့ **'တောင်ကြီးမောက်မယ်'** လုပ်ငန်းရှင်တွေက မှတ်ပုံတင် ကုန်အမှတ်အသားနဲ့ ထပ်တူယိုးမှား **'ရှမ်း မောင်မယ်'** ကုန်အမှတ်တံဆိပ် အမှတ်အသားနဲ့ အထူး

http://www.cherrythitsar.org



အသားချောဆေးသနပ်ခါး ထုတ်လုပ်ရောင်းချလာတဲ့ အကြောင်း အဆိုပြုပြီး 'ရှမ်းမောင်မယ်' ကုန်အမှတ်တံဆိပ် အမှတ်အသားကို ဆက်လက် သုံးစွဲခြင်းမပြုဖို့ ထာဝရ ဝရမ်းထုတ်ပေးစေလိုမှုနဲ့ တရားမကြီးမှုစွဲပါတယ်။ အမှုစွဲဆိုနေစဉ် အတောအတွင်းမှာပဲ 'ရှမ်းမောင်မယ်' ကုန်အမှတ်တံဆိပ်နဲ့ ထုတ်လုပ်နေမှုကို ယာယီတားမြစ် ပေးဖို့ ဝရမ်းလျှောက်တာကို မူလရုံးက ခွင့်ပြုခဲ့ပါတယ်။ ဒီလို ခွင့်ပြုတာကို တစ်ဖက်က ကျေနပ်မှုမရှိတဲ့အတွက် နိုင်ငံတော် တရားရုံးချုပ်ကို အယူခံတက်ရောက်တဲ့အခါ မှာလည်း အမှု အပယ်ခံရပါတယ်။

အပယ်ခံရတာကိုပဲ မကျေနပ်ပြန်တဲ့အတွက် အထူး ခုံရုံးမှာ အထူးအယူခံဝင်ခွင့်လျှောက်ထားရာမှာ အယူခံ ဝင်ခွင့် ရခဲ့ပါတယ်။ အထူးခုံရုံးက ဥပဒေ ပြဿနာတွေကို ကြားနာနိုင်ဖို့ ကောက်ချက် (၃) ခု ထုတ်ပေးခဲ့ပါတယ်။

( ၁ ) ကုန်အမှတ်တံဆိပ် သုံးစွဲခြင်းကို ထာဝရ တားမြစ်မိန့် ထုတ်ပေးစေလိုမှု စွဲဆိုသောအမှုမျိုးတွင် ယာယီတားမြစ်မိန့် ထုတ်ရန် ငြင်းပယ်ခြင်းသည် ဥပဒေအရ မှန်ကန်မှုရှိ မရှိ။

( ၂ ) ကုန်အမှတ်တံဆိပ်သုံးစွဲခြင်းကို ထာဝရ တားမြစ်မိန့်ထုတ် ပေးစေလိုမှုဖြင့် စွဲဆိုသော အမှုမျိုးတွင် ယာယီတားမြစ်မိန့် ထုတ်ပေးခြင်းသည် ထာဝရတားမြစ်မိန့်လျှောက်ထား သော အမှုနှင့်စပ်လျဉ်း၍ ကြိုတင် ဆုံးဖြတ်ရာ ရောက်၊ မရောက်။

( ၃ ) ထာဝရတားမြစ်မိန့် လျှောက်ထားသည့် ကုန်အမှတ်တံဆိပ် ဖြင့် ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချမှုကို ယာယီတားမြစ် သည့် အမိန့်မထုတ်သင့်ဘဲထားပါ။ အလားတူ ကုန်ပစ္စည်း

http://www.cherrythitsar.org



ထုတ်လုပ်မှုကြောင့် ကုန်တံဆိပ် မူပိုင်ခွင့်ရသူ ပထမလူ တွင် ကုစားမရလောက်အောင် နစ်နာဆုံးရှုံးမှုဖြစ်ရန် အကြောင်းရှိ၊ မရှိတို့ဘဲ ဖြစ်ပါတယ်။

တစ်ဦး။ ။အဲဒီအချက်တွေနဲ့စပ်လျဉ်းပြီး ဘယ်လို သုံးသပ်အဆုံး အဖြတ် ပေးခဲ့တယ်ဆိုတာ သိချင်ပါတယ်။

ကျွန်ုပ်။ ။အမှုမှာ ဟိုဘက်၊ ဒီဘက် ကိုးကား လျှောက်လဲတင်ပြ တာတွေကတော့ အများကြီးပေါ့ဗျာ။ ဒါတွေကိုတော့ ပြောမနေတော့ပါဘူး။ စုံညီခုံရုံးက ဒီကောက်ချက်တွေ အပေါ် သုံးသပ်ပြပုံနဲ့ ဆုံးဖြတ်ပုံကိုပဲ အဓိကထားတင်ပြ ပါ့မယ်။

တရားလိုတို့က တရားစွဲရင်တာ တရားလိုတို့ အသုံးပြုတဲ့ ဂျပ်ဘူးပါ ကုန်အမှတ်တံဆိပ် ဆေးညွှန်းစာ ရွက်၊ ဆေးသနပ်ခါးထည့်တဲ့ဘူးတို့ကိုပါ တုပပြီး ဆင်တူ ယိုးမှား ပြုလုပ်ရောင်းချတယ်လို့ အဆိုပြုပြီး တရားလို အသုံးပြုတဲ့ ပစ္စည်းတွေနဲ့ တရားပြိုင်အသုံးပြုတဲ့ ပစ္စည်း တို့ကို နှိုင်းယှဉ်တင်ပြထားတာမို့ တရားလို စွဲဆိုတဲ့အမှု ဟာ အခြေအမြစ်ရှိတာပေါ်လွင်တယ်။ အတုပြုလုပ်တယ် ဆိုတဲ့ နေရာမှာ အရာဝတ္ထုနဲ့ ပုံသဏ္ဍာန် ထပ်တူထပ်မျှ တူဖို့မလို။ မှားလောက်အောင် ဆင်တူယိုးမှားဖြစ်ရင် လုံလောက် အကျုံးဝင်တယ်လို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈ မှာ ပြဋ္ဌာန်းထားတဲ့အချက်ကို ထောက်ပြပါတယ်။

တုပမှုဖြစ်စေဖို့အတွက် တံဆိပ်အစစ်နဲ့ အတုဟာ အသေးစိတ် အချက်အလက်အားလုံး ထပ်တူ တူညီဖို့မလို။ တံဆိပ်နှစ်ခု တူနေတာဟာ အချင်းဖြစ်ပစ္စည်းတွေကို ရောင်းချရာမှာ ရည်စူးတဲ့ လူအများကို လှည့်ဖျားဖို့စီမံ

http://www.cherrythitsar.org



ပြုလုပ်ထားတာလို့ သဘောရရင် တုပမှုဖြစ်ဖို့ ဥပဒေအရ လုံလောက်တဲ့အကြောင်း ယခင် ထုံးဖွဲ့ထားတဲ့ ဂေါ်ရွမ်းဆွတ်နဲ့ အီးစီမဒါးဘရားသားစ်အမှုကို ရည်ညွှန်းပြပါတယ်။

တစ်ခါ ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာမှာ ကုန်အမှတ်တံဆိပ်အချင်းချင်း ထပ်တူထပ်မျှ တူညီဖို့မလို။ အမှတ်တံဆိပ် နှစ်ခုကိုယှဉ်ပြီးကြည့်ရင် အနည်းငယ်ကွဲပြားချက်တွေ ရှိပေမဲ့ တစ်ခုနဲ့တစ်ခု ဆင်တူယိုးမှားဖြစ်လောက်အောင်ဆင်တူမှုရှိရင် အတုပြုလုပ်မှုမြောက်တယ်လို့ဆုံးဖြတ်ထားဖူးတဲ့ ဦးမောင်မောင် (ခ) အလီဘိုင်နဲ့ ဒေါ်ခင်သန်းမြင့်အမှုကိုလည်း ရည်ညွှန်းထောက်ပြခဲ့ပါတယ်။

တရားပြိုင်ဟာ တရားလိုတို့ ထုတ်လုပ်ရောင်းချတဲ့ ဆေးသနပ်ခါးမျိုးတူ သနပ်ခါးတွေကို တရားလိုတို့သုံးစွဲတဲ့ ကုန်အမှတ်တံဆိပ်နဲ့ ထပ်တူယိုးမှားဖြစ်တဲ့ ကုန်အမှတ်တံဆိပ်နဲ့ ထုတ်လုပ်ရောင်းချမယ်ဆိုရင် တရားလိုတို့မှာ နစ်နာဆုံးရှုံးမှုဖြစ်မှာ မြင်သာတဲ့အချက် ဖြစ်တယ်လို့ သုံးသပ်ပါတယ်။

ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်တာကြောင့် စွဲဆိုတဲ့အမှု အတောအတွင်း ယာယီအားဖြင့် အမိန့်ကို လျှောက်ထားသူကို ထုတ်ပေးခြင်းကြောင့်လည်းကောင်း အတွက် နစ်နာဆုံးရှုံးမှုဟာ ငွေကြေးဖြင့် တွက်ချက်လျော်ကြေးပေးဖို့ မဖြစ်နိုင်တဲ့ နစ်နာမှုမျိုးဖြစ်စေနိုင်တယ်။ ယာယီ တားမြစ်မိန့်ထုတ်ပေးမှသာ တရားမျှတမှုရှိနိုင်မှာဖြစ်တယ်။ ဒါကြောင့် တရားပြိုင်ကို ဆင်တူယိုးမှားဖြစ်တဲ့ ကုန်အမှတ်တံဆိပ်ကို အသုံးပြုခြင်းမှ တားဆီးဖို့ အရေးတကြီး လိုအပ်တယ်လို့ သုံးသပ်ပြီး ကောက်ချက်(၁)ကို

http://www.cherrythitsar.org



မှန်ကန်မှုမရှိကြောင်း၊ ကောက်ချက် (၂) နဲ့ စပ်လျဉ်းပြီး ထာဝရ တားမြစ်မိန့်ထုတ်ပေးဖို့ လျှောက်ထားမှုဟာ ကြိုတင် ဆုံးဖြတ်ရာမရောက်ကြောင်း၊ ကောက်ချက်(၃) နဲ့ ပတ်သက်ပြီး ယာယီတားမြစ်တဲ့ အမိန့် မထုတ်သင့်ဘဲ ထားပါက အလားတူ ကုန်ပစ္စည်းထုတ်လုပ်မှုကြောင့် ကုန်တံဆိပ်မူပိုင်ခွင့်ရသူ ပထမလူတွင် ကုစားမရလောက် အောင် နစ်နာဆုံးရှုံးမှုဖြစ်ဖို့ အကြောင်းရှိတဲ့အကြောင်း အဆုံးအဖြတ်ပြု ဖြေကြားခဲ့တာကို ဥပဒေ ဗဟုသုတ အဖြစ် တင်ပြလိုက်ရပါတယ်။

**ကိုးကားအမှုများ**


(၁) ဦးတင်လတ်(ခ)ဦးစိုးလတ် ပါ (၂) နှင့် ဦးကျော်ငြိမ်း ၂၀၀၁ ခုနှစ်၊ မတစ၊ အထူးအယူခံမှု၊ စာ ၂၁၆

(၂) ဂေါ်ရွှမ်းဘွတ်နှင့် အီးစီမဒါးဘရားသားစ်အမှု ၁၉၅၂၊ မတစ (လွှတ်တော်)၊ စာ ၁၃၆

(၃) ဦးမောင်မောင် (ခ) အလီဘိုင်နှင့် ဒေါ်ခင်သန်းမြင့် ၁၉၅၇၊ မတစ၊ စာ ၇၂

http://www.cherrythitsar.org

# ဦးကျော်ဝေ၏
# အတိုင်ပင်ခံရှေ့နေ – ၂

